BURMESE CLASSIC .com

(၁)

လင်းဝင်းကို တစ်နေ့တစ်နေ့ ဘာလုပ်နေသလဲဟု မေးသူ များကြသည်။ ဆိုင်ထွက်နေသည်ဟု ဖြေဖြစ်သည်။ သို့သော် ဆိုင်မထွက်သော နေ့များလည်း ရှိသည်။ သူ မသွား၍ ဆိုင်မထွက်ဖြစ်ခြင်းဖြစ်သည်။ ဆိုင်ကတော့ သူ့ဘာသာ သွားထွက်ချင်၍ ရသည်မဟုတ်။

ဆိုင်မထွက်သည့်နေ့တွေမှာ လင်းဝင်း ဘာလုပ်သလဲ။ လူတကာနှင့်တွေ့ပြီး လေပေါ်နေသည်။

ဗာဒံပင်ရိပ်အောက်မှ လက်ဖက်ရည်ဆိုင်မှာ သူ့ ငယ်ပေါင်း မဟုတ်သော ကြီးဖော်တွေရှိသည်။

''လင်းဝင်း၊ ဒီနေ့ ဆိုင်မထွက်ဘူးလား''

''မထွက်ဘူးဗျာ...။ ခင်ဗျား ဘာလုပ်ချင်လဲ''

''ဟင်...မင်းဟာကလည်း ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းပါပဲလား။ လာလေကွာ...လက်ဖက်ရည်သောက်ဦး''

''ခင်ဗျားတို့ မခေါ်လည်း ကိုယ့်ဘာသာ သောက်မလို့ပါ။ ဒါပေမဲ့ အားနာမှုအရ လာသောက်ပေးပါ့မယ်။ အမှန်တော့ ခင်ဗျားတို့လို အကျိုးမရှိတဲ့အလုပ် လုပ်နေသူတွေနဲ့ ကျုပ်က တွဲမသောက်ချင်ဘူး''

www.burmeseclassic.com

BURMESE CLASSIC .com

"ဘာ…"

"ဘာ…ကွ"

ဆိုင်ထဲမှာ လင်းဝင်းကို လက်ဖက်ရည်သောက်ခေါ်မိသူနှစ်ယောက် အောင့်သက်သက် ဖြစ်သွားကြသည်။ လင်းဝင်းကတော့ အေးအေးဆေးဆေးပင် သူတို့ဝိုင်းမှာ ဝင်ထိုင်လျက် လက်ဖက်ရည်ကြမ်းတစ်ခွက်ကို ပူပူလောင်လောင် မှုတ်သောက်ပြီးမှ အေးအေးဆေးဆေးနိုင်သော စကားကို ဆိုလေသည်။

"ကျုပ်ပြောတာ မဟုတ်ဘူးလား"

"ဘာ…ဟုတ်ရမှာလဲ"

"ခင်ဗျားတို့နှစ်ယောက်မှာ တစ်ယောက်က ဆိုက်ကားဆရာ"

"အဲဒါ ဘာဖြစ်လဲ"

"နောက်တစ်ယောက်က အုန်းပင်တက်ရှင်းတဲ့လူ"

"ဒါ…သမ္မာအာဇီဝပဲကွ"

"အေးလေ…။ အဲဒါကြောင့် ကျုပ်က အကျိုးမရှိတဲ့အလုပ်လို့ ပြောတာပေါ့"

"ဟင်…ဒါတော့ မင်းက သက်သက်စော်ကားတာပဲ"

"ကျုပ်ပြောတာက မဟုတ်လို့လား။ ကျိုးနေတဲ့လူက ဆိုက်ကားနင်းလို့ ရမလား။ အုန်းပင်တက်ရှင်းလို့ ရမလား။ အဲဒါ…ခင်ဗျားတို့ အလုပ်က အကျိုးမရှိတဲ့ အလုပ်ပေါ့"

မွဲခြောက်ခြောက်လူနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။ မျက်လုံးချင်းဆုံတော့ ရယ်မောကုန်သည်။ တစ်ယောက်က…

"တော်ပြီကွာ…။ မင်းကိုလည်း ငါတို့ စကားနိုင်အောင် မပြောနိုင်ပါဘူး။ ကဲ…ကဲ…လက်ဖက်ရည်သောက်မှာသာ သောက်ပါတော့။ မင်းက ဆိုင်မထွက်ပေမယ့် ငါတို့က အလုပ်ဆင်းရဦးမှာ။ မင်းနဲ့ စကားပြောနေရင် ဆုံးမှာ မဟုတ်တော့ဘူး။ ဂျာအေးကို သူ့အမေရိုက်သလို ဖြစ်နေမယ်"





လင်းဝင်းက လက်ဖက်ရည်ခွက်ကို မော့သောက်ရာမှ ပြန်ချလိုက်ပြီး…

"အေး…အဲဒါလည်း ခင်ဗျားတို့ကို မေးရဦးမယ်"

"လုပ်ပြန်ပြီ"

"ဂျာအေးက ယောက်ျားလား…၊ မိန်းမလား…"

"ကိုလူပျို ထရံပေါက်က ခြေထောက်ကို ဆွဲတယ်ဆိုတော့… မိန်းမ အပျိုလေးပေါ့ကွ"

"အင်း…ဟုတ်ပြီ။ ဂျာအေးကို သူ့အမေက ဘာကြောင့်ရိုက်ရတာလဲ"

"ဟာကွာ…"

"သူရိုက်လို့ မှောင်မိုက်မှာ သွားငိုရင်း ကိုလူပျိုက ခြေထောက်ဆွဲတာကို ခံရတာ။ ကိုလူပျိုကလည်း ဘာလို့ ခြေထောက်ကိုမှ သွားဆွဲရတာလဲ။ တွဲလွဲကြီးတောင် ဖြစ်လို့"

အကျိုးမရှိသောအလုပ်ကို လုပ်သူနှစ်ယောက် သူ့စကားလေကြောမှာ မိသွားသည်။ တစ်ယောက်က တုံ့ပြန်စကားကိုပင် ဆိုသည်။ အကျိုးမရှိသောစကား ဟုတ်…မဟုတ်တော့ မသိ။

"အေး…။ တွဲလွဲရယ်နေပါဦးဆိုတာနဲ့ မိုးတောင်က ဘာလို့ချုန်းရတာလဲ"

နောက်တစ်ယောက်ကလည်း…

"အင်း…။ မန့်လုံးကိုစက္ကူကပ်ပြီးဆိုပါတော့။ ကြာကလပ်မှာ ဆွမ်းတော်တင်တော့ ပလ္လင်ပေါ်က မျောက်ကလေး ဆင်းပြေးတယ်…။ ကောင်းတာပေါ့။ ဘယ်နှယ့် မျောက်က ပလ္လင်ပေါ် တက်နေရတယ်လို့"

လင်းဝင်းက…

"အဲဒီမှာ ဂျာအေးက ပြန်ဝင်လာပြီလေ…။ သူ့အမေရိုက်လို့ မှောင်မိုက်မှာ ငိုရပြန်ပြီတဲ့။ ဂျာအေးကို သူ့အမေက ဘာကြောင့် ရိုက်ရတာလဲ"

အကျိုးမရှိသောအလုပ်ကို လုပ်သူ ဖိလော်ဆော်ဖာနှစ်ယောက်က

www.burmeseclassic.com

BURMESE CLASSIC .com

လည်း အကျိုးမရှိစွာ…

"အေး…ဟုတ်တယ်ကွ။ ဂျာအေးကို သူ့အမေက ဘာကြောင့်ရိုက်ရတာလဲ"

လင်းဝင်းက ငါးစင်ရိုင်းပြုံး ပြုံးရင်း ထိုင်ရာမှထလျက်…

"အေးဗျာ…ခင်ဗျားတို့ပဲ စဉ်းစားကြည့်ကြပါဦး။ ကျွန်တော်ဟိုဖက်နား ခဏသွားလိုက်ဦးမယ်"

ကျန်ခဲ့သူနှစ်ယောက်က အကြီးအကျယ်စဉ်းစားဆဲ…

"ငါ့အမြင်ကို ပြောရရင်…"

"ငါ့အထင်ကတော့…"

ထိုအချိန်မှာ လင်းဝင်း တစ်ခြားတစ်နေရာမှာ သွားမွှေနေပြန်ပြီဖြစ်သည်။

"အမေကြည်…အမေကြည်"

"ဟေ…"

ထို ဟေတစ်လုံးထွက်လာဖို့ အမေကြည် ဆယ်လုံးလောက်ရင်းလိုက်ရခြင်းဖြစ်သည်။

"ဟဲ့…လင်းဝင်း၊ နင် ဆိုင်မထွက်ဘူးလား"

"မထွက်ဘူး"

အသက်၆၀ရှိပြီဖြစ်သော အမေကြည်ကလည်း ခေတ်မီသည်။ နားကြပ်ကက်ဆက်ကလေးကို နားမှဖြုတ်ပြီး သူ့ရှေ့သို့ရောက်လာခြင်းဖြစ်သည်။

"အိမ်ထဲ ဝင်ဦးလေ"

"မဝင်တော့ဘူး။ အမေကြည့်မီးဖိုက မီးခိုးတွေ အရမ်းထွက်နေလို့လာသတိပေးတာ"

"သြော်…အေး…။ ဘာမှမဖြစ်ပါဘူးဟဲ့။ မီတာခချွေတာတဲ့သဘောနဲ့ မီးသွေးမီးဖို ပြန်ပြောင်းသုံးနေတာ။ ခုမှ မီးမွှေးခါစမို့ မီးခိုးတွေ ထွက်နေတာ…။ ဘာမှမဖြစ်ပါဘူး"

"ဘာမှမဖြစ်ပါဘူး မလုပ်နဲ့ အမေကြည်။ ပြဿနာတက်ရင်





အမေကြည် ထိန်းနိုင်မှာ မဟုတ်ဘူး"

"ဟဲ့…ဘာမထိန်းနိုင်ရမှာလဲ"

"မီးခိုးတွေ ဒီလောက်ထွက်နေတာတွေ့ရင် တော်ကြာ ကာရာအိုကေ ဝင်ဆိုနေကြဦးမယ်"

"ဟေ…အဲဒီလိုတွေ လုပ်တတ်ကြလို့လား"

"လုပ်တာပေါ့။ အဲဒါဆို အမေကြည်ပါ ရောဝင်ကနေရဦးမယ်"

"ဟဲ့ ပလုတ်တုတ်"

အမေကြည်က ကပျာကရာ မီးခိုးခန်းဖက်သို့ လှည့်အော်သည်။

"လေးယဉ်။ ဟဲ့…လေးယဉ်"

"ရှင်"

မီးညှပ်ကြီးကိုင်လျက် အမေကြည့်သမီးဖြစ်သူ မမလေးယဉ် ထွက်လာသည်။

"နင် မီးခိုးတွေကို မြန်မြန်လက်စတုံးစမ်း"

"ပြီးတော့မှာပါ အမေရဲ့"

မမလေးယဉ်ကိုတွေ့မှ လင်းဝင်းက တစ်စုံတစ်ရာ သတိရလိုက်သလို ဘောင်းဘီအိတ်ထဲ လက်နှိုက်ပြီး…

"ရော့…ရော့ မမလေးယဉ်"

"ဘာလဲ"

"မြေပဲယို"

"ဘယ်သူပေးတာလဲ"

"ကျွန်တော်ပေးတာပေါ့။ နှယ်နှယ်ရရမြေပဲယို မဟုတ်ဘူး"

"ဘယ်လိုမြေပဲယိုမို့လဲ"

"လန်ဒန်ကလာတဲ့ မြေပဲယို။ မမလေးယဉ်အတွက် ယူလာတာ"

"အေး…အေး…ကျေးဇူးပါပဲကွယ်"

မမလေးယဉ်က မြေပဲယိုကို (အလကားရသဖြင့်) မျက်ခုံးပင့်မကြည့်တော့ဘဲ လက်ခံယူထားလိုက်သည်။ ကျေးဇူးအတင်မခံလိုသော လင်းဝင်းက…

www.burmeseclassic.com

BURMESE CLASSIC .com

''ကဲ...ကျွန်တော်သွားလိုက်ဦးမယ်''

''ကောင်းပါပြီကွယ်...ကောင်းပါပြီ''

လင်းဝင်းထွက်သွားပြီးတော့မှ အမေကြီးက...

''လေးယဉ်''

''ရှင်''

''နင်ဟာလေ ဒါကြောင့်ကို လင်မရတာ''

''အာ...အမေကလဲ''

လေးယဉ်က ရှက်ကိုးရှက်ကန်းအမူအရာကို တတ်သည့်မှတ်သည် လုပ်ပြပြီး...

''ဘာလဲ...။ လင်းဝင်းကို အိမ်ထဲခေါ်သွင်းပြီး စကားလက်ခံမပြော လို့လား။ ကိုယ့်မောင်လေးလို တစ်သက်လုံးနေလာတာပဲ အမေရယ်... တစ်ခြားစိတ်သွင်းကြည့်လို့ မရပါဘူး''

အမေကြည် စိတ်တိုသွားသည်။

''အဲဒါကိုပြောနေတာ မဟုတ်ဘူး''

''ဘာလဲ...အမေရဲ့''

''ဒီ လန်ဒန်ကလာတယ်ဆိုတဲ့ မြေပဲယိုကိစ္စဟဲ့''

''ဒါက စားကြည့်ရင် သိမှာပဲ အမေရဲ့''

''တယ်...ဒီကောင်မနဲ့တော့ ငါ ခက်တော့တာပဲ...။ နင် ဟို သီချင်း မကြားဘူးလား''

''ခေတ်သီချင်းတွေက အမေပဲ နားထောင်တာ။ သမီးက မသိပါ ဘူး''

''ခေတ်သီချင်း မဟုတ်ဘူးဟေ့...။ အပျိုကြီးတွေ လင်မရလို့ လန်ဒန်မြေပဲယို ဆိုတာလေ''

''ရှင်...''

''သဘောပေါက်ပြီလား''

''ဒါဆို လင်းဝင်းက...လင်းဝင်းက သမီးကို လင်မရတဲ့အပျိုကြီး လို့ လာပြောင်သွားတာပေါ့။ သိမယ်...သိမယ်။ ဒီကောင် လင်းဝင်း



သိမယ်''

သူမက ထိုသို့ ကြုံးဝါးသော်လည်း လင်းဝင်းက မသိပါ။

လမ်းဆုံလမ်းခွတစ်ခုမှာ သူငယ်ချင်းအုပ်စုနှင့် တိုးနေသည်။ သူငယ်ချင်းတွေက တီးတိုးတီးတိုးနှင့် လင်းဝင်းကို ဘာတွေတိုင်တည်နေ သည် မသိ။ လင်းဝင်းက...

''မင်းတို့က ငါ့ကို ဆရာကြီး တင်တယ်ပေါ့''

''တင်ပါတယ်ကွာ''

''မင်းတို့က ခလုတ်ထိမှ ကျီးကန်းတတာကိုး''

''ခလုတ်ထိမှ အမိတပဲ ရှိပါတယ်ကွာ''

''ငါက မင်းတို့ရဲ့အမိမှ မဟုတ်ဘဲ။ ခုခေတ်မှာ ခလုတ်တိုက်တဲ့ လူတွေကလည်း အမလေးလို့ မတကြတော့ဘူးကွ။ အားလို့ပဲ...အော် တော့တယ်။ ကျီးကန်းသံ ထွက်တယ်။ အဲဒါကြောင့်...''

''ထားပါတော့ ထားပါတော့ ဆရာရယ်...။ ဒီကိစ္စကို ကူညီပါဦး''

''မခက်ပါဘူးကွာ...။ မင်းနဲ့ မင်းကောင်မလေးကိစ္စက အဆင်ပြေ သွားမှာပါ။ ဘီယာခံတွင်းပျက်နဲ့ ခွက်နှုတ်ခမ်းကွဲ တွေ့ကြတာမို့လို့ လိုက်ဖက်ညီမှုလည်း ရှိပါတယ်။ ဒီတစ်ခါ တစ်ဆိုင်ဆိုင်မှာ အတူထိုင် ဖြစ်ရင် မင်းပြောလိုက်''

''ဘယ်လိုပြောရမှာလဲ''

''သြော်...ဘေးလူအမြင်မှာတော့ နင်နဲ့ငါအကြား ဖျော်ရည်ခွက် ကလေးနှစ်ခွက်ပဲ ခြားတယ်လို့ ထင်ကြမယ်။ တကယ့်တကယ်တော့ ၉၇၂ ခြားနေတယ်လို့''

၁၅၀၀ - ၅၂၈ = ၉၇၂ ဆိုတာလောက်ကိုတော့ သိပြီးသော သူငယ်ချင်းများက အထွန့်မတက်ကြ။

''ပြီးတော့ရော...''

''တသားတည်းဖြစ်ချင်တယ်လို့ ပြောပြီး ခွက်နှစ်ခွက်ကို ပထမ လဲသောက်။ ဒုတိယ ပေါင်းသောက်။ တတိယ လက်ချင်းတွဲပြီး ဆိုင်ထဲက ထွက်လာကြပေါ့ကွာ''

www.burmeseclassic.com


ကြောင်နှစ်ကောင်စာအုပ်တိုက်

BURMESE CLASSIC .com

သူငယ်ချင်းတွေက ဖဝေဖဝါဖြစ်သွားသည်။

''အဲ…အဲဒီလောက် လွယ်ပါ့မလားကွာ''

''ဒါတော့ မင်းအပေါ် တည်တယ်''

''ဘယ်လိုတည်တာလဲ''

''ခါးသွေးကျောက်ကို အရည်ဖျော်ပြီး လိမ်းထားတဲ့မျက်နှာနဲ့ မရဘူးပေါ့ကွာ''

''အင်း''

''ရိုးတွင်းချဉ်ဆီပေါ်တဲ့အထိ ပြုံးပြနိုင်ရမယ်''

''အဲ…''

အဲဒီအချိန်မှာ လင်းဝင်းက လှည့်ထွက်သွားပါပြီ။

●

(၂)

ဤကြားထဲမှာ လင်းဝင်း အကြီးအကျယ် ဒုက္ခရောက်ခဲ့ရသည့်နေ့ တစ်နေ့ ရှိခဲ့သည်။ ဒုက္ခမှန်းမသိသေးခင်ကတော့ ဒုက္ခသည် ဘာမှမဟုတ်။ ဟုတ်လာချိန်မှာ ခံရပြီ။ ရင်ကိုပေါက်မှ ဖနောင့်မှန်း သိတော့သည်။ ဖြစ်ပုံက သည်လို…။

သူ့ဆိုင်အတွက် လိုအပ်သောကုန်ကြမ်းများရဖို့ရာ အချိန်းအချက် ရှိပြီးသား ဆင်ခြေဖုံးရပ်ကွက်တစ်ခုသို့ လင်းဝင်း မနက်ခင်းတစ်ခုမှာ ထွက်လာခဲ့သည်။ အလုပ်ကိစ္စနှင့်ဖြစ်၍ မည်သူ့ကိုမှပင် ကသိကအောင့် ဖြစ်အောင် ဝင်မလုပ်အား။

Taxi ငှားသည် မရ။ တောင်းဈေးက တအားများနေသည်။

''နည်းနည်းလျှော့ပါဦးဗျာ…။ ကျွန်တော် ကိုယ်ဖော့ပြီး လိုက်မယ်''

''ဒါ…တောင်းနေကျ ဈေးရင်းပါပဲ''

''လျှော့ဖို့တော့ စဉ်းစားပါဦးဗျာ။ ခင်ဗျားထိုင်လိုက်လေ… ကျွန်တော် မောင်းပေးမယ်''

''ဟာ…မလုပ်ပါနဲ့ ကိုယ့်ဆရာရဲ့။ အုံနာတွေ့သွားရင် အထောင်း

www.burmeseclassic.com


ကြောင်နှစ်ကောင်စာအုပ်တိုက်

BURMESE CLASSIC .com

ခံနေရပါဦးမယ်''

''ခင်ဗျားဟာကလည်း နဂါးအမောက်ကြီးဖြိုမိပါလားဗျာ''

''ဘာဖြစ်လို့လဲ''

''ညှိမရလို့''

Taxi သမားက ပြုံးမလိုရယ်မလို ဖြစ်သွားပြီး...

''ကဲ...ဒါဖြင့်လည်း နောက်ကားကိုသာ ငှားကြည့်ပေတော့ဗျာ''

သူ့ကို လှည့်မကြည့်တော့ဘဲ ထွက်သွားသည်။ သူကတော့ အ, စေတနာ၊ အ, မေတ္တာတွေနှင့် ငေးကြည့်ကျန်ရစ်ခဲ့ပါသည်။ နောက်ကားတွေကိုလည်း ငှားရန် စိတ်မကူးတော့ပါ။ ရှေ့ကားတွေကိုလည်း ငှားကြည့်ပြီးပြီ။ ဒီဖဲချပ်ထဲက ဒီအပွင့်တွေချည်းပါပဲ။

''ဘတ်စ်ကားပဲ စီးတော့မယ်''

ဘတ်စ်ကားမှတ်တိုင်ရောက်တော့လည်း လူတွေက အင်း...လေးနက်အောင်ပြောရမည်ဆိုလျှင် ပုရွက်ဆိတ်မဟုတ်သော လူတွေက ထန်းလျက်ခဲမဟုတ်သော ဘတ်စ်ကားမှတ်တိုင်ကြီးမှာ အုံလို့ ခဲလို့။ အိမ်က ကားယူမလာမိသော ကိုယ့်ကိုယ်ကို စိတ်မောသွားမိသည်။

လာပါပြီ။

လူတွေပွတ်ညပ်ကြပ်ပြီး ဝုန်းဒိုင်းကြဲမောင်းလာသော ဘတ်စ်ကားက မှတ်တိုင်ရှေ့မှာ မရပ်ချင် ရပ်ချင်။ ပြီး...ဘာမှလည်းမဟုတ်၊ စပယ်ယာနှင့် ဒရိုင်ဘာကပဲ နောက်ကား ရှေ့ကားတွေအကြောင်း အော်ဟစ်ပြောရင်း သူတို့ကိစ္စနှင့်သူတို့ ဝူးခနဲ မောင်းထွက်သွားသည်။ ခရီးသည်တွေက ဆဲဟယ်၊ ဆိုဟယ်...။

လင်းဝင်း မလိုက်ဖြစ်သေးပါ။ အခြေအနေကို အကဲခတ်နေရုံမျှသာ။ မည်သို့ပင်ဖြစ်စေ နောက်တစ်ကားလာလျှင်တော့ ရအောင် တက်လိုက်ရချေမည်။

လာပါပြီ နောက်တစ်ကား...။

သူကကျတော့ တစ်မျိုး။ ကားက အဝေးကြီးမှာရှိနေကတည်းက သံစုံတီးဝိုင်းကြီး လိမ့်လာသလိုမျိုး အသံပေါင်းစုံ ကြားနေရသည်။ ကားက





သိပ်မဟန်။ မောင်းနေရင်းတန်းလန်း ခုနစ်လွှာကခြေသည်လို တစ်လွှာပြီး တစ်လွှာ ပုံကျသွားမည့်ဟန်။ အားပေးသူတွေလည်း ကားပေါ်မှာ အပြည့်အကျပ်။ သို့သော် လင်းဝင်း ဒီကားကို တက်မည်ဟု စိတ်ကူးလိုက်သည်။

သူ့လိုပဲ စိတ်ကူးသူတွေက သူနှင့်အတူ ရင်ဘောင်တန်းရွေ့တက်လာသည်။ ကိုယ်သင်းရနံ့မွှေးမွှေးလေးတစ်ချက်ရသဖြင့် နံဘေးကိုငဲ့စောင်းကြည့်လိုက်တော့ ကောင်မလေးတစ်ယောက်။ ရုပ်ပြစား၍ရလောက်သည့် လှတပတလေး...။ မျက်စိစပါးမွှေးစူးစရာကောင်းသည်က သူ့ စားကာစ ဖရဲသီးကြီး...။

ဘာမှမဆိုင်ပါဘဲ လင်းဝင်း၏ပါးစပ်ကလည်း မနေနိုင်။

''ခင်ဗျားက ဒီကားကို စီးမှာလား''

သူမက မျက်မှောင်ကြုတ်သွား၏။

''ရှင်နဲ့ ဘာဆိုင်လဲ''

''ကားကိုပဲ ကြည့်ဦး။ လူတောင် ဘယ်လိုတက်ရမလဲ မသိဘူး။ အရူးလိမ့်တဲ့ စည်ပိုင်းထဲမှာ အရည်ပျော်လက်စရေခဲမုန့်ကို စားပြီး ဝင်လိုက်သွားရမယ့်ပုံမျိုး။ အတော်ကသီလင်တ ဖြစ်မှာ...''

''အဲဒါ ဘာဖြစ်လဲ''

''ခင်ဗျားဖရဲသီးကြီးက''

''အဲဒါ ဘာဖြစ်လဲ''

''အဲဒါဆို ကားပေါ်ရောက်ရင် ခင်ဗျား ကျွန်တော့်အနား မကပ်နဲ့''

''အို...လာ လာ ချည်သေး''

ထိုကောင်မလေး ပြောသည်ကလည်း မလွန်လှပါ။ အဘယ်ကြောင့်ဆိုသော် ထိုကောင်မလေးနှင့် ဤဘတ်စ်ကားကြီးနှင့် ခရီးမဆက်။ သူ့ဖရဲသီးနှင့်သာ သူ ခရီးဆက်ရင်း ကျန်ခဲ့သည်။ လင်းဝင်းလည်း ထိုဘတ်စ်ကားကြီးပေါ်မှာ ငတက်ပြားမဟုတ်ဘဲ ခြေဖျားထောက်ရပ်ရင်း မန်ချက်စတာဘောလုံးပွဲမကြည့်ဘဲ သဲထိတ်ရင်ဖိုဖြစ်ကာ ရည်ရွယ်ရာ အရပ်သို့ လိုက်ပါလာခဲ့ရတော့၏။

မှတ်တိုင်ရောက်၍ လိပ်စာညွှန်သည့်အိမ်သို့ သွားသောအခါ

www.burmeseclassic.com

ပြသနာက စပါတော့သည်။

"ဒီဘက်ကိုသွား..."

"ဟိုဘက်မှာလေ..."

"အဲဒီတည့်တည့်..."

မည်သူ့စကားကို နားထောင်ရမည်မှန်း မသိ။ တစ်ယောက်ကမှ လည်း အမှန်ကို သိပုံမရ။ ကိုယ့်ဘာသာ တမှန်းဆဆဖြင့် လျှောက်သွား နေရတော့သည်။ လမ်းမှားသွားပုံ ရ၏။ လူဆိုတာ သည်လိုပါပဲ။ အမှန်ကို မရောက်သေးသော်လည်း မှားနေသေးလျှင် မှားနေမှန်း သိ၏။ ကိုယ့် ကိုယ်ကို မညာဖို့ အရေးကြီးသည်ပေါ့လေ...။

ယခု သူလျှောက်နေသည်က လမ်းကြိုလမ်းကြားဆိုသော်လည်း လမ်းကြီးလမ်းကျယ်များဖြစ်၏။ တဝဲလည်လည်ဖြင့် ဘယ်ဆီဦးတည် လျှောက်ရမည်မှန်းမသိ ဖြစ်နေသည်။

ထိုအချိန်မှာပဲ မမျှော်လင့်သောဒုက္ခက မမျှော်လင့်သောအချိန်မှာ ကြုံလာသည်။ ဝမ်းဗိုက် ရစ်ရစ်ပြီး နာလာခြင်းဖြစ်၏။

"အား...လား...လား"

ချက်ချင်းပင် ဝေဒနာက ထလာသည်။ ချက်ချင်းဆိုသောစကား အတိုင်းပင် ထိုင်ရမလို ထရမလို။ (ကြားအဓိပ္ပါယ်အရဆိုလျှင် ကုံးကုံး ကွကွကြီးပဲ လုပ်ရတော့မလို့) လမ်းဘေးဝဲယာကို ကြည့်တော့လည်း ကိုယ့်ဒုက္ခဖြေရှင်းဖို့ အဆင်ပြေနိုင်သည့်နေရာ မရှိ။ (လက်ဖက်ရည်ဆိုင် မရှိ၊ အအေးဆိုင်မရှိ၊ စားသောက်ဆိုင်မရှိ) ခါတိုင်းဆိုလျှင်တော့ ဂရုပင် စိုက်မိမည် မဟုတ်ပါ။ ခုတော့ ကိုယ့်မှာက အစာအိမ်ရှိပြီး အူထဲမှာလည်း အစာဟောင်းတွေ ရှိနေပြီ။

အတော်ပင် အခံရခက်နေပြီဖြစ်သည်။ မနေ့က စားခဲ့သော မုန့်တီသုတ်က တန်ခိုးပြသည်ထင်၏။ သူကလည်း ဆင်ဆင်ခြင်ခြင်စားသည် မဟုတ်။ တဝတပြဲ စားမိသည်။ လူငယ်ပီပီ စိတ်အလိုလိုက်ခဲ့မိသည်ဟု လည်း ဆိုနိုင်သည်။ ခုတော့ ဘူးပေါ်သလို ပေါ်တော့မည်။

"ဟော..."



www.burmeseclassic.com



ကံကောင်းမည်လား၊ ကံဆိုးမည်လား မဆိုနိုင်သေး။

ရှေ့မှာ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းကို မြင်လိုက်[illegible]

အပြေးတစ်ပိုင်းခြေလှမ်းများနှင့် အရောက်သွားလိုက်သည်။ အဝင် ဝမှာပင် ပုတီးစိတ်ရင်း စင်္ကြံလျှောက်နေသည့် ဦးပဥ္စင်းကြီးတစ်ပါး နှင့် တိုးသည်။ မြေကြီးပေါ်မှာပင် ဦးချလိုက်၏။ ပြီးမှ...

"ဦးဇင်းဘုရား"

"ပြော...ဒကာလေး၊ ဆရာတော် မရှိဘူး"

"ဆရာတော်ဆီလာတာ မဟုတ်ပါဘူးဘုရား"

ဦးပဥ္စင်းက သူ့ကို အကဲခတ်သလိုကြည့်ရင်း...

"ကျုပ်ဆီ လာတာလား"

"မဟုတ်ပါဘူး ဘုရား"

"ဒါဖြင့် ဘယ်သူ့ဆီ လာတာလဲ"

"ဟို...ဟို...အိမ်သာဆီ"

"ဘာ...ဘယ်လို"

"ဟို...ဒီလိုပါဘုရား။ တပည့်တော်က ခရီးသွားပါ။ ဒီနားက အိမ်တစ်အိမ်ကို လာရင်း လမ်းပျောက်နေတာပါ။ ဒီကြားထဲမှာ အိမ်သာ အရမ်းတက်ချင်လာလို့ တပည့်တော် ဒီကျောင်းမှာ အကူအညီဝင်တောင်း တာပါ"

ဦးပဥ္စင်းက သဘောပေါက်သွားဟန်နှင့် ခေါင်းညိတ်၏။ ဒါလေးက ပဋိစ္စသမုပ္ပါဒ်လောက် မခက်ပါဘူးဟု တွေးမိပုံလည်း ရသည်။

"အင်း...ဒီကျောင်းမှာ လူတွေတက်တဲ့အိမ်သာ ရှိပါတယ်။ အဲဒီကို ဝင်လိုက်လေ။ ဟိုဘက်ထောင့်မှာ..."

"ကျေးဇူးပါပဲဘုရား"

ဦးပဥ္စင်းညွှန်ပြရာဘက်သို့ ကပျာကရာ ထွက်လာလိုက်သည်။ တွေ့ပြီ...။ လူပုဂ္ဂိုလ်များသုံးရန်ဆိုသော အိမ်သာ။ သို့သော် ကိုယ့် ရင်နှစ်ခြမ်းကို ခွဲဟပြီး ပြန်ဆောင့်ပိတ်တာ ခံလိုက်ရသလိုမျိုး...။

အိမ်သာတံခါးက သော့ခလောက်ကြီးပိတ်လျက်...။

ဗိုက်ကိုနှိပ်ပြီး ဦးပဥ္စင်းဆီ ပြန်သွားရသည်။ ဦးပဥ္စင်းက မျက်မှောင်ကြုတ် ကြည့်၏။

"ဘာဖြစ်လို့လဲ ဒကာလေး"

"သွားလို့မရဘူး ဘုရား"

"ဘာလဲ...စမြင်းခံနေလို့လား"

"အာ...မဟုတ်ပါဘူး။ အိမ်သာတံခါးက သော့ခတ်ထားတယ်"

"ဘယ်အိမ်သာဆီ သွားတာလဲ"

"ဟိုလေ...ပုထုဇဉ်များသုံးရန်ဆိုတဲ့ အိမ်သာ"

"လူပုဂ္ဂိုလ်များသုံးရန်...ပါကွ"

"ဩော်...အင်း...တင်ပါ့။ လုပ်ပါဦးဘုရား တပည့်တော်ဗိုက်က မရတော့လို့ပါ"

"အင်း...ဘယ်ကောင် သော့သိမ်းထားလဲ မသိဘူး"

ထိုသို့ ရေရွတ်ရင်း ကျောင်းတွင်းဘက်ဆီသို့ လှမ်းအော်ခေါ်သည်။

"မြင့်ဇော်ရေ..."

"ဘုရား..."

အသံနှင့်အတူ ငှက်ပျောသီးခြောက်ပုံစံ လူငယ်တစ်ယောက် ရောက်လာသည်။

"အိမ်သာသော့ ဘယ်မှာလဲ"

"အိမ်သာသော့ကို ဒီနေ့ မျိုးမင်းနိုင် သိမ်းတယ်ဘုရား"

"အေး...ခေါ်လိုက်စမ်း"

မြင့်ဇော်ဆိုသော လူငယ်က ကျောင်းဝင်းတစ်ခုလုံး လွှမ်းအောင် အော်ခေါ်သည်။

"မျိုးမင်းနိုင်ရေ"

" "

"မျိုးမင်းနိုင်"

" "

"မျိုးမင်းနိုင်ရေ..."



" "

"ဟော့..."

အသံနှင့်အတူ အာလူးပုပ်ပုံစံ လူငယ်တစ်ယောက် ရောက်လာသည်။

"ဦးပဥ္စင်းက အိမ်သာသော့ ပေးပါတဲ့"

"ဟ...ခုနက ဝင်းအောင်လွင် လာယူသွားတယ်လေ။ သူ အိမ်သာတက်မလို့တဲ့"

ဦးပဥ္စင်းက ဖြတ်ဝင်ပြောသည်။

"ဝင်းအောင်လွင်ကို ခေါ်စမ်း"

မျိုးမင်းနိုင်ဆိုသော လူငယ်က ကျောင်းဝင်းတစ်ခုလုံးလွှမ်းအောင် အော်ခေါ်သည်။

"ဝင်းအောင်လွင်ရေ..."

" "

"ဝင်းအောင်လွင်"

" "

"ဝင်းအောင်လွင်"

" "

"ဝေ့..."

အသံနှင့်အတူ ဝက်သားပေါက်စီပုံစံ လူငယ်တစ်ယောက် ရောက်လာသည်။ မျိုးမင်းနိုင်က...

"အိမ်သာသော့ ပေး"

"ဟ...အိမ်သာသော့ကို မင်းပိုင်စိုးစေ ယူသွားတယ်"

ဦးပဥ္စင်း မျက်မှောင်ကြုတ်သွားသည်။

"ဘယ်က မင်းပိုင်စိုးစေလဲ"

"သာဂိလေ...ဘုရား။ သူ့နာမည်ကို မင်းပိုင်စိုးစေလို့ပြောင်းထားတယ်။ တပည့်တော်တို့ကိုတောင် လက်ဖက်ရည်တိုက်သေးတယ်"

"အောင်မယ်လေးကွာ...သာဂိက သာဂိပါပဲ။ ခေါ်စမ်း"

www.burmeseclassic.com


ကြောင်နစ်ကောင်စာအုပ်တိုက်

BURMESE CLASSIC .com

ဝင်းအောင်လွင်က…

"ဘယ်လိုခေါ်လိုက်ရမှာလဲ ဘုရား"

"ဟ ဟေး…သာဂိလို့ လှမ်းအော်လိုက်ပေါ့"

ဝင်းအောင်လွင် တွန့်သွားသည်။

"မကောင်းဘူးထင်တယ် ဘုရား"

"ဘာမကောင်းရမှာလဲ"

"အဲဒီနေ့က သူ ဦးပဥ္စင်းကိုတောင် သစ်သီးဆွမ်းကပ်သေးတယ်လေ"

"ဘာကပ်ကပ်ကွာ…။ ငါဖြင့် သိတောင်မသိဘူး။ အော်ခေါ်လိုက်။ မြန်မြန်"

လင်းဝင်းမှာဖြင့် တွန့်လိမ်နေပြီ။ ကြိတ်မှိတ်ခံစားရတာ ဒူးတွေခွေညွတ်ပြီး နဖူးမှလည်း ချွေးဒီးဒီးကျနေပြီ။ ခံစားဖူးသူတိုင်း သိကြမှာပါလေ။ (ဒါမှမဟုတ်လည်း) ပြောမယုံ ကြုံဖူးမှ သိကြမှာပါလေ။

ဝင်းအောင်လွင်က…

"သာဂိရေ…"

"  "

"သာဂိ"

"  "

"ဟေး…သာဂိ"

"  "

ဘာတုံ့ပြန်မှုမှ မရှိပါ။

ဦးပဥ္စင်းက နဖူးကြောရှုံ့လျက်…

"သွားကြည့်ကြစမ်း"

အားလုံး အလျှိုလျှို လစ်ထွက်သွားကြ၏။ ခဏအကြာမှာ တစ်ယောက်ပြန်ရောက်လာပြီး…

"မရှိဘူး ဘုရား"

"ဘယ်သွားလဲ"





"သူ့ကို သာဂိလို့ ခေါ်လို့တဲ့၊ စိတ်ဆိုးပြီး ထွက်သွားတယ်"

"မင်းက ဘယ်လိုလုပ် သိလဲ"

"ကျောင်းနံရံမှာ မြေဖြူနဲ့ စာရေးသွားတယ် ဘုရား။ သူ့ကို မင်းပိုင်စိုးစေလို့ မခေါ်မချင်း ပြန်မလာဘူးတဲ့"

"အိမ်သာသော့ကကော…"

"သူ့ဆီ ပါသွားတာပေါ့"

"ကောင်းကွာ…"

ထို့နောက် ဦးပဥ္စင်းက လင်းဝင်းဘက်သို့လှည့်ပြီး…

"ကဲ…ဒကာ"

"တင်…တင်ပါ့ တပည့်တော် ကြားပါတယ်၊ ဒီ…ဒီနားမှာ တစ်ခြား ဘယ်…ဘယ်နေရာများ…"

"ဘယ်နေရာမှမရှိဘူး။ တစ်အိမ်အိမ်ကိုသာ ခွင့်တောင်းပြီး ဝင်ပေတော့"

သွားပြီ…။

လင်းဝင်း အနိုင်နိုင် လှည့်ထွက်ခဲ့ရတော့၏။

●

www.burmeseclassic.com

BURMESE CLASSIC .com



(၃)

ပြဿနာက မဆုံးသေးပါ။ ထို့ကြောင့် ဒုက္ခက မဆုံးသေးဟု ဆိုနိုင်သည်။ လှည့်အထွက်မှာ လင်းဝင်းအနေနှင့် ဦးပဥ္စင်းကို ဦးမချနိုင်တော့။ ရိုင်းပျသည့်သဘော မဟုတ်ပါ။ သူ့အတွက် လောလောဆယ် ဦးသုံးကြိမ် ကုန်းချဖို့ဆိုတာ လွယ်သောကိစ္စမဟုတ်။ ကျော်မကောင်း၊ ကြားမကောင်းတွေ ဖြစ်သွားနိုင်သည်။ သာဂိထက်ပင် အခြေအနေဆိုးသွားနိုင်သည်။ ချက်ကြီး၏အစ်ကို ချက်ထွီး ဖြစ်သွားနိုင်သည်။

ကိုယ်ကိုထိန်းပြီး ရွှေ့သည်ဆိုရုံ သတိနှင့်ရွှေ့ကာ လမ်းအတိုင်း ဆက်လျှောက်လာရ၏။ လမ်းဘေးဝဲယာမှအိမ်များကို အကဲခတ်ကြည့်မိတော့ စိတ်ဓာတ်ကျစရာနှင့်သာ ကြုံသည်။ အိမ်တွေက သူ့ခြံ သူ့ဝန်းထဲမှာ ငူငူကြီးထိုင်လျက်။ ကိတ်ဆိတ်လွန်းသည်ကလည်း လူရိပ်လူယောင်ပင် မတွေ့ရ။

သူ ဘုန်းကြီးကျောင်းကအထွက်မှာ ကြားလိုက်ရသည့် (ဦးပဥ္စင်း၏) တရားဆင်ခြင်သံက နားထဲ ပြန်ရောက်လာသည်။

"တွေ့ကြလား...။ ဒီဒကာလေး ဝမ်းသွားချင်နေတယ်။ ဒုက္ခရောက်နေတယ်။ ဒီဝမ်းကို သွားချင်တယ်ဆိုပြီး အတင်းသွားခိုင်းလို့ မရဘူး။ မသွားနဲ့...ဟဲ့လို့ အတင်းတားလို့ မရဘူး။ သူ့ဘာသာသူ သွားချင်ရင် သွားတာပဲ။ မသွားချင်ရင် မသွားဘူး။ ကိုယ်က ချုပ်ကိုင်ချင်လို့ မရဘူး။ ကိုယ့်ကို ကိုယ်လည်း အစိုးမရဘူး။ အဲဒါ အနတ္တဟဲ့"

ငိုချင်သည်။

သွားရမည့်အိမ်ကလည်း ရှာမတွေ့။ ဗိုက်ကလည်း ဂရူးဂရူးမြည်။ ရှေ့ကို ဆက်မသွားချင်တော့။ သူထွင်ထားသည့် စကားပုံထဲကလို 'ဖိနပ်ကလည်း လေး၊ သေနတ်ကလည်း လေး' ဖြစ်နေပြီ။

"ဟော..."

ရှေ့နားမှာ ဖရဲသီးဆိုင်တစ်ဆိုင်။ ကြီးကြီးမားမားရယ်တော့ မဟုတ်ပါ။ လမ်းဘေးမှာဆိုတော့ လမ်းဘေးဆိုင် အဆင့်မျှသာ။ ရောင်းသူ အမျိုးသမီးက အဝတ်အစားခပ်နွမ်းနွမ်း။ ဘာပဲပြောပြော သူ့အတွက်တော့ (စာရေးဆရာတွေ ရေးသလို) မျှော်လင့်ချက်ရောင်ခြည်တစ်စ ဖြစ်နိုင်သည်။

ဖရဲသီးသည်က သူမဆီသို့ ချွေးသီးချွေးပေါက်များကျလျက် ဖြည်းညှင်းစွာ ဒရွတ်ဆွဲလျှောက်လှမ်းလာသော သူ့ကို တအံ့တဩကြည့်သည်။ လင်းဝင်းက...

"ဖ...ဖရဲသီး ဘယ်လိုရောင်းသလဲ"

"တစ်စိတ်ငါးဆယ်။ အကြီးက တစ်ရာ"

"တစ်...တစ်စိတ်ပေးပါ"

"တုံးပေးရဦးမလား"

"ဒီ...ဒီအတိုင်း ရ...ရပါတယ်"

ပိုက်ဆံပေး ဖရဲသီးယူ...။ ဖရဲသီးဆိုင်နောက်မှအိမ်ကို လှမ်းအကြည့်၊ ထိုအိမ်ကလည်း သော့အလုံပိတ်လျက်။ အိမ်ရှင်များ ရှိပုံမပေါ်။ လူသူနေပုံပင် မရ။ အိမ်အနောက်ခပ်လှမ်းလှမ်းမှ မြေစိုက်အိမ်သာတစ်လုံးကို လှမ်းမြင်နေရသည်။ ထိုအိမ်သာကို အာသာငမ်းငမ်း လှမ်းကြည့်နေရသော သူ့အဖြစ်က မဖွယ်မရာ။

"ဟင်း"

www.burmeseclassic.com


ကြောင်နှစ်ကောင်စာအုပ်တိုက်

BURMESE CLASSIC .com

သက်ပြင်းကိုသာ ချမိပြန်သည်။ ထိုအိမ်သာကလည်း သော့ခလောက် တန်းလန်း။ ဖရဲသီးသည် မိန်းမကိုပဲ…

“အစ်မကြီး”

“ဘာတုန်း”

“အိမ်သာဘယ်လိုသွားရသလဲ”

“ဟင်…”

“အိမ်သာဘယ်လိုသွားရသတုန်းလို့”

“ဘာ…”

“ဟိုလေ…အိမ်သာဘယ်လိုသွားသတုန်းလို့ မေးနေတာ”

“အိမ်သာသွားတာများ ဆောင့်ကြောင့်ထိုင်၊ လုံချည်လေးလှန်ပြီး သွားတာပဲဟော့”

“မဟုတ် မဟုတ်ဘူးလေ…။ အစ်မကြီးသွားတော့”

“ငါလည်း အဲဒီအတိုင်းပဲသွားတယ်ဟေ့…။ ဘာလဲ လူပြတ်တဲ့နေရာမှာ တစ်ယောက်တည်းဈေးရောင်းတယ်ဆိုပြီး ထိကပါးရိကပါး လုပ်ချင်တာလား။ ပါးကွဲသွားမယ်”

လင်းဝင်း ကပျာကယာဖြေရှင်းရ၏။

“ဒီ…ဒီလိုပါ အစ်မကြီးရယ်။ ကျွန်တော် အိမ်သာအရမ်းတက်ချင်နေလို့”

ဖရဲသီးသည်ကြီးက ဒီလိုမျိုးကျတော့လည်း ချက်ချင်း သဘောပေါက်သွားပြန်သည်။

“ဩော်…အဲဒီလိုလား”

လင်းဝင်း အားတက်သွားသည်။

“ဟုတ်…ဟုတ်ကဲ့ အဲဒီလို”

“ဒီနားမှာတော့ မရှိဘူး”

“ဒါဆို…”

“ဘယ်နားမှာမှ မရှိဘူး။ တို့က တို့ကိစ္စ မနက်ကတည်းက ရှင်းလာပြီးသား”



လင်းဝင်း စိတ်ပျက်အားလျော့စွာ ပြန်ထွက်လာခဲ့ရပြန်သည်။ တစ်ခုတော့ရှိသည်။ စိတ်အပြောင်းအလဲတွေ ဖြစ်ခဲ့ရသောကြောင့်လား တော့ မသိ။ အိမ်သာတက်ချင်စိတ်က နည်းနည်းတော့ လျော့သွား၏။ လုံးဝပျောက်ပျယ်သွားသည်တော့ မဟုတ်။ ဆက်လျှောက်တော့ လူသူအသွားအလာစိပ်သည့် လမ်းဆုံလမ်းခွတစ်ခုသို့ ရောက်သွားသည်။ လင်းဝင်း အားတက်သွားရပြန်သည်။

ထိုအချိန်မှာပဲ…

“ဟင်း”

လင်းဝင်း အံ့ဩသွားရသည်။ အတန်ငယ်သွက်လက်လာသော ခြေလှမ်းများနှင့် သူမအနောက်သို့ လိုက်သွားမိသည်။ အနည်းငယ်နီးလာတော့…

“ဟေ့…ဟေ့ ဖရဲသီး”

သူမ၏အမည်ကတော့ ဖရဲသီးဟုတ်မည် မထင်ပါ။ သို့သော် သူမကို ခေါ်မှန်း သိသဖြင့် လှည့်ကြည့်၏။ သူ့ကို ဘာလိုလို ညာလိုလို ပြန်ကြည့်၏။ (ဘာလိုလိုညာလိုလို = တွေ့ဖူးသလိုလို၊ မြင်ဖူးသလိုလို)

“ဘာရှင့်…။ ရှင်က လူကိုများ ဖရဲသီးတဲ့”

လင်းဝင်းက လက်ထဲမှဖရဲသီးစိပ်ကို ကမ်းပေးကာ…

“မဟုတ်ပါဘူး။ ဖရဲသီးစားဦးမလားလို့ မေးတာပါ”

သူမ မျက်နှာကို ခါခနဲလွှဲသွားပြီး…

“ဘာကိစ္စ စားရမှာလဲ”

“ကားမှတ်တိုင်မှာတုန်းကတော့ စားတယ်လေ”

“ရေငတ်လို့ ကိုယ့်ပိုက်ဆံနဲ့ကိုယ်ဝယ်စားတာ။ သူများကျွေးတာကို စားတာမဟုတ်ဘူး”

မိန်းကလေးဖြစ်သော်လည်း သူမက ခြေလှမ်းမြန်သည်။ ကိုယ့်အကြောင်းနှင့်ကိုယ် ဖြစ်နေသောကြောင့် သူက မနည်းမီအောင် လိုက်ရသည်။

“ရှင် ဘာကိစ္စ ကျွန်မနောက်ကို လျှောက်လိုက်နေတာလဲ”

www.burmeseclassic.com

BURMESE CLASSIC .com

"ခင်ဗျား ခင်ဗျားက ဒီနားမှာ နေတာလားဟင်"

"ဘာလုပ်မလို့လဲ"

"ဟို...ကျွန်တော် အကူအညီတစ်ခု တောင်းချင်လို့ပါ"

သူမက ဘာမှပြန်မပြော။ လင်းဝင်းက ဆက်ပြောလိုက်သည်။

"ကျ...ကျွန်တော် အိမ်သာလေး တက်ချင်လို့ပါ"

သူမက သူ့ကို ခပ်တင်းတင်း တစ်ချက်ပြန်လှည့်ကြည့်၏။ ခြေလှမ်းအရှိန်ကိုမူ မလျော့။

"ရှင် ကျွန်မကို လာပြောင်နေတာလား"

"မဟုတ်ပါဘူး...တကယ်ပြောတာပါ။ ကျွန်တော် မနေ့က မုန့်တီတွေ နင်းကန်စားပြီး ခုမှ ဗိုက်က ရစ်နေလို့"

"ရှင်နော်...။ ကျွန်မဘာသာ ကြိုက်လို့ ကျွန်မ မုန့်တီစားတာ ရှင်နဲ့ ဘာမှမဆိုင်ဘူး"

"မဟုတ်ပါဘူး။ ကျွန်တော်က မုန့်တီထဲကို ငရုတ်သီးစိမ်းတွေလည်း အများကြီးထည့်စားမိလို့"

"ကျွန်မဘာသာ ကြိုက်တတ်လို့ ငရုတ်သီးစိမ်းထည့်စားတာ ရှင်နဲ့ ဘာဆိုင်လဲ"

"မဟုတ်ပါဘူး...။ ကျွန်တော့်ကိုယ် ကျွန်တော် ပြောနေတာပါ"

"မဟုတ်ဘူး။ ရှင် ကျွန်မကို လာပြောနေတာ"

"ဘုရားစူးရပါစေ့ဗျာ...။ အခု အိမ်သာအရမ်းတက်ချင်နေလို့ပါ။ ကူညီပါ။ ခင်ဗျားတို့အိမ်မှာ အိမ်သာတက်ခွင့်လေး ပေးပါ"

သူမက ခါးခါးသီးသီးပင်...

"အို...ရှုပ်ရှုပ်ယှက်ယှက် မကူညီနိုင်ပါဘူး"

"ကူညီပါဗျာ...။ ဖရဲသီးစားလေ။ ဒီမှာ..."

"ရှင် ကျွန်မကို လိုက်မနှောင့်ယှက်နဲ့နော်"

"မနှောင့်ယှက်ပါဘူးဗျာ...။ အန္တရာယ်ကို မလွယ်နိုင်လို့ တကယ် အကူအညီတောင်းတာပါ"

ပြောရင်းဆိုရင်း ဗိုက်ထဲမှ ဂလူးဂလဲအသံ ထွက်လာပြန်သည်။



ကောင်မလေးက သူ့ကို ငဲ့စောင်းကြည့်ပြီး...

"ရှင့်ကို မကူညီချင်တာ မဟုတ်ဘူး၊ မကူညီနိုင်တာ"

"ဟင်...ခင်ဗျားအိမ်က ဒီနားမှာ မဟုတ်ဘူးလား"

"ဟုတ်တယ်"

"ဒါနဲ့များဗျာ..."

"ကျွန်မ ဒီလောက်မြန်မြန်လျှောက်နေတာ ရှင် မတွေ့ဘူးလား။ ကျွန်မလည်း အိမ်သာတက်ချင်နေတယ်။ အိမ်သာကို ခွဲပေးလို့ မရဘူး"

"ကျွန်တော်က ထွက်ကျတော့မယ်ဗျ"

"ကျွန်မလည်း အဲဒီအတိုင်းပဲ"

ပြောရင်း သူမက ခြေလှမ်းအရှိန်ကို ထပ်မြှင့်လိုက်ပြန်သည်။ လင်းဝင်း ကသောကမျော လိုက်ရပြန်သည်။

"ဘာဖြစ်နေကြတာလဲ"

လမ်းသွားလမ်းလာလူနှစ်ယောက်က လာမေးခြင်းဖြစ်သည်။ သူတို့အမြင်မှာ သူက သူမကို လိုက်နှောင့်ယှက်နေသည်ဟု ထင်ပုံရသည်။

"ဘာမှမဖြစ်ပါဘူး"

သူကော သူမကော သံပြိုင်ဖြေလိုက်မိကြခြင်းဖြစ်သည်။

"ဘာမှမဖြစ်ဘူးသာ ဆိုတယ်"

"အို...ဘာမှမဖြစ်ပါဘူးဆို"

ဤတစ်ကြိမ်တွင်လည်း သံပြိုင်...။ လူငယ်နှစ်ယောက်က ပြန်ခွာသွား၏။ တစ်ယောက်က ကြိမ်းဝါးသွားသေးသည်။

"မဖြစ်ဘူးဆိုရင်လည်း ပြီးရောလေ...။ မိန်းကလေးတစ်ယောက်ကို လိုက်နှောင့်ယှက်နေတာဆိုရင်တော့ မင်းပိုင်စိုးစေအကြောင်း သိသွားမယ်။ ဘာမှတ်လဲ"

ဩော် သာဂိ...။

ဒင်းကိုး...။ ရုပ်ကိုက ဝက်ပေါင်ခြောက်ပုံစံနဲ့...။ သို့သော် သူတို့ကို မတုံ့ပြန်အား။ ကောင်မလေးနှင့် ပခုံးချင်းယှဉ်ပြီး လမ်းပြိုင်လျှောက်နေရသည်။ သူမက အမောတကောလေသံနှင့် လှည့်ပြောသည်။

www.burmeseclassic.com

BURMESE CLASSIC .com

''ရှင်က အတင်းကြီးပါလား''

''တ…တကယ် အခက်တွေ့နေလို့ပါဗျာ''

''ကဲ…ပြောမရရင်လည်း လိုက်ခဲ့တော့''

''ဝမ်းသာတယ်ဗျာ…။ ဟို…ဟိုရောက်ရင် အိမ်သာကို ကျွန်တော် အရင်ဝင်မယ်နော်''

''အိမ်မှာ အိမ်သာနှစ်လုံးရှိတယ်။ အပေါ်ထပ်တစ်လုံး၊ အောက်ထပ်တစ်လုံး။ ရှင် အောက်ထပ်အိမ်သာမှာ တက်''

''ကျေး…ကျေးဇူး တင်လိုက်တာဗျာ''

နောက်ထပ်ဓာတ်တိုင်တစ်တိုင်မျှ လျှောက်ပြီးသောအခါ သူမတို့ အိမ်သို့ ရောက်သွားသည်။ သပ်ရပ်သားနားသော နှစ်ထပ်တိုက်တစ်လုံး ခြံနှင့်ဝန်းနှင့်ပဲဖြစ်၏။ သူမ ဘဲလ်ကို နှိပ်လိုက်တော့ စိုပြည်ခန့်ညားသော အန်တီကြီးတစ်ယောက်က တံခါးလာဖွင့်ပေးသည်။ သူတို့နှစ်ယောက်ကို ကြည့်ပြီး…

''ဟဲ့…ဘယ်လိုဖြစ်လာတာတုန်း''

''ဟိုလေ…ကျွန်တော်တို့တွေ လူငယ်သဘာဝ စိတ်အလိုလိုက်ပြီး''

''ဘာ…''

''မုန့်တီတွေ နင်းကန်စားခဲ့တာ။ ခု…အိမ်သာတက်ချင်လို့''

(၄)

''ဟိုကောင် ဒီနေ့လည်း ဆိုင်မထွက်ပြန်ဘူးလား''

ကြည်လင်သော်လည်း စူးရှသည့် မိန်းကလေးသံတစ်ခုက လမ်းဆုံ အအေးဆိုင်တစ်ဆိုင်မှ ထွက်ပေါ်လာသည်။ ဟိုကောင်ဆိုသော စကားလုံးမှာ သူ့ကို သုံးနှုန်းခြင်းဖြစ်ကြောင်း လင်းဝင်း သိလိုက်၏။ အသံကိုလည်း ခွေးမချီဘဲနှင့်တောင် မှတ်မိပါသည်။

အိုး…မချစ်သော မိုးဦးဝေသီ။

လင်းဝင်းနှင့် တက္ကသိုလ်မှာ တစ်ခန်းတည်းတက်ခဲ့သော သူငယ်ချင်းမ ဖြစ်၏။ ပွင့်လင်းခေတ်ဆန်ပြီး ပျံတံတံ လွင့်တင့်တင့်ရှိ၍ (နန့်တံ့တံ့မဟုတ်သည်ကို သတိပြုပါ) သူမနှင့် လင်းဝင်းက ဝင့်ကြွား ရှိသဖြင့် တစ်ယောက်နှင့်တစ်ယောက် ပြောမနာဆိုမနာ သူငယ်ချင်းတွေ ဖြစ်နေကြသည်။ သူဌေးသမီးမဟုတ်သော်လည်း ဆင်းရဲသူမလည်း မဟုတ်။ သူမ၏အမည်က ခပ်ဆန်းဆန်း။ မိုးဦးဝေသီ…တဲ့။

''သူ့အဖေကကွာ…သူ့ကိုမွေးတဲ့နေ့မှာ မှူးပြီး ပြန်လာတယ်။ အိုးကြီးကို မမြင်ဘဲ ခြေတစ်ဖက်စွပ်ဝင်အောင် နင်းမိတယ်၊ ချော်လဲတယ်။ နားထဲမှာ ဝီခေါ်နေအောင် ခံစားလိုက်ရတယ်။ နောက်တော့

www.burmeseclassic.com

BURMESE CLASSIC .com



အိုပြီး သေသွားတယ်။ မူး + အိုး + စီ + သေ...ပေါ့ကွာ။ အဲဒါကြောင့် သူ့နာမည်ကို မိုးဦးဝေသီလို့ မှည့်လိုက်တာ''

ထိုကဲ့သို့ လင်းဝင်းက လျှောက်ပြောတော့ မိုးဦးဝေသီ အလွန်စိတ်ဆိုးသည်။ နောက်တော့လည်း ပျော်ပျော်နေပြီး ပေါက်ကရပြောတတ်သော လင်းဝင်းကို ခင်သွားသည်။ ခင်မိတော့လည်း မခွဲနိုင် မခွာရက်။ လင်းဝင်းက တပြန် အင်တင်တင်ဖြစ်နေရသေးတော့သည်။

''ဟဲ့...ခေါ်နေတာ မကြားဘူးလား''

''နင်က ငါ့ကို ခေါ်တာမှ မဟုတ်ဘဲ။ ဆိုင်မထွက်ဘူးလားလို့ မေးတာ''

''အေး...အဲဒါဆိုရင်လည်း ဖြေလေ''

''မထွက်လို့ ငါ့ကို ဒီလိုတွေ့နေရတာပေါ့''

''တော်တော်စီးပွားဖြစ်တော့မှာပဲ''

''ငါ့လုပ်ငန်းသဘာဝကို နင် နားမလည်ပါဘူး''

''ဒီကိုလာခဲ့။ နင့်ကို ငါ ဆိုင်ထဲကဆိုင်ပြင် အော်ပြောမနေနိုင်ဘူး''

''ဘယ်သူမှလည်း သူ့ကို မပြောခိုင်းဘဲနဲ့။ ကိုယ့်လမ်းကိုယ်သွားနေတာကို''

ပါးစပ်ကသာ ထိုသို့ပြောသော်လည်း ခြေထောက်က ဆိုင်ထဲဝင်ရပါသည်။ စားပွဲထိုးက အလျင်အမြန်ရောက်ရှိလာသည်။ ရင်းနှီးပြီးသားလူတွေဖြစ်၍...

''ကိုလင်း...ဘာစားမလဲ''

လင်းဝင်းက မိုးဦးဝေသီစားနေသော ကြက်ဥမကျက်တကျက်ကြော်ကို ကြည့်ပြီး...

''သူများဖင်ထဲကဟာကိုတော့ ငါ မစားချင်ပါဘူးကွာ။ ဥပမာ... ကြက်ဥတို့၊ ဘာတို့''

''ဒါဖြင့်...''

''ထောပတ်သီးဖျော်ရည် တစ်ခွက်ပေး''

''ဟုတ်''

''ငါက "ထော"ဖို့အတွက် "ပတ်"လာတာ။ အရည်ဖျော်သောက်မင်မယ်''

''ဟုတ်''

မိုးဦးဝေသီ၏စားပွဲမှာ ဝင်ထိုင်ရင်း...

''နင်က တစ်ယောက်တည်း ဘာလုပ်နေတာလဲ''

''ကုတ်နေတာ''

''ဘယ်ကိုလဲ''

''မသာ...''

လင်းဝင်း တဟားဟားအော်ရယ်လိုက်သည်။ ဒီသူငယ်ချင်းမကာ ပွင့်လင်းသည်။ မိန်းကလေးဖြစ်သော်လည်း ယောကျ်ားဆန်သည်။ လှလည်း လှသည်။ (လင်းဝင်းက မကြိုက်ပါ။ ခင်ရုံပဲ ခင်ပါသည်)

''ငါ ဟိုကောင်တွေကို စောင့်နေတာ''

''ဝေယံတို့ကိုလား''

ဗွီဒီယိုကားများထဲကလိုပင် 'ဟော...ပြောရင်းဆိုရင်း ရောက်လာပြီ'ဟု ပြောပါသည်။ ဟိုကောင်တွေကလည်း ဗွီဒီယိုကားထဲကလိုပင် အချိန်ကိုက် ရောက်လာပါသည်။

''ဟင်...လင်းဝင်းက ဘယ်ကဘယ်လို ရောက်နေတာလဲ''

''မင်းတို့ လာမယ်မှန်းသိလို့ စောင့်နေတာ''

ဝေယံနှင့်ထင်ပေါ်ဦးတို့က ခုံယူထိုင်ရင်း...

''မိုးဦး''

''ဘာလဲ''

''ဒီကောင်နဲ့ နင်နဲ့ နှစ်ယောက်တည်း ဘာလုပ်နေတာလဲ''

''နင်တို့အကြောင်း အတင်းပြောနေတာ''

''အောင်မာ...ဘာတွေလဲ''

''နင်တို့က ဒီတစ်သက် မိန်းမရမှာ မဟုတ်ဘူးတဲ့''

''ဘယ်သူကကော ယူမယ်ပြောလို့လဲ''

လင်းဝင်းက ကပျာကယာ ဝင်ပြောလိုက်သည်။

www.burmeseclassic.com

BURMESE CLASSIC .com



''ငါကတော့ ယူမှာနော်''

'မင်းကိုယူမယ့်မိန်းမကော ရှိလို့လား'ဟု မပြောပါချေ။ ဝေယံက

''တွေ့ထားလို့လား...''

''နှစ်ယောက်တောင်''

''အဟုတ်...''

''အဟုတ်ပေါ့''

မိုးဦးဝေသီက မနာလိုစွာ ကြည့်သည်။ (ဟု ထင်သည်)

''ဘယ်က ကောင်မလေးလဲ''

''အေး...ငါကလည်း ပြောပြချင်နေတာ''

ထိုသို့ အစချီကာ 'ခါးခါး'နှင့် ဆုံတွေ့သမျှကို ပြောပြဖြစ်ပါတော့သည်။ သူတို့တွေ တဝါးဝါးတဟားဟားဖြစ်ကြသည်။

''အဲဒီကောင်မလေး...ဘယ်သူ...။ အဲ...ခါးခါး အပေါ်ထပ်က ဆင်းလာတော့ မင်းကို ဘာပြောသလဲ''

''အံ့သြနေတာပေါ့''

''ဟင်...ဘာကို အံ့သြတာလဲ''

''သူ့ဒေါ်ကြီးနဲ့ ငါနဲ့ စကားလက်ဆုံကျနေတာကိုပေါ့''

ဟုတ်သည်။ လင်းဝင်း၏အစွမ်းအစကို လျှော့တွက်လျှင် မှားမည်ချည်းဖြစ်၏။ လင်းဝင်းက ပေါက်ကရပြောပြီး လူတစ်ယောက်ကို ကျလောက်အောင် စည်းရုံးနိုင်သည်။

''ငါနဲ့ သူ့ဒေါ်ကြီးနဲ့ စကားကောင်းနေတာကို သူက ညောင်ခနဲ ကြည့်နေရတာပေါ့ကွာ''

''ဘာလဲ...ညောင်ခနဲ ကြည့်တယ်ဆိုတာ''

''ကြောင်ပြီး ကြည့်နေတယ်လို့ ပြောတာ''

''စကားကို ကောင်းကောင်းပြောစမ်းပါကွာ။ မင်းရဲ့ ဘာသာဗေဒ အသစ်တွေကို ထည့်မပြောနဲ့''

''အေး...အဲဒါဆိုလည်း ဆက်နားထောင်။ ဒီလို...''

အမှန်တကယ်ပင် ကောင်မလေး ကြောင်အမ်းအမ်းဖြစ်သွားသည်ကို လင်းဝင်း မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရ၏။ ကောင်မလေးကလည်း ထိုသို့သောအခြေအနေကို မျှော်လင့်ထားပုံ မပေါ်ချေ။

ကိုယ့်ဘက်ကလည်း စဉ်းစားကြည့်ကြပါဦး။ သူများအိမ်ထဲဝင်ပြီး အီးအီးပါရတာ ရှက်စရာကောင်းလှသည်။ အိမ်သာထဲက ထွက်တော့ ရှုတည်တည် ကြည့်နေသော သူ့အန်တီကြီးကို နှုတ်ဆက်ရသည်မှာ။

''နေကောင်းတယ် မဟုတ်လား''ဆိုသော စကားမျိုးနှင့်လည်း ရမည်မဟုတ်။

''ကိုယ့်ရှူး ကိုယ်ပတ်တာတော့ မဟုတ်ပါဘူး အန်တီရယ်...။ ဟီး...ဟီး...မုန့်တီစပ်စပ်ကို မဆင်မခြင် စားလိုက်မိလို့''

''အဲဒါ...ကိုယ့်ရှူးကိုယ်ပတ်တာပေါ့''

''အာ...မဟုတ်သလိုဘဲ''

''ဘာလို့ မဟုတ်ရမှာလဲ''

''ကိုယ့်ရှူးကိုယ်ပတ်ဆိုတဲ့စကားကို အန်တီကြီး ဘယ်လိုနားလည်ထားသလဲ''

အန်တီကြီး အောင့်သက်သက်ဖြစ်သွားပုံ ရသည်။

''မင်းက ငါ့ကို မြန်မာစာမတတ်ဘူး ထင်လို့လား''

''မဟုတ်ပါဘူး။ စကားပုံဆိုတာကလည်း တစ်ချို့နေရာတွေမှာ ကိုယ်ယူချင်သလို ယူကြတာကိုး...။ သဘောထားမတူရင် အံချော်နေကြမှာစိုးလို့''

အန်တီကြီးက အနည်းငယ်ပြုံးလာသည်။

''ကဲ...မင်းရဲ့သဘောကို ပြောပါဦး''

''ကိုယ့်ရှူးကိုယ်ပတ်ဆိုတာကို တစ်ချို့က တစ်မျိုးမြင်ကြတယ်။ ကိုယ်ရှူးတိုက်လိုက်တဲ့ခွေးက ကိုယ့်ကိုပြန်ကိုက်တာမျိုး ထင်နေကြတယ်''

''မဟုတ်ဘူးလား''

''ဘယ်ကလာ ဟုတ်ရမှာလဲ။ အဲဒါက နောက်ခံဇာတ်ကြောင်းရှိတယ်''

''အင်း...ပြောစမ်းပါဦး''

ကြောင်နစ်ကောင်စာအုပ်တိုက်
www.burmeseclassic.com
ကြောင်နစ်ကောင်စာအုပ်တိုက်

BURMESE CLASSIC .com

"နည်းနည်းတော့ ရှည်တယ်။ ဒါပေမဲ့ လိုရင်းကို ပြောပြမယ်လေ"

"ပြောပါဆို..."

"တစ်ခါက ရှေ့နေတစ်ယောက်ဆီမှာ တရားခံက အမှုလာအပ်တယ်။ ရှေ့နေက အကြံပေးတယ်။ တရားသူကြီး မေးသမျှကို 'ရှူး... ရှူး'လို့သာ ဖြေတဲ့"

"အင်း..."

"တရားခံက အဲဒီလိုမေးသမျှ 'ရှူး...ရှူး'ကြီး လုပ်နေတော့ ရူးနေတယ်ထင်ပြီး တရားသူကြီးက လွှတ်ပေးလိုက်တယ်"

"အင်း..."

"အမှုပြီးလို့ တရားခံဆီမှာ ရှေ့နေစရိတ် တောင်းတော့ တရားခံက မပေးဘူးလေ။ 'ရှူး...ရှူး'လို့ပဲ ပြန်လုပ်ပြတယ်။ အဲဒီမှာ ရှေ့နေက ကိုယ့်ရှူးတော့ ကိုယ်ပတ်ပြီလို့ ညည်းတယ်"

"သြော်...အဲဒီလိုလား"

"အဲဒီလို..."

ထိုအချိန်မှာပဲ ခါးခါးက အိမ်ပေါ်မှ ဆင်းလာခြင်းဖြစ်သည်။ အဝတ်အစားပါ လဲလာ၏။ သူနှင့် သူမ၏အဒေါ်တို့ စကားကောင်းနေတာကို ကြည့်ပြီး အံ့သြနေသည်။ သူက ဂရုမစိုက်ဘဲ စကားကို ဆက်ပြောနေသည်။

"ကျွန်တော်ဆို စကားပုံ ထွင်ထားသေးတယ်"

"ပြောပါဦး"

"ကျွန်တော်တို့ ဘီယာသောက်တဲ့အခါမှာပေါ့"

"မင်းက ဘီယာသောက်သလား"

"ကြုံရင် သောက်တာပေါ့။ အခြောက်မှ မဟုတ်တာ"

"ဘီယာမသောက်ရင် အခြောက်လား"

သူမ၏အဒေါ်က ထရယ်သည်။ သူကတော့ ဘယ်လိုမှ မခံစားရပါ။ သူမအတွက်တော့ ထူးဆန်းနေသည်။ သူမ၏အဒေါ်က အလွန်ခက်ကျ





ကာ၊ အလွန်ဆက်ဆံရခက်သူအဖြစ် သိထားသောကြောင့်ပင်။ ယခုဘာကြောင့် ဤသတ္တဝါနှင့် လေပေးဖြောင့်နေမှန်း မသိ။

"ကဲ...ကဲ ပြောပါဦး၊ မင်းရဲ့စကားပုံကို"

"ကိုယ့်အတက်နဲ့ ကိုယ်စူး။ ကိုယ့်ရှူးကိုယ်ပတ်တော့ မဟုတ်ဘူး"

"အေးပါ...ပြောပါဆို"

"ကိုယ့်ခွက်နဲ့ကိုယ်မူး၊ ကိုယ့်ဆူးကိုယ့်ဖက်ပဲ"

ဒေါ်ကြီးက ထရယ်ပြန်သည်။ ထရယ်သည်ဆို၍ မတ်တပ်ရပ်ရယ်ခြင်းတော့ မဟုတ်ပါ။ ဖြုံးခနဲရယ်ခြင်းမျိုးကို ဆိုလိုပါသည်။ မနေသာသဖြင့် ဝင်ပြောရသည်။ (လင်းဝင်းက မည်သို့သိသနည်းဟု မမေးပါနှင့်။ စာရေးဆရာကချည်း ဝင်ပြောသည်ဟုဆိုလျှင်လည်းဆို။ အဲဒီလိုချည်းတော့ ဖြစ်သွားသည်။)

"ရှင်က ဒေါ်ကြီးကို မြန်မာစာနဲ့ပတ်သက်ပြီး လျှောက်ပြောနေတာလား"

"အင်း...ဆိုပါတော့"

"ဒေါ်ကြီးက မြန်မာစာပါမောက္ခရှင့်"

"ဟင်..."

ထိုအခါကျမှ လင်းဝင်း သေသေချာချာကြည့်မိသည်။ သို့သော်...

"ဟုတ်လို့လား..."

"ရှင့်ကို ညာပြောရမှာလား"

"ဘယ်သူတုန်း"

"ဒေါ်ငြိမ်းငြိမ်း"

"ဟင်...အဲဒါဆို ကျွန်တော့် ဆရာမကြီးပဲ"

"ရှင် မမှတ်မိဘူးလား"

"ဟီဟိ...မမှတ်မိဘူး"

ဆရာမကြီးက ရယ်ပြန်သည်။

"မင်းက ဘယ်နှစ်က ကျောင်းပြီးတာလဲ"

"မနှစ်ကမှ"

www.burmeseclassic.com

BURMESE CLASSIC .com

''အဲဒါ ငါ့ကို မသိဘူး။ ဟုတ်လား...''

''အဲ...ဟို...ဟိုဒင်းလေ''

ဆရာမကြီးက ထရယ်ပါတော့သည်။ ပြီး...

''မင်းက ဘာမေ့ဂျာလဲ''

မရဲတရဲဖြင့် ပြောရပါသည်။

''မြန်...မြန်မာစာပဲ''

ဆရာမကြီးတင်မဟုတ်၊ ဆရာမလေးကပါ ရယ်ပါတော့သည်။ မတတ်နိုင်။ ထိုအကြောင်းကို ပြန်ပြောပြတော့ အားလုံးက ဝိုင်းရယ်ကြပြန်သည်။ မိုးဦးဝေသီက...

''ဘာပဲပြောပြော အဲဒီ့အိမ်ကို ဝင်ခွင့်ထွက်ခွင့်ရသွားပြီပေါ့။ ဟုတ်လား...''

''အင်း...ဆရာမကြီးက ငါ့ကို ခင်သွားတယ်ဟ''

''ဟိုကောင်မလေးကကော...''

''ဟီး...ဟီး''

''လှလား''

''လှတာပေါ့''

''နင် ကြိုက်သွားပြီပေါ့''

''စဉ်းစားတယ်''

ဝေယံနှင့် ထင်ပေါ်ဦးက...

''ငါတို့နဲ့ မိတ်ဆက်ပေးဦးလေ''

''ငါ့ဟာငါတောင် မိတ်မဆက်ရသေးဘူး''

''ဒါနဲ့များ ကောင်မလေးနာမည်ကို မင်း ဘယ်လိုသိလဲ''

''ဟင့်အင်း...သူ့နာမည်ကို ငါမသိပါဘူး။ သူ့ကို ငါ့ဘာသာ နာမည်ပေးလိုက်တာ''

''သူ သိလား''

''မသိသေးဘူး''



# (၅)

ထိုအကြောင်းကိုပြောရတာ အတော်ပင်ရှည်လျားခဲ့ချေပြီ။ သို့သော် မပြီးဆုံးနိုင်သေး။ နောက်ကိစ္စတစ်ခုက ဝင်လာချေသေးသည်ကို။ ပြောပြမည်ကြံတုန်း...

''အဲဒီကောင်မလေးရဲ့ နာမည်ရင်းက ဘယ်သူလဲ''

''မသိဘူးလေ...''

''အဲဒါဆို မင်းက ဘာလို့ ခါးခါးလို့ ခေါ်တာလဲ''

''ခေါ်ချင်လို့ ခေါ်တာပေါ့ကွာ''

''အရူး''

''နေပါဦး။ ပြောစရာက ကျန်သေးတယ်။ မပြီးသေးဘူး။ မင်းတို့ ဖြတ်ပြောနေတာနဲ့ပဲ လိုရင်းကို မရောက်ဘူး''

မိုးဦးဝေသီက ဝင်စပ်စုသည်။

''အေး...ပြောစမ်းပါဦးဟဲ့။ ဟိုကောင်တွေ ပါးစပ်ပိတ်ထား''

ဝေယံနှင့်ထင်ပေါ်ဦး ငြိမ်သွားသည်။

''ငါကလည်း တဖြည်းဖြည်း ပြောစရာစကားက ကုန်သွားပြီ။ ရင်းနှီးကြသူတွေလည်း မဟုတ်ဘဲကိုး။ ကဲ...ကိုယ့်ကိစ္စပြီးရင် ပြန်မှပဲ

www.burmeseclassic.com

BURMESE CLASSIC .com



ဆိုပြီး နှုတ်ဆက်စကား ပြောတော့မလို့။ အဲဒါပဲ ဇာတ်လမ်းက တစ်ဆစ်ချိုး ထပ်ကွေ့သွားတယ်''

''အေး…ပြော''

''အဲဒီ့အချိန်မှာ အိမ်ထဲကို ဘောလုံးကြီးတစ်လုံး ဝင်လာတယ်''

''ဟင်…အပြင်က ဘောလုံးကြီးတစ်လုံး ဝင်လာတယ်။ ကလေးတွေ ကန်လိုက်တာလား''

''ကောင်မလေးက မင်းကို လန့်ပြီး ဖက်လိုက်သလား''

''အဖွားကြီးက လန့်ပြီး တက်သွားလို့လား''

''မဟုတ်ဘူး။ အဲဒီ ဘောလုံးကြီးနောက်မှာ ကောင်မလေးတစ်ယောက်လည်း ပါလာတယ်။ ထရက်ဆု ဝတ်စုံနဲ့။ အဲ…သူလည်း အတော်လှတဲ့ ကောင်မလေးပဲကွ။ ပွစိပွစိနဲ့''

''ဘာတွေ ပွစိပွစိလဲ''

''ဩော်…သူ အပြင်က ခေါ်နေတာ ကြာလှပြီ၊ ဘယ်သူကမှ အရေးမလုပ်ကြဘူး ဘာညာပေါ့ကွ''

''အင်း…အဲဒီလိုနဲ့''

''သူတို့ကလည်း ဩော်သည်နဲ့ စကားပြောနေလို့၊ မသိလိုက်လို့ ဒါတွေပဲပေါ့''

''အဲဒီကောင်မလေး ဝင်လာတာနဲ့ပဲ ဇာတ်လမ်းက ဘယ်လိုချိုးကွေ့သွားတာလဲ''

''စကားအရမ်းပြောတဲ့ ကောင်မလေးကွ။ ငါတွေ့ဖူးသလို ရှိတယ်ဆိုပြီး ကြည့်နေတာ။ တဖြည်းဖြည်းနဲ့ မှတ်မိလာတယ်။ အဲဒါနဲ့ လှမ်းခေါ်လိုက်တယ်။ ဟဲ့…ငှက်ပျောသီး လို့''

''ကောင်မလေးနာမည်က ငှက်ပျောသီးတဲ့လား''

''နာမည်ပြောင်ပေါ့ကွာ။ ငါတစ်ယောက်တည်းခေါ်တာ။ ငယ်ငယ်ကတည်းက…''

''အဲဒီတော့…''

''သူလည်း ငါ့ကို သေသေချာချာကြည့်ပြီး မှတ်မိသွားတာပေါ့။ ဝမ်းသာအားရနဲ့ ညံ့သွားပြန်တာပေါ့''

ငှက်ပျောသီးအရမ်းကြိုက်သော သူငယ်ချင်းမဖြစ်၍ ငှက်ပျောသီးဟု ခေါ်ခြင်းဖြစ်သည်။ အများစုကတော့ ချိုချို၊ မိချိုစသဖြင့် ခေါ်ကြသည်။ နာမည်အရင်းက ယမုံချို…။

ငှက်ပျောသီးကလည်း သူ့ကို…

''ဟယ်…ငတီး''

လင်းဝင်း၏ ငယ်အမည်က ငတီးဖြစ်ကြောင်း မိုးဦးဝေသီတို့ကို ဖြတ်ရှင်းပြရပြန်သည်။ ဝိုင်းရယ်ကြပြန်သည်။ င…ငတီး ပြုံးပြုံးကြီး လုပ်ကာ ဆက်ပြောရပြန်သည်။

''နင်က ဘယ်လိုလုပ် ရန်ကုန်ရောက်လာတာလဲ''

''ငါ…ဘောလုံးကန်ဖို့လေ''

''ဘယ်လို…''

''တိုင်းနဲ့ပြည်နယ် အမျိုးသမီးဘောလုံးပွဲလေ…။ ငါက ကိုးသမား''

''အောင်မာ…တယ်ဟုတ်ပါလား။ မြင်ယောင်ပါသေးတယ်''

''ဘာလဲ…ရှုံးမှာကိုလား''

''သိနေရင်လည်း မပြောတော့ပါဘူး''

''နင်က အထင်သေးနေလို့ပါ''

''နောက်တာပါဟာ…။ နင့်ကို အထင်မသေးရဲပါဘူး''

''အန်ကယ်တို့ အန်တီတို့ကော နေကောင်းကြလား''

''အေး…။ နင်တို့ကော…''

''ကောင်းတယ်''

ပြီး…ငှက်ပျောသီးက ငယ်ငယ်တုန်းက မျောက်ရှုံးအောင် ဆော့ခဲ့ကြသည့်အကြောင်းတွေကို လျှောက်ပြောပြန်သည်။ တစ်အိမ်လုံးမှာ သူ့အသံကပဲ ကျွတ်စီကျွတ်စီ ဖြစ်နေတော့သည်။ အိမ်ရှင်တူအရီးက အပြုံးနှင့်သာ နားထောင်နေကြရသည်။

လင်းဝင်းကပဲ နည်းနည်းအားနာသလို ဖြစ်လာရသည်။

''နင်တို့ဘောလုံးပွဲက ဘယ်တော့လဲ။ ငါလာကြည့်မယ်လေ''

www.burmeseclassic.com

BURMESE CLASSIC .com

"အေး…လာကြည့်ရမှာပေါ့။ နင်နဲ့ခါးခါး လာကြည့်ရမှာပေါ့"

"ဘယ်က ခါးခါးလဲ"

"ဒီ ခါးခါးပေါ့"

အိမ်ရှင်မချောလေး မေးငေါ့ပြပြီး…

"ငါတို့ မွန်ပြည်နယ်ပြောင်းသွားပြီးတော့ ငါနဲ့သူနဲ့က အတွဲလေ။ ငါက ချိုချိုဆိုတော့ သူ့ကို ခါးခါးလို့ ခေါ်ကြတာ…။ နောက်တော့ ခါးခါးတို့က ရန်ကုန်ပြောင်းသွားရော…။ အဆက်အသွယ်တော့ မပြတ်ပါဘူး"

အန်တီကြီးက ဝင်ပြောသည်။

"ချိုချိုက လုလိုက်တာ…။ အသားအရည်ကို စိုပြည်နေတာပဲ"

"အဲဒါ ငှက်ပျောသီးစားပေးလို့ပေါ့ ကြီးကြီးရဲ့။ ငှက်ပျောသီးက အသားအရည်ကို အေးပြီး၊ ကြည်တယ်"

"ကိုယ်လုံးကလည်း မပိန်မဝနဲ့ အနေတော်ပဲ။ အတော်ထိန်းနိုင်တာပဲ"

"အဲဒါလည်း ငှက်ပျောသီးကြောင့်ပဲလေ"

"ဟင်…ငှက်ပျောသီးစားရင် ဝတယ်မဟုတ်ဘူးလား"

"ဟင့်အင်း…မဟုတ်ဘူး ကြီးကြီးရဲ့။ ငှက်ပျောသီးက ပိန်သူကို ဝပြီး ဝသူကို ကိုယ်ရည်စစ်တယ်။ အဓိကကတော့ ရခိုင်ငှက်ပျောသီးပေါ့။ သူ့မှာ ကိုလက်ထရောကျဆင်းစေတဲ့ဓာတ်တွေ ပါတယ်။ Hypolipidaemi Activity တွေ ပါတယ်"

အန်တီကြီးက ရှက်ရယ် ရယ်ကာ…

"ဒီအရွယ်ကြီးကျမှ မလှချင်တော့ပါဘူး ချိုချိုရယ်…။ ဆံပင်တွေ ကျွတ်နေပြီ"

"ဟာ…အဲဒါ ဆေးနည်းရှိတယ်"

"ဟုတ်လား…။ ပြောပါဦး"

"ငှက်ပျောသီးအခိုင်အလက်တွေကို ခုတ်လို့ ကျလာတဲ့အရည်နဲ့ ဦးရည်မှာ သုံးလေးရက်လိမ်းထား။ ပြီး…ခေါင်းပြန်လျှော်။ သိသိသာသာ



သက်သာသွားလိမ့်မယ်"

လင်းဝင်း စိတ်မသက်မသာ ဝင်ပြောမိသည်။

"နင့်ဟာကလည်းဟယ်"

"ဘာလဲ"

"ငှက်ပျောသီးကကို မတက်တော့ဘူး"

"ဘာဖြစ်လဲ…။ နင်တောင် ငါ့ကို ငှက်ပျောသီးလို့ ခေါ်ခဲ့တာပဲ"

ခါးခါးဆိုသော ကောင်မလေးက ရယ်သည်။ အတော်ချစ်စရာကောင်းသော ကောင်မလေးဖြစ်ကြောင်း တွေ့ရ၏။

"နင့်အကျင့်က ဒီအတိုင်းပဲနော်"

"နင်လည်း အရင်လို ငတီးပဲလား"

"အေး"

သူနှင့်ချိုချိုတို့ ရယ်ဖြစ်ကြပြန်သည်။ ဟို တူအရီးကတော့ ပြုံးမြဲပြုံးလျက်။ အန်တီကြီးက ခုမှ သတိရလာသလို ဝင်ပြောသည်။ လင်းဝင်းကို မဟုတ်ပါ။ သူ့တူမကို…။

"ဟဲ့…အအေးလေးဘာလေး လုပ်ဦးလေ"

"တော်ပြီ…မလုပ်နဲ့တော့"

နှစ်ယောက်လုံးက သံပြိုင် တားလိုက်ကြသည်။

"ဘာဖြစ်လို့တုန်းကွယ့်"

ချိုချိုက…

"ခုပဲ အအေးဆိုင်ထဲက ထွက်လာလို့ပါ ကြီးကြီးရဲ့"

လင်းဝင်းကလည်း…

"ခုပဲ အိမ်သာထဲက ထွက်လာလို့ပါ ကြီးကြီးရဲ့"

အားလုံး ရယ်ဖြစ်ကြသည်။ ချိုချိုက ဘုမသိဘမသိ လူမှုရေးအရ လိုက်ရယ်ခြင်းဖြစ်သည်။ သို့မဟုတ် ရယ်သောသူ အသက်ရှည်သည်ဆိုပြီး ရယ်ခြင်းဖြစ်မည်။ ခါးခါးက…

"ချိုချိုက ငှက်ပျောသီးစားမလား။ ရှိတယ်"

"အာ…မစားဘူး၊ မစားဘူး"

www.burmeseclassic.com

BURMESE CLASSIC .com

အကြောက်အကန်ငြင်းသဖြင့် ခါးခါးက...

''ဘယ်လိုဖြစ်ရပြန်တာလဲ''

''ငှက်ပျောသီးက အဲဒီလို မစားရဘူး''

''ဘယ်လိုစားရမှာလဲ''

''ငှက်ပျောသီး အခွံနွှာစားသလို လွယ်တယ်ဆိုတဲ့စကား မှားတယ်ဟဲ့''

''ဘယ်လိုမှားတာလဲ''

''နေပူထဲက ခရီးရောက်မဆိုက် ငှက်ပျောသီးမစားရဘူး။ ငှက်ပျောသီးစားပြီးရင်လည်း ရေအေး မသောက်ရဘူး''

''ဩော်...အဲဒီလို ရှိသေးလား''

''ငှက်ပျောသီးနဲ့ တစ်ဆက်တည်း မစားရတာတွေ ရှိသေးတယ်။ ငါးတို့၊ နို့အမျိုးစုံတို့''

''ငှက်ပျောသီး စားတာလည်း စနစ်နဲ့ပါလား''

''ဟုတ်တယ်...။ ငှက်ပျောသီးစားပြီး အစာမကြေရင် လျှက်စား လျှက်ပေးရတယ်''

လင်းဝင်းက...

''တော်ပါတော့ ချိုချိုရယ်...။ နင့် ငှက်ပျောသီးဒီ္ဂကာကို ရပ်ပါတော့။ တစ်ခုမေးချင်တယ်''

''ဘာလဲ''

''နင်ပြောတဲ့ အဲဒီ့စနစ်တွေကို မျောက်တွေ သိလား''

''အမ်...''

ချိုချို ကြောင်အမ်းအမ်းဖြစ်သွားသဖြင့် ဝိုင်းရယ်ကြရပြန်သည်။

''ဒါတော့ နင်က သက်သက်စကားကပ်တာပဲ''

''ထားပါတော့ ချိုချိုရယ်...။ နင်က ဘယ်နေ့ ဘောလုံးပွဲရှိလဲ''

''ဖိန်းနွဲ့ခါ''

''နီးတောင် နီးနေပြီ။ ဒါ့ထက်...''

လင်းဝင်းက ခါးခါးဘက်လှည့်ကာ...



''ခါးခါးနဲ့ ကျွန်တော်က ဘယ်လိုချိန်းကြမှာလဲ''

ခါးခါးက တွန့်ခနဲဖြစ်သွားပြီး...

''အောင်မာ...ဘာကိစ္စ ချိန်းရမှာလဲ''

''ဘောလုံးပွဲ အတူသွားဖို့လေ''

''အိုး...ကိုယ့်လမ်းကြောင်း ကိုယ်သွားကြရုံပေါ့။ ဘာဆိုင်လဲ''

''ဒါဖြင့်လည်း ပြီးရော''

လင်းဝင်းက ဘောလုံးပွဲအကြောင်း အသေးစိတ်ထပ်မေးပြီး နှုတ်ဆက်ကာ ထိုအိမ်မှ ထွက်လာခဲ့သည်။ ကောင်မလေးနှစ်ယောက်သူ့နောက်ကျောကို ငေးကြည့်ပြီး ကျန်ရစ်ခဲ့လိမ့်မည်ဟုတော့ နည်းနည်းမှ မထင်မိပါချေ။ သူ့မျက်နှာကတော့ ပြုံးစိစိဖြစ်နေ၏။

မိုးဦးဝေသီက...

''နင်က ရည်းစားမထားဘူး၊ မထားဘူးနဲ့ ခု တွေ့တော့လည်း နှစ်ယောက်ပြိုင်ကြီးပါလား''

''ဟဲ...ဟဲ...ဟဲ အဲဒီလိုတော့လည်း မဟုတ်ပါဘူး''

''ဒါဖြင့် နှစ်ယောက်ထဲက တစ်ယောက်ပေါ့။ ရွေးပြီးပြီလား''

ဝေယံက ဝင်မေးခြင်းဖြစ်သည်။ ထင်ပေါ်ဦးက...

''စိတ်ကူးယဉ်မနေကြနဲ့၊ ဟိုနှစ်ယောက်က ရည်းစားငုတ်တုတ်ကြီးတွေ ရှိချင် ရှိနေမှာ''

လင်းဝင်းကလည်း ခေါင်းညိတ်ပြ၏။

''ဟုတ်တယ်...။ ငါလည်း အဲဒါကိုပဲ စဉ်းစားနေတယ်''

''မင်းဘက်တော့ သေချာတယ်ပေါ့''

''ဟဲ...ဟဲ...ဟဲ''

●

www.burmeseclassic.com



ကြောင်နှစ်ကောင်စာအုပ်တိုက်

(၆)

ကံကြမ္မာက ထူးဆန်းသည်ဟုပဲ ပြောရမည်လားမသိ။ ထိုတစ်ရက်အတွင်းမှာပဲ လင်းဝင်းနှင့်ခါးခါးတို့ ထပ်မံဆုံတွေ့ကြရပြန်သည်။

လင်းဝင်းက အာကောင်းနေချိန်ဖြစ်၍ ခါးခါးရောက်နေသည်ကို ချက်ချင်းမှာ သတိမပြုမိ။

''ဒီဆိုင်မှာ ပိဋကတ်မောင်ထွန်းကြိုင်အကြောင်း ရေးထားတဲ့ စာအုပ်များ ရှိသလား''

''ဗျာ...''

လင်းဝင်း မော့ကြည့်လိုက်တော့ အသက်ငါးဆယ်ခန့်ရှိသော လူဝကြီးတစ်ဦး။

''အင်း...မြန်မာလိုစာအုပ်တော့ မရှိလှဘူးဗျ။ အင်္ဂလိပ်စာအုပ် ရှိတယ်''

''ဘယ်သူရေးတဲ့ စာအုပ်လဲ''

''အနာဂါရိက ဓေါဝိန္ဒရေးတဲ့ စာအုပ်ပဲ။ သိတယ်မဟုတ်လား။ ဂျာမန်လူမျိုး တိဗက်ဘုန်းကြီးလေ''

''စာအုပ်နာမည်က ဘာတဲ့လဲ''



''The way of the white cloucls တဲ့။ မောင်ထွန်းကြိုင်အကြောင်း သက်သက်ရေးတာတော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ တော်တော်များများ ပါတယ်''

''စာအုပ်ကို ပြပါဦး''

ရှားပါးစာအုပ်ဖြစ်၏။ ပြလိုက်သည်။ ထိုလူကြီးက လှန်လှောကြည့်ပြီး...

''ဖတ်ရတာ နည်းနည်းခက်မယ့်ပုံပဲ''

''နည်းနည်းတော့ ခက်တာပေါ့''

''ရောင်းဈေးကရော...''

''၁၈၀၀''

''ဟာ...များတာပေါ့။ မလျှော့တော့ဘူးလား''

''၁၅၀၀နဲ့ ယူဗျာ''

ထိုလူကြီးက မယူရသေးခင်ကတည်းက နှမြောနေသောမျက်နှာဖြင့်...

''ငါ့အတွက်က ဒီလောက်မလိုဘူးကွ။ အကြမ်းဖျင်းလောက်သိရရင် တော်ပြီ''

''အဲဒီလိုဆိုရင်လည်း ဝယ်မနေပါနဲ့။ အကြမ်းဖျင်းလောက်ကကျွန်တော်ပြောပြရင်လည်း ရပါတယ်''

ထိုလူကြီးမျက်နှာက ဝင်းခနဲဖြစ်သွားသည်။

''ဟာ...ဟုတ်လား။ ဒါဆိုလည်း နည်းနည်းပါးပါးပြောစမ်းပါကွာ''

''ဟိုခွေးခြေ ယူထိုင်လိုက်''

နေ့လည်ခင်း၏ အေးမြသော ဗာဒံပင်ရိပ်အောက်မှာဖြစ်သည်။ ဗာဒံပင်ရိပ်ကို ဖြတ်ဖောက်စီးကျလာသော နေရောင်၏အလင်းစက်ပြောက်များသည် တစ်မျိုးတစ်ဖုံ လှပနေသည်။ တစ်ချက်တစ်ချက်မှာ လေပူဝေ့တိုက်တတ်သည်မှအပ နေသာထိုင်သာရှိပါသည်။

လင်းဝင်းက စကားစလိုက်သည်။

''ဒီလိုဗျ...။ ပိဋကတ်မောင်ထွန်းကြိုင်က အဓိကအားဖြင့် လူ

www.burmeseclassic.com

BURMESE CLASSIC .com

ဝင်စားတစ်ယောက်အဖြစ် နာမည်ကျော်တာ။ သူဟာ ပြီးခဲ့တဲ့ သူ့ရဲ့ နှစ်ဘဝကို သတိရတယ်''

''အင်း...ပြောပါဦး''

''ပထမဘဝက ပန်းတနော်မြို့ ယွန်းကျောင်းတိုက်ဆရာတော် ဦးပဏ္ဍိတတဲ့၊ မင်းတုန်းမင်းနဲ့ သီပေါမင်းရဲ့ ကြည်ညိုမှုခံရတဲ့ ဆရာတော်''

''ဟုတ်ပြီ''

''အဲဒီဘဝက ပျံလွန်ပြီးတဲ့အခါကျတော့ ရက္ခစိုးနတ် ဖြစ်သွားတယ်။ အဲဒီမှာ သုံးနှစ်ကြာတယ်''

''အင်း''

''နောက်ဘဝကျတော့ လူ့ဘဝမှာ လူဝင်စား ဖြစ်လာတယ်။ ပန်းတနော်မြို့မှာပဲ...။ မင်းဆယ်ဆိုတဲ့ရွာမှာ ဆင်းရဲသားမိသားစုကနေ ပေါက်ဖွားပြီး မောင်ထွန်းကြိုင် ဖြစ်လာတယ်။ ၁၉၂၀ ဇန်နဝါရီ ၁၃ရက် မှာ မွေးတာ''

''အင်း''

''အရမ်းဆင်းရဲတယ်။ ဒါပေမဲ့ အကြောင်းတိုက်ဆိုင်မှုရှိလာရင် အတိတ်ကို ပြန်ပြီး သတိရတတ်တယ်။ စိတ်နယ်လွန်သဘောတရားအရ Retrogression လို့ခေါ်တာပဲ။ ကိန်းအောင်းနေတဲ့ အသိဉာဏ်တွေ ပွင့်ထွက်လာတတ်တယ်။ ဆက်တိုက်ပွင့်ထွက်တယ်။ Retrocognition ခေါ်တာပေါ့''

''နေဦး...ခဏ နည်းနည်းပြန်ပြောပါဦး''

ထိုလူကြီး သူ့အင်္ကျီအိတ်ထဲမှ စာရွက်နှင့်ဘောပင်ကို ထုတ်၍ အတိုကောက်တွေ မှတ်ယူသည်။ လင်းဝင်းကိုလည်း အထင်ကြီးသွားပုံ ရသည်။

''ကဲ...ရပြီ...ရပြီ။ ဆက်ပြောပါဦး''

နောက်ထပ်ပြောသမျှကို ဆက်တိုက်လိုက်မှတ်တော့သည်။

''သူ့အသက် လေးနှစ် ရှစ်လအရွယ်မှာ ဘိုကလေးမြို့က အလှူ တစ်ခုနဲ့ကြုံတော့ သူ့အဖေရဲ့ပခုံးပေါ်မှာ ထိုင်လိုက်ပြီး ဒါနတရားအကြောင်း



ကို ဌာန်ကရိုဏ်းကျကျ တရားဟောတယ်။ အဲဒီအချိန်ကစပြီး မောင်ထွန်းကြိုင်ဟာ အရမ်းနာမည်ကြီးသွားတယ်။ ဆယ်သန်းသတင်းစာတို့၊ သူရိယသတင်းစာတို့မှာ အကျယ်တဝင့်ဖော်ပြခံရတယ်။ မြန်မာ စာအုပ်စာတမ်းတွေမှာတင်မကဘူး၊ အင်္ဂလိပ်ဘာသာနဲ့ထုတ်ဝေတဲ့ စာအုပ် စာတမ်းတွေမှာလည်း အထင်ကရ ဖြစ်လာတယ်''

''ဟုတ်ပြီဗျာ''

ထိုအချိန်မှာပဲ လင်းဝင်းက စကားကို ရှေ့ဆက်မည်ပြုပြီးမှ တုံ့ခနဲ ရပ်သွားသည်။ မလှမ်းမကမ်းမှာ သူ့စာအုပ်တွေကို စိတ်ဝင်တစား ကိုင်ဆွဲ ကြည့်နေသော ခါးခါးကို တွေ့လိုက်ရသောကြောင့်ဖြစ်၏။

စကားစကို တုံးတိတိ ဖြတ်လိုက်သည်။

''ဟာ...ဆက်ပြောဖို့ အချိန်မရတော့ဘူးဗျာ။ ဟိုမှာ ကျွန်တော့် ဖောက်သည် ရောက်နေပြီ''

ထိုလူကြီးက စိတ်မဆိုးပါ။

''အို...ရတယ်...ရတယ် လုပ်ပါ။ ဒီလောက်သိရရင်တောင် မဆိုး ပါဘူး။ ဖြစ်ပါပြီ''

''ဦးလေးကြီးက ဘာလုပ်ဖို့လဲ''

''အိုဗျာ...။ ဓမ္မာရုံမှာ ည လူစုံရင် ဦးတုတ်ကြီးက မောင်ထွန်းကြိုင် နာမည်ပြောပြီး လူလည်ကျလွန်းလို့။ လိုအပ်ရင် ကိုယ့်ဘက်ကလည်း ပြန်ပြောလို့ ရအောင်ပါ။ ငြင်းသင့်လည်း ငြင်းရတာပေါ့''

''သြော်...''

လင်းဝင်း ဘာပြန်ပြောရမည်မှန်းမသိ ဖြစ်သွားသည်။ သူထွင်ထား သော စကားပုံအတိုင်း ပြန်ပြောရလျှင် 'အပ်နဖားပေါက်ကို စောင့်သော နတ်လို ကြပ်'သွား၏။ ထိုလူကြီးက သူ့ကိုနှုတ်ဆက်ပြီး ထွက်သွား၏။ ထိုအခါကျမှ လင်းဝင်းက ခါးခါး စာအုပ်ထိုင်ကြည့်နေရာသို့ လျှောက်သွား ပြီး...

''အဟမ်း''

ခါးခါးက မော့ကြည့်သည်။ သူ့ကိုတွေ့တော့ မျက်မှောင်ကြုတ်

www.burmeseclassic.com

BURMESE CLASSIC .com

သွား၏။

"ချောင်းဆိုးရင်လည်း ချောင်းဆိုးပျောက်ဆေး ဝယ်သောက်လိုက်"

"ချောင်းဆိုးတာ မဟုတ်ဘူး၊ ချောင်းဟန့်တာ။ ခင်ဗျား ဘာ စာအုပ် ရှာသလဲလို့"

"ကျွန်မဘာသာ ဘာစာအုပ်ရှာရှာ၊ ရှင်နဲ့ မဆိုင်ပါဘူး"

ပြီး...သူမဘာသာ စာအုပ်ကို ဆက်ရွေးနေ၏။

"ဟောဗျာ...။ ကျွန်တော့်ဆီမှာရှိတဲ့ စာအုပ်ဆိုရင် ထုတ်ပေး လိုက်လို့ လွယ်တယ်လေ။ ရှာနေစရာ မလိုတော့ဘူးပေါ့"

ခေါင်းမော့လာ၏။ အံ့သြသလို ကြည့်ပြီး...

"ဒါ...ရှင့်ဆိုင်လား"

"ဟုတ်ပါ့ဗျာ"

"ဟင်...ဒါနဲ့များ ရှင်က သူဌေးသားဆို"

"သူဌေးသားက လမ်းဘေးမှာ စာအုပ်ဟောင်းရောင်းတာ ဘာ ဖြစ်လဲ"

"ဟင်..."

သူမ ဘာမှ ပြန်မပြောချေ။ လင်းဝင်းကိုသာ နားမလည်သလို ကြည့်နေသည်။ လင်းဝင်းကပဲ...

"ကဲပါ...ပြောပါ။ ဘာစာအုပ်မျိုး လိုချင်တာလဲ၊ တွေ့တဲ့အတိုင်းပဲ ကျွန်တော့်ဆီမှာက စာအုပ်တွေအများကြီး။ ခင်ဗျား ဒီအတိုင်း လိုက်ရှာ နေရင် ခေါင်းမူး၊ မျက်စိမူးသွားမယ်"

"ခုနက ရှင် ဘယ်သွားနေတာလဲ"

"ဒီနားမှာ လူတစ်ယောက်နဲ့ စကားပြောနေလို့"

ဓမ္မာရုံမှ ပုဂ္ဂိုလ်ကြီး ကွယ်နေသဖြင့် သူတို့တွေ တစ်ယောက်ကို တစ်ယောက် မမြင်ကြခြင်း ဖြစ်သည်။

"ကဲ...ဒါဖြင့် ကျွန်မလိုချင်တာ ဒီစာအုပ်တွေပဲ"

သူမက စာရင်းစာရွက်တစ်ရွက်ကို ထုတ်ပြ၏။ စုစုပေါင်း ငါးအုပ်။ လေးအုပ်က ရှိသည်။ လင်းဝင်းက ဖျိုးဖျိုးဖျတ်ဖျတ်ဆွဲထုတ်ပြီး ပေးလိုက်

www.burmeseclassic.com





သည်။ ထိုစာအုပ်တွေ၏ အားသာချက် အားနည်းချက်များနှင့် နောက်ခံ သမိုင်းများကိုပါ တတွတ်တွတ်ရှင်းပြလိုက်သေးသည်။ သူ၏ လုပ်ငန်း ကျွမ်းကျင်မှုကို တွေ့သဖြင့် အယုံအကြည်ရှိသွားသည့်အပြင် စာပေရေး ရာနှံ့စပ်မှုကိုပါ အထင်ကြီးသွားပုံရသည်။

လင်းဝင်းက ဈေးကိုလည်း လျှော့လျှော့ပေါ့ပေါ့ ယူလိုက်ပါသည်။ သူမ မဂ္ဂဇင်းတစ်အုပ်ကို ဆွဲယူကြည့်ပြီး...

"မုခဆိုတာ ဘာအဓိပ္ပါယ်လဲ"

"မုခဆိုတာ မျက်နှာပဲလေ။ မျက်နှာဖုံးကိုလည်း ခေါ်တယ်။ အာသံနဲ့ မဏိပူရမှာ မုခမျက်နှာဖုံးတွေစွပ်ပြီး ကတဲ့ ဘိုနာပွဲတော်ဆိုတာ ရှိတယ်။ အတော်နာမည်ကြီးတယ်"

သူမက အတင့်ရဲပြီး မေးခွန်းတစ်ချို့ကို ထပ်မေးလာ၏။

"ရှင့်ဆီမှာ အသံမဲ့ဇုန်နဲ့ ပတ်သက်တဲ့စာအုပ်ကော ရှိလား"

"ဘာရယ်..."

"အသံမဲ့ဇုန်လေ...။ ဘာမြူဒါတြိဂံဒေသလိုမျိုး ဇုန်တစ်ခုပဲလေ။ အဲဒီဇုန်မှာက အသံမရှိဘူး"

"အာ...မဖြစ်နိုင်ပါဘူးဗျာ"

"ဖြစ်နိုင်လို့ ဖြစ်လာပြီပဲ၊ ရှာတွေ့ခဲ့ကြပြီပဲ အဲဒီအသံမဲ့ဇုန်ကို"

"ခင်ဗျားက စိတ်ဝင်စားလို့လား"

"အင်း..."

"ရှာကြည့်ထားပေးမယ်။ မြန်မာလိုတော့ မကြားဖူးဘူး"

"အင်္ဂလိပ်စာအုပ်ရရင်လည်း ယူမယ်လေ"

"အင်း...မေးကြည့် ရှာကြည့်ပေးထားပါ့မယ်။ တွေ့ရင် ဆွဲထား ပေးမယ်။ ကျွန်တော်ကတော့ သိပ်မယုံဘူး။ လူ့နားနဲ့ ကြားရတဲ့ မကြား ရတဲ့အသံဆိုတာပဲ ရှိတယ်၊ အသံမဲ့တယ်ဆိုတာ မရှိဘူး။ အသံနဲ့ပတ်သက် တဲ့၊ မန္တာန်နဲ့ပတ်သက်တဲ့စာအုပ်တွေကို ခင်ဗျားလေ့လာကြည့်ဖို့ ကောင်း တယ်။ ဆရာကြီးဦးရွှေအောင်ရဲ့ ဗုဒ္ဓဒဿနစာအုပ်တွေမှာလည်း အသံ အကြောင်း မြင့်မြင့်မားမား ရေးပြထားတယ်။ အသံဟာ ဉပါဒ်၊ ဌီ၊

BURMESE CLASSIC .com

ဘင်က ကင်းလွတ်ပြီး…''

''ကဲ…ကဲ အဲဒါတွေ ထားပါ။ အဲဒီစာအုပ်ကိုတော့ ရှာထား။ ပြီးတော့…''

''ဘာစာအုပ် ရှာဦးမလဲ''

''ဘောလုံးနဲ့ပတ်သက်တဲ့ စာအုပ်''

''ခင်ဗျားကပါ မိချိုရဲ့ရောဂါ ကူးလာပြန်ပြီလား''

''ဒါ…ရှင့်အလုပ် မဟုတ်ပါဘူး''

''မဟုတ်ပါဘူး။ ခင်ဗျားပါ ငှက်ပျောသီး စားနေရမှာစိုးလို့''

''ရှင့်အပူ မပါပါဘူး။ အဲဒီစာအုပ် ရှိ မရှိသာ ပြောပါ''

တစ်ဘက် ဗာဒံပင်ရိပ်ဆီမှ စာအုပ်အဟောင်းဆိုင်ကလေးကို ညွှန်ပြလိုက်၏။

''ဟိုဆိုင် တွေ့တယ်မို့လား''

''တွေ့သားပဲ…။ အဲဒီရှေ့က ဖြတ်လာတာ။ စာအုပ်မစုံလှလို့ ဝင်တောင် မကြည့်ခဲ့ဘူး''

''အဲဒီဆိုင်မှာ ဘောလုံးနဲ့ပတ်သက်တဲ့ စာအုပ်တစ်အုပ် ရှိတယ်''

''ဟုတ်လား''

''အင်း…ဒါပေမဲ့ စာအုပ်က အဖုံးမရှိတော့ဘူး။ ကြိုးလည်းပြေနေပြီ။ စာမျက်နှာတစ်ချို့က ပိုးစားထားတယ်။ ကျွန်တော်လွှတ်လိုက်တာလို့ ပြောလိုက်။ သိပ်မပေးရပါဘူး။ စာအုပ်က ခေတ်မမီတော့လို့''

''အိုး…အဲဒီလို ဘိုးတော်ဘုရားလက်ထက်က စာအုပ်မျိုးကို မလိုချင်ပါဘူး။ ခေတ်မီစာအုပ်မျိုးစုံပဲ လိုချင်တယ်''

''အဲဒါဆို ကျွန်တော့်မှာရှိတဲ့ အသစ်မျိုး နောက်ဆုံးထုတ်စာအုပ်မျိုးပဲ ရမယ်''

''အေး…အဲဒါမျိုးလိုချင်တာပေါ့။ ရှင်က စောစောကတော့ မပြောဘူး''

''ဩော်…မရောင်းနိုင်လို့ပါ''

''ကျွန်မ ဈေးကောင်းပေးပြီး ဝယ်မှာပါရှင့်''



''မရောင်းပါဘူးဆို…။ ခင်ဗျား ဘာကြောင့်ဝယ်တယ်ဆိုတာ ကျွန်တော်သိသားပဲ''

''ဒါဆို…ပြောကြည့်လေ''

''ခင်ဗျား မိချိုကို လက်ဆောင်ပေးမလို့ မဟုတ်လား''

''ဟုတ်တယ်လေ…။ ရှင်က ဘာသဝန်တိုစရာ ရှိလဲ''

''မတိုပါဘူး။ ကျွန်တော်က မိချိုကို လက်ဆောင်ပေးမလို့ ဖယ်ထားတာ''

''ဘယ်သူပေးပေး သူရဖို့က အဓိကပဲဟာ''

''မိချိုကို လက်ဆောင်ပေးလိုက်ဖို့အတွက် ကျွန်တော်က ခင်ဗျားကို လက်သိပ်ထိုးရောင်းသလိုဖြစ်ရင် ဘယ်ကောင်းမလဲ''

''ဘာဆိုင်လို့လဲ''

''မိချိုသိရင် ကျွန်တော့်ကို စီးပွားရေးဆန်လွန်းတယ်ထင်ပြီး ရိမှာပဲ။ သူက ပါးစပ်ကို အလကားထားတာ မဟုတ်ဘူး။ ခင်ဗျားလည်း သိသားနဲ့''

''အဲ…''

သူ နှုတ်ဆွံ့သွားလေသည်။

●

www.burmeseclassic.com

BURMESE CLASSIC .com

(၇)

ထိုနေ့မှာမှ ဆိုင်က အတော်လူကျသည်။ ညနေစောင်းပြီးမှ အိမ်ပြန်ရောက်သည်။ ခါးခါးလာသွားသောနေ့ဖြစ်၍ အရောင်းအဝယ် ကောင်းခြင်းဖြစ်မည်ဟု လင်းဝင်းက မသွာမတာတွေးဖြစ်သည်။ အိမ်ပြန် ရောက်တော့ ထင်မထားဘဲ မိချိုရောက်နေသည်နှင့် ကြုံသည်။

''ဟင်…ငါက ငါ့အိမ်ကြီး ဆူညံနေတာပဲလို့ အောက်မေ့တာ။ လက်စသပ်တော့ နင် ရောက်နေတာကိုး''

''အေး…ငါကလည်း နင်တို့အိမ်က အရင်လိုကျက်သရေရှိတုန်းပဲ လို့ စောစောကပဲ တွေးနေတာ။ ခု…နင်က ပြန်ရောက်လာတာကိုး''

''နင် ဘောလုံးမလေ့ကျင့်ဘဲ ဘာလုပ်နေတာလဲ''

''ဟဲ့…တစ်နေ့လုံး လေ့ကျင့်ပြီးပြီပဲ။ ခု နားချိန်ခဏလေးရတုန်း ထွက်လာရတာ''

''ငါ ကြားဖူးတာကတော့ ဘောလုံးသမားတွေ Camp ဝင်ရင် အပြင်မထွက်ရပါဘူး။ နင့်ကျမှ''

''ဩော်…ဒါကတော့ ငါကိုး''

''အေး…နင်တို့အသင်းကတော့ နိုင်တော့မှာပဲ''



ဖေဖေနှင့်မေမေက ပြုံးသည်။

''အေး…မင်းတို့နှစ်ယောက်ကတော့ကွာ အရင်ကအတိုင်းပဲ။ တွေ့ တာနဲ့ ရန်စကား ပြောကြတာပဲ''

''ဟုတ်ပါရဲ့ အန်ကယ်ရယ်။ ကဲ…ငါ နင်နဲ့ အကျိုးမရှိတဲ့စကားတွေ မပြောတော့ဘူး။ ဒါနဲ့ အန်တီ ခုနက မိချိုပြောတာ ဘယ်ရောက်သွားပြီ လဲ''

မေမေက ဇဝေဇဝါဖြစ်သွားပြီး အိပ်ချင်မူးတူးဖြစ်သွားသလို လေသံ နှင့်…

''ဟိုလေ…ကာဗွန်ဒိုင်အောက်ဆိုဒ်''

''ဩော်…မှတ်မိပြီ။ ကာဗိုဟိုက်ဒြိတ်ပါ အန်တီရဲ့''

''အေး…အေး။ ဆက်ပြောပါဦးကွယ်''

''ဟုတ်ကဲ့အန်တီ။ ကာဗွန်ဟိုက်ဒြိတ် ၃၆.၄၊ ရေငွေ့ ၆၁.၄၊ ပရိုတင်း ၁.၃၊ သတ္တု ၁.၇၊ အဆီက ၀.၂၊ ထုံးက ၀.၀၁''

သူ့စကားမဆုံးမီ လင်းဝင်းက ဖြတ်ပြောလိုက်သည်။

''ဘာလဲ…ဝမ်းနှုတ်ဆေးမှာ ပါတာတွေလား''

မိချို အောင့်သက်သက်ဖြစ်သွားပြီး…

''ငှက်ပျောသီးမှာ ပါတာဟဲ့။ ငှက်ပျောသီးမှာ ပါတာ''

လင်းဝင်း၏မျက်နှာ ရှုံ့မဲ့သွားရသည်။

''တဆိတ်ရှိ ဒီငှက်ပျောသီးပဲ။ တော်ပြီ…တော်ပြီ ကိုယ့်ဘာသာ ရေမိုးချိုး အဝတ်အစားလဲတော့မယ်''

ပြောရင်းဆိုရင်း အိမ်ခန်းအတွင်း ဝင်လာခဲ့လိုက်လေသည်။ ကိုယ့် ကိစ္စဝိစ္စတွေပြီး၍ ဧည့်ခန်းဆီ ပြန်ထွက်လာခဲ့တော့လည်း မိချိုက လေပေါ ၍ကောင်းဆဲ…။

''ဘောလုံးသမားတွေဆိုတာကလည်း လူပဲလေ။ တစ်ခါတစ်ခါ အိပ်မပျော်တဲ့ညတွေ ရှိတယ်။ မနက်မိုးလင်းတော့ ပွဲမှာ ဘောလုံးကောင်း ကောင်း မကန်နိုင်တော့ဘူး။ အိပ်ဆေးသောက်အိပ်ဖို့ဆိုတာကလည်း အားကစားသမားတွေအတွက် မသင့်တော်ဘူး။ အဲဒါဆို မိချိုက ညအိပ်

www.burmeseclassic.com

BURMESE CLASSIC .com

ရာမဝင်ခင်မှာ ငှက်ပျောသီးနဲ့ ထန်းလျက်ကို ဖောက်ပြီး ကျွေးလိုက်တယ်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ကုန်ကြပါလေရော''

လင်းဝင်းက ထိုင်ရမလို၊ ထရမလို ဖြစ်နေသောပုံစံကို တမင်လုပ်ပြလိုက်သည်။ မေမေက ရယ်ကြဲကြဲဖြင့်...

''ဟုတ်တယ် သားရဲ့။ ငှက်ပျောသီးက စွမ်းတယ်။ ညနေက မေမေ့လက် အပူလောင်တာကို မိချိုက ငှက်ပျောသီးနဲ့ပဲ ကုပေးတာ။ တော်တော်သက်သာတယ်''

''ဟင်...ဘယ်လိုကုသလဲ''

မိချိုက ဝင်ပြောသည်။

''အပူလောင်နေတဲ့နေရာကို ငှက်ပျောသီးနဲ့ နာနာပွတ်လိုက်တာပဲဟော့။ အမြန်ဆုံးသက်သာတဲ့ နည်းပဲ။ အမာရွတ်တောင် တင်ကျန်မှာမဟုတ်ဘူး။ စောင့်ကြည့်နေ''

လင်းဝင်းက ထိုင်ရာမှထပြီး မေမေ့လက်မှ အပူလောင်သောနေရာကို ကိုင်ကြည့်၏။

''မေမေကလည်း အဲဒါတွေကို ကိုယ်တိုင်မလုပ်ပါနဲ့။ မတင်စိန်တို့ရှိသားပဲ''

''အို...ဒါလောက်ကတော့ ရပါတယ်သားရယ်။ ပြီးတော့ မင်းတို့မတင်စိန်ကိုလည်း မေမေ စိတ်မချပါဘူး''

ထိုစဉ်မှာပဲ မတင်စိန်က ဧည့်သည်ဖြစ်သူ မိချိုအတွက် စားစရာလာချပေးသည်။

''ဘာလဲ မတင်စိန်''

''နန်းကြီးသုတ်လေ ချိုချိုရဲ့''

မိချိုက အိမ်ဖော်အစ၊ ဒရိုင်ဘာအလယ်၊ သူတို့မိသားစုအဆုံး တစ်အိမ်လုံးနှင့် ရင်းနှီးသူဖြစ်၏။ ကိုကိုကြီးလက်ပေါ်မှာ ကြီးလာသူဟု ဆိုသည်။

လင်းဝင်းတို့မှာ မောင်နှမသုံးယောက်ရှိသည်။ ကိုကိုကြီးနှင့် မမလတ်က အိမ်ထောင်ကျပြီး အိမ်ခွဲနေသည်။ လင်းဝင်းက အငယ်ဆုံး



ဖြစ်ပြီး နွားအိုနောက်ကျသားဖြစ်၍ အကြီးနှစ်ယောက်နှင့် အသက်ကွာသည်။ မိချိုနှင့်မှ ရွယ်တူ။ သူတို့နှစ်ယောက်ကို ကိုကိုကြီးက ထိန်းခဲ့သည်။

မိချိုက နန်းကြီးသုတ်ကို ချက်ချင်းမစား။ ဟိုခွက်ကို တို့လိုက် ဒီခွက်ကို နှိုက်လိုက် လုပ်နေသည်။ ရုက်၍တော့ မဟုတ်ပါ။ ငှက်ပျောသီး မဟုတ်၍ ဖြစ်နိုင်သည်။ အတန်ကလေးကြာမှ စားသည်။

လင်းဝင်းက...

''နင်ကလည်း ဘယ်လိုဖြစ်နေတာလဲ မသိဘူးနော်''

တစ်ဖွန်းမျှသာစားရသေးသော မိချိုက နားမလည်သလိုပြန်ကြည့်ပြီး...

''ဘာလဲ''

''ဒီနန်းကြီးသုတ်လေးကို အီးသုံးခါပါပြီးမှ စားတယ်''

''ဘာ...''

''ဒီလိုလေ...။ နင်က ချက်ချင်းမစားဘဲ ဟန်ရေးပြနေတာကိုး''

''အဲဒါ ဘာဖြစ်လဲ''

''ငါ A ကနေ Z အထိရေထားတာ E သုံးခါကျမှ နင်စားတယ်''

မိချိုက မျက်စောင်းထိုး၏။ ဖေဖေနဲ့မေမေက တဟားဟားထရယ်သည်။ မိချိုက သူ့ရှေ့မှ နန်းကြီးသုတ်ပန်းကန်ကို စောင်းငဲ့ကြည့်ပြီး...

''စားတောင် မစားချင်တော့ဘူး''

လင်းဝင်းကတော့ စပ်ဖြဲဖြဲ။ ဖေဖေက...

''ကဲ...ကဲ မင်းတို့ချင်း စကားပြောဦး။ ဖုန်းပြောစရာလေးတွေရှိသေးတယ်''

မေမေကလည်း...

''လက်အပူလောင်ထားတော့ ခဏဝင်နားဦးမယ်ကွယ်။ ကိုယ့်ဘာသာ ရေးဟောင်းနှောင်းဖြစ်တွေ ပြောကြ''

ရှေ့ဆင့်နောက်ဆင့် ထွက်သွားကြ၏။ ထိုအခါကျမှ လင်းဝင်းက

www.burmeseclassic.com

BURMESE CLASSIC .com

မချိုမချဉ်နှင့်...

''မိချို''

''ဘာလဲ''

''ငါ ဒီနေ့ ခါးခါးနဲ့ တွေ့တယ်။ သိလား...''

''သိသားပဲ''

''ဟင်...ဘယ်လိုလုပ် သိလဲ''

''သူနဲ့ငါ တွေ့ပြီးပြီ''

''ဩော်...ဒါဆို ဘောလုံးစာအုပ်တွေ ရပြီးပြီပေါ့''

''အင်း...''

''အဲဒါ...ငါ''

''တော်ပြီ ငါသိတယ်။ ဆက်မပြောနဲ့တော့''

လင်းဝင်း ရယ်ချင်နေမိသည်။ နေ့လည်ခင်းက ခါးခါးနှင့်အဖြစ်အပျက်ကိုလည်း ပြန်လည်မြင်ယောင်နေမိသည်။

''ကဲ...ကဲ ထားပါတော့။ ခင်ဗျား လိုချင်တယ်ဆိုရင် ဒီစာအုပ်နှစ်အုပ်ရှိတယ်''

လင်းဝင်း စာအုပ်တွေကို ထုတ်ပြလိုက်တော့ ခါးခါး၏မျက်လုံးတွေ အရောင်တောက်သွားသည်။ စာအုပ်နှစ်အုပ်လုံးက ဘောလုံးပညာနှင့် ပတ်သက်သော နောက်ဆုံးပေါ်စာအုပ်များဖြစ်၏။ မြန်မာပြည်မှ ဘောလုံးဆောင်းပါးရှင်အချို့ပင် မမြင်ဘူး၊ မကြားဘူးသော (အင်္ဂလိပ်ဘာသာနှင့် ရေးသားထားသည့်) နိုင်ငံခြားစာအုပ်များ...။

''ဒီစာအုပ်တွေကို ရှင်က ဘယ်လောက်နဲ့ ရောင်းမှာလဲ''

စာအုပ်တွေကို စိတ်ဝင်တစားလှန်လှောကြည့်ရင်း ခါးခါးက မေးသည်။

''ရောင်းဈေးတွေက ကြီးတာပေါ့။ ဒါပေမဲ့ စတီအဖြစ်ပဲ ရောင်းရမှာပေါ့''

''ဘာစတီလဲ''

''မိချိုအတွက်လည်း ဖြစ်နေတယ်။ ပြီး...ခင်ဗျားကလည်း





ကျွန်တော့်ရဲ့ မလွယ်နိုင်သော အန္တရာယ်ကို ကူဖြေရှင်းပေးထားဘူးတယ်''

ဤနေရာအရောက်တွင် မျက်စောင်းထိုး၏။

''အဲဒါကြောင့်... တစ်အုပ်ကို တစ်ကျပ်နဲ့ပဲ ရောင်းမယ်''

''ဘာ...တစ်အုပ်ကို တစ်ကျပ်။ ဟုတ်လား...''

''အင်း...''

''ရှင် မနောက်ပါနဲ့''

''အတည်ပြောနေတာ''

သူမ၏မျက်နှာကလည်း တည်သွားပါသည်။ ''ဒါဖြင့်လည်း ပြီးရော'' ဟုဆိုကာ ငွေ ၅၀/- ထုတ်ပေး၏။ ၅၀ ကျပ်တန်တစ်ရွက်ကို ထုတ်ပေးခြင်းဖြစ်သည်။

''သုံးကျပ်ပြန်အမ်း''

''ဟာ...ခင်ဗျား အဲဒီလိုတော့ မလုပ်နဲ့လေ''

''ဘာဖြစ်လို့လဲ''

''စတီအဖြစ် ရောင်းတာ။ စတီငွေစစ်စစ်ကိုပဲ ပေးရမယ်လေ။ ကျပ်တန်နှစ်ရွက်ပဲ ပေး''

''ဘယ်လိုကြီးလဲ''ဟု ရေရွတ်ကာ သူမက မျက်မှောင်ကြုတ်သည်။ ပြီးမှ...

''ကောင်းပြီလေ...။ ကျွန်မ ကျပ်တန်နှစ်ရွက် သွားရှာလိုက်မယ်''

''အိုကေ...ကျွန်တော်စောင့်နေမယ်''

ခါးခါး လှည့်ထွက်သွား၏။ အနီးအပါးမှ ရေခဲရေဆိုင်သို့ အရင်သွားခြင်းဖြစ်သည်။ အဆင်မပြေ။ ကောင်လေးဆီမှာကလည်း ငါးကျပ်တန်တွေချည်းရှိ၏။ နောက်ဆိုင် နောက်ဆိုင်တွေကိုလည်း သွားအမ်း၏။ ဘယ်ဆိုင်မှ အဆင်မပြေ။ အားလုံးမှာက ငါးကျပ်တန်တွေချည်းဖြစ်နေသည်။ စိတ်ပျက်လက်ပျက်ဖြင့် လင်းဝင်းထံ ပြန်လာသည်။ လင်းဝင်းက လေချွန်ပြီး မမြင်ချင်ယောင်ဆောင်နေသည်။

ထိုစဉ်မှာပဲ ခါးခါးက နံဘေးကွမ်းယာဆိုင်မှ ကျပ်တန်ခေါက်ကလေးကို မြင်ဖြစ်အောင် လှမ်းမြင်ပြီး ခပ်သုတ်သုတ်လျှောက်သွားသည်။

www.burmeseclassic.com

ဆိုင်ရှင်ကုလားကို…

''အစ်ကိုကြီး…အစ်ကိုကြီး''

''ဘာလဲ…ကန်မလေး''

''ကျွန်မကို ဒီကျပ်တန်လေးနှစ်ရွက်လောက် ပေးပါလား''

''ဟင်…''

ဆိုင်ရှင်ကုလား မျက်လုံးပြူးသွား၏။ ငွေနှစ်ကျပ်လာတောင်းနေသည့် ချောချောလှလှကောင်မလေးကို တအံ့တသြကြည့်သည်။ ခါးခါး ရှက်သွားသည်။ ကပျာကယာပင်…

''မဟုတ်ဘူးလေ…။ ကျွန်မ ကျပ်တန်နှစ်ရွက်လောက် လိုချင်လို့ပါ။ ပြန်ရောင်းပါ''

ကုလားက သွားအဖြဲသားနှင့် ပြုံးလိုက်ပြီး…

''အိုး…ယူဘာ ယူဘာ။ ဘယ်လောက်မှ ပေးစရာမလိုပါဘူး။ ဒါက မယ်သီလရှင်တွေ အလှူလာခံရင်ပေးဖို့ ထားတာ။ ဒါ ယူတွား ယူတွား''

ခါးခါး ရှေ့မျက်နှာနောက်ထားကာ ထိုကျပ်တန်နှစ်ရွက်ကိုယူပြီး သူ့ထံ ပြန်ရောက်လာ၏။ မျက်နှာနီရဲနေသဖြင့် အတော်ရှက်သွားကြောင်း သိသာသည်။ သူကလည်း နောက်ပြောင်မနေတော့ဘဲ အလိုက်တသိဖြင့်ပင် စာအုပ်များကို ရှောရှောရှူရှူ ပေးလိုက်တော့သည်။

မိချိုက…

''ခါးခါးက အရမ်းရှက်တာဟ။ နင်က အစလွန်တာကိုး''

''အေးပါဟာ…ငါကလည်း ခင်ရာခင်ကြောင်း နောက်တာပါ။ ဒါထက် နင်တို့ဘောလုံးပွဲကို လာကြည့်ဖို့ကကော''

''သူကတော့ သူ့အစီအစဉ်နဲ့သူ လာမှာပဲ။ ဟိုရောက်မှ ဆုံကြမှာပေါ့''

အစီအစဉ်လေးတွေချပြီး အမြန်ဆွေးနွေးကြရ၏။ မိချိုက အချိန်သိပ်မရှိ။

''ဒါနဲ့ နေပါဦး မိချိုရဲ့''





''ဘာတုန်း''

''နင်က ခါးခါးလို့ခေါ်တိုင်း ငါက လိုက်ခေါ်လို့ ကောင်းတာမဟုတ်ဘူး။ သူ့နာမည် ပြောပါဦး''

''နင် သိပ်သိချင်နေတယ်ပေါ့လေ''

''အေး''

''ဖော်မွန်ဦး…တဲ့''

●

www.burmeseclassic.com

BURMESE CLASSIC .com

# (၈)

ဘောလုံးပွဲကို တကယ်တမ်း သွားကြည့်တော့ တကယ်တမ်းပင် မိချို၏အရည်အချင်းက မသေးလှပါ။ သူမ၏အရည်အချင်းအပြင် သူမ၏ အလှအပကြောင့်လား မသိ။ ပရိသတ်အားပေးမှုကို အတော်ရ၏။

သူမတို့တစ်သင်းလုံး၏ ကစားကွက်ကလည်း မဆိုးလှပါ။ သို့သော် သူမတို့အသင်းထက် တောင့်တင်းသော အင်း...အမျိုးသမီးဘောလုံး အသင်းများကို ဘယ်အသင်းက တောင့်သည်၊ ဘယ်အသင်းက မတောင့် ဟု ဆိုရမှာ အဓိပ္ပါယ်တစ်မျိုး သက်ရောက်နိုင်သည်။ စကားကို ပြင်ရမည်။ သူတို့အသင်းထက် ခြေသာသော အခြားထိပ်တန်းအသင်းကြီးများကို မယှဉ်နိုင်သဖြင့် ပြိုင်ပွဲတစ်ဝက်တပျက်မှာပင် သူတို့အသင်း ထွက်ရလေ သည်။

မည်သို့ပင်ဖြစ်စေကာမူ ဘောလုံးပွဲအတူကြည့်ရင်း၊ ဝေဖန်အော် ဟစ်အားပေးရင်း လင်းဝင်းနှင့်ခါးခါး (သို့မဟုတ်) ဖော်မွန်ဦးတို့ ရင်းနှီး သွားကြလေသည်။ ဒါကိုပင် လင်းဝင်းက ကျေနပ်မဆုံး။

ထိုရက်အတွင်းမှာ လင်းဝင်းတစ်ယောက် ဆိုင်ကိုလည်း မှန်မှန် မထွက်ဖြစ်။ ဆုံနေကျ သူငယ်ချင်းများနှင့်လည်း မဆုံဖြစ်ချေ။ သူတို့



ဘောလုံးအသင်းက အောင်ဖျာလိပ်ပြီး မြို့အဝင်ထိပ်လောက်ကို ပြန် ရောက်နေလောက်ပြီဖြစ်သော်လည်း မိချိုက ရန်ကုန်မှာပဲ ချန်နေရစ်၏။ ထို့ကြောင့် သူတို့အားလုံးကို အအေးဆိုင်တစ်ဆိုင်မှာ ဆုံပေးဖြစ်၏။

"ချိုချိုတို့ ခါးခါးတို့ မှတ်ထားကြ၊ ငါ့သူငယ်ချင်းတွေပဲ။ သူက မိုးဦးဝေသီတဲ့..."

"ဟုတ်ကဲ့"

"သူက...ဝေယံ"

"ဟုတ်ကဲ့"

"သူက...ထင်ပေါ်ဦး"

"ဟုတ်ကဲ့"

"ကဲ...မင်းတို့ဘာသာ မှန်းကြည့်ကြစမ်း။ ဒီနှစ်ယောက်မှာ ဘယ် သူက ချိုချို၊ ဘယ်သူက ခါးခါးဖြစ်မလဲ"

ချိုချို ခါးခါးတို့က ပြုံးနေကြသည်။ ဝေယံနှင့်ထင်ပေါ်ဦးက အလှ ချင်းပြိုင်နေသော မိန်းကလေးနှစ်ဦးကို ခေါ်တောနှစ်ကောင်အားဖြင့်သာ ကြည့်နေသော်လည်း မဝေခွဲနိုင်။

မိုးဦးဝေသီက...

"ဒီဘက်က ချိုချိုဖြစ်မယ်"

လင်းဝင်းက...

"သေချာလား"

"ထင်တာပဲလေ..."

"ဒါဆို ဟိုတစ်ယောက်က ခါးခါးပေါ့"

"ဒါပဲ ရှိတော့တာပေါ့"

"အေး...ဟုတ်တယ်ဟ"

အမှန်တကယ်လည်း ဟုတ်လေသည်။ ချိုချိုက...

"တို့ကို ဘယ်လိုလုပ် ချိုချိုမှန်း သိတာလဲ"

"ဟိုလေ...နည်းနည်းယောကျ်ားဆန်သလားလို့"

"ဘာလဲ...လင်းဝင်းက တို့အကြောင်းကို အဲဒီလို ပြောထားလို့

www.burmeseclassic.com

BURMESE CLASSIC .com

လား''

''မဟုတ်ပါဘူး။ မိန်းကလေးဘောလုံးသမားဆိုတော့ နည်းနည်းယောကျ်ားလေးဆန်မလားလို့ပါ''

''ဟယ်...တွေးတတ်လိုက်တာ။ မိုးဦးက အရမ်းတော်တာပဲ''

သူတို့တွေ အဖွဲ့ကျသွား၏။ မိချိုက နှုတ်သွက်သလို မိုးဦးဝေသီကလည်း ဆက်ဆံရေးညက်သဖြင့် ခဏအတွင်းမှာ သူတို့တွေ ရင်းနှီးသွားကြသည်။ ခေတ်လူငယ်တွေပီပီ ခင်မင်ပွင့်လင်းစွာ ဆက်ဆံဖြစ်ကြသည်။ နောက်တော့လည်း (ပရိတ်သတ်မျှော်လင့်ထားမည့်အတိုင်း) စကားဝိုင်းမှာ မိချို၏အသံကပဲ စာနေ၊ စွာနေတော့၏။

လင်းဝင်းက မြင်ပြင်းကပ်စွာဖြင့်...

''မိချိုရာ...နင့်ကို ငါ ခါးခါးပြောတဲ့ဖုန်ကိုသာ ပို့ထားလိုက်ချင်တော့တယ်''

''ဘာဖုန်လဲ''

''ခါးခါး ပြောလိုက်စမ်းပါ''

''မိခါး ငါ့ကိုပြောစမ်း။ ဘာဖုန်လဲ...''

ခါးခါးက လင်းဝင်းကို ရှက်မျက်စောင်းတစ်ချက်ထိုးရင်း...

''အသံမဲ့ဖုန်''

ထိုသို့ပြောမှ မိချို၏ အသံက ပိုကျယ်လာသည်။

''ဘာရယ်...။ ဘာဖုန်''

''အသံမဲ့ဖုန်ပါဆို''

''အောင်မာ...''

မိချို မခံချိမခံသာဖြစ်သွားပုံကို ကြည့်ပြီး အားလုံးက ဝိုင်းရယ်ကြ၏။

''နင်တို့နှစ်ယောက်က ငါ့ကို အတော်နားညည်းရတဲ့ မိန်းမလို့ပြောတာပေါ့။ ဟုတ်လား...။ ငါ့ကို အဲဒီဖုန်ကို ပို့ပစ်ဖို့ ပူးပေါင်းကြံစည်ထားကြတာပေါ့။ ဟုတ်လား...''

''ဟဲ့...အဲဒီလိုတော့ မဟုတ်ပါဘူးဟ''



ခါးခါးက ရယ်ရယ်မောမောဖြင့် အကြောင်းစုံ ပြန်ရှင်းပြ၏။

''ငါ့ကို အဲဒီဖုန်ပို့မယ်ဆိုရင်တော့ ။ ဟွန်း...နင်တို့နှစ်ယောက်ပါ လိုက်ခဲ့ရမှာ''

''မဟုတ်ဘူးဟ။ အသံမဲ့ဖုန်ကလည်း နင့်ကို လက်မခံပါဘူးတဲ့''

''အလိုလေး...ဘာဖြစ်လို့''

''နင်ရောက်လာမှ သူတို့ဖုန် နာမည်ပျက်သွားမှာ စိုးလို့တဲ့''

''အောင်မာ...ကြည့်စမ်း။ မိခါး''

မိချိုက ခါးခါးကို ခါးကြောဆွဲလိမ်သဖြင့် ခါးခါးတွန့်သွားသည်။ သူတို့နှစ်ယောက်ကိုကြည့်ပြီး ရယ်ဖြစ်ကြသည်။ အရယ်ဆုံးမှ လင်းဝင်းက...

''ခါးခါး''

''ဟင်''

''ဘာမြူဒါတြိဂံဒေသကိုကော စိတ်ဝင်စားမှာပေါ့''

''စိတ်ဝင်စားတာပေါ့။ ဒါပေမဲ့ ကြောက်စရာကြီး''

''နောက်ထပ်တွေ့ရတဲ့ အဲဒီလိုဒေသမျိုးတစ်ခုအကြောင်းကိုကော ကြားဖူးလား။ ဘာမြူဒါတြိဂံတော့ မဟုတ်ဘူး။ နဂါးတြိဂံ''

''ဟင်...ဟုတ်လား''

''မဟုတ်ဘဲ ပြောပါ့မလား''

''သူကကော ဘာမြူဒါလိုမျိုးပဲလား''

''အင်း...သူ့အပေါ်မှာဖြတ်သွားတဲ့ လေယာဉ်တွေ၊ သင်္ဘောတွေ ပျောက်ပျောက်သွားဘာပဲတဲ့''

''ဟယ်...ဟုတ်လား။ အဲဒါ ဘယ်မှာလဲဟင်''

''ဂျပန်နိုင်ငံမှာ ရှိတာ''

''ဟယ်...အဲဒါကိုကျတော့ လူ သိပ်မသိပါလား''

''ဟုတ်တယ်...။ ဒါပေမဲ့ အခုတော့ သိလာကြပါပြီ''

''နင်က ဘယ်က ဖတ်ရတာလဲ''

''အင်္ဂလိပ်လို စာအုပ်ရှိတယ်လေ...။ အဲဒီ နဂါးတြိဂံအကြောင်းကို

www.burmeseclassic.com



ကြောင်နှစ်ကောင်စာအုပ်တိုက်

ဘာမြူဒါတြိဂံအကြောင်းရေးတဲ့ ချားလ်ဘာလစ်ကပဲ ရေးတာ''

''အဲဒီစာအုပ် နှင့်မှာရှိလား''

''ရှိတယ်။ နှင်ဖတ်ချင်ရင် ငါပေးပါ့မယ်''

သူတို့ချင်းက ခင်ဗျား ကျွန်တော်တွေ၊ ရှင် ကျွန်မတွေ မဟုတ်တော့။ နှင်တွေ ငါတွေ ဖြစ်သွားပြီ။

''အဲဒီလို ထူးဆန်းတာတွေကလည်း အများကြီးပဲနော်။ အတိတ်ခေတ်ထဲ တကယ်ပြန်ရောက်သွားတဲ့ လူတွေအကြောင်း ငါလည်း ဖတ်ဖူးတယ်''

ထင်ပေါ်ဦးက ဝင်ပြောခြင်းဖြစ်သည်။ ဝေယံကလည်း အားကျမခံ။

''အေး...ရွာပျောက်၊ မြို့ပျောက်တွေအကြောင်း ငါလည်း ကြားဖူးတယ်''

ထိုသို့ဖြင့် ထူးဆန်းထွေလာကိစ္စများအကြောင်းဆီ စကားလမ်းကြောင်းက ရောက်သွားသည်။ စကားဝိုင်း၏ ဗဟိုချက်ကတော့ ထိုကိစ္စများကို အလွန်စိတ်ဝင်စားတတ်သည့် ခါးခါးပင်ဖြစ်၏။ မိုးဦးဝေသီက ဘာမှဝင်မပြောဘဲ ပြုံးပြီး နားထောင်နေသည်။ မိချိုက ငြိမ်သွားသည်။ ရွာပျောက်မြို့ပျောက်တွေအကြောင်း တွေးရင်း အသံပျောက်သွားပုံရသည်။

စကားဝိုင်း အတော်အရှိန်ကျသွားမှ မိချိုက...

''ငါတို့မြို့မှာလည်း ထူးဆန်းတာတစ်ခု ဖြစ်နေတယ်''

''ဘာလဲ''

''နှင်သိတယ်မဟုတ်လား မိခါး။ မြို့ပြင်တောင်ကုန်းပေါ်မှာရှိတဲ့ ခေါင်းလောင်းကြီးလေ...''

ခါးခါးက တစ်ချက်စဉ်းစားလိုက်ပြီးမှ...

''ဩော်...အေး...သိတယ်။ အဲဒီနေရာကို ဘယ်သူကမှတောင် သိပ်မသွားဘူး''

''အေး...အခု ပြဿနာက အဲဒီခေါင်းလောင်းကြီးက စတာဟ''

''ဟဲ့...ငါ့ကို ရှင်းအောင်ပြောပြပါဦး''

''ဒီလိုဟာ...''



''အေး...''

အမြဲတစေပြောင်စပ်စပ်နိုင်တတ်သော မိချို၏မျက်နှာ တည်ငြိမ်နေသည်။

''လကွယ်ညတစ်ညမှာ အဲဒီခေါင်းလောင်းကြီးဆီကနေ ခေါင်းလောင်းထိုးသံ (၁၃)ချက် ကြားရတယ်''

''အင်း...ထူးဆန်းမှာပဲ။ ဘယ်အချိန်ကြီးလဲ''

''သန်းခေါင်ယံတိတိမှာ...။ နောက်နေ့မနက်ကျတော့ မြို့ထဲကလူတစ်ယောက် သေနေတယ်။ သူ့အိမ်မှာ သူနေရင်း မိုးလင်းတော့ သေနေတာကို တွေ့တယ်တဲ့''

''ဘယ်လိုဖြစ်လို့ သေတာလဲ''

''အဆိပ်မိပြီး သေတာတဲ့''

''အင်း...အခုထိတော့ သိပ်မထူးဆန်းသေးဘူး''

''နောက်တစ်လ လကွယ်ညမှာ ခေါင်းလောင်းထိုးသံ (၁၃)ချက် တိတိကို ကြားရပြန်တယ်''

''မိုးလင်းတော့ တစ်ယောက်သေနေပြန်ရောလား''

''ဟုတ်တယ်...။ သူလည်း အဆိပ်မိပြီး သေတာပဲ''

''အား...ဒါဆိုရင်တော့ ထူးဆန်းလာပြီ။ နောက်တစ်လမှာကော ဘာဆက်ဖြစ်သေးလဲ''

''နောက်တစ်လက မရောက်သေးဘူး''

''ဟမ်...''

''ဒီလာမယ့် လကွယ်ညက နောက်တစ်လပေါ့''

''ဟယ်...သန်းခေါင်ယံအချိန်မှာ ခေါင်းလောင်းထိုးသံ (၁၃)ချက် ကြားရရင်...''

''မိုးလင်းတဲ့အခါ နောက်တစ်ယောက်အဆိပ်မိပြီး သေဦးမှာလားလို့ စိုးရိမ်နေရတယ်''

''မြို့သူမြို့သားတွေ ဘယ်လိုနေလဲဟင်''

''ချောက်ချားနေကြတာပေါ့''

www.burmeseclassic.com

BURMESE CLASSIC .com

"ဟယ်..."

ခါးခါးက တစ်ချက်ငြိမ်သွားပြီးမှ သုံးလေးချက်ပြန်လှုပ်လာသည်။

"မိချို"

"ပြော..."

"နင် သန်ဘက်ခါ ပြန်မယ်ဆို"

"အေးလေ..."

"ငါလည်း လိုက်ခဲ့မယ်"

မိချို မျက်မှောင်ကြုတ်သွားသည်။ ခါးခါးကတော့ ခါးခါးသီးသီး ပါပဲ။

"နင်မခေါ်ရင်လည်း ငါ့ဘာသာ လိုက်ခဲ့မှာပဲ။ ငါနေခဲ့တဲ့ မြို့ပဲဟာ"

"နင်က ဘာဖြစ်လို့ လိုက်ချင်၊ လာချင်တာလဲ"

"ငါ စိတ်ဝင်စားတယ်။ တကယ်ကို စိတ်ဝင်စားတယ်"

"ဒါဆို ငါနဲ့ အတူလိုက်ခဲ့ပါ။ တစ်ခုတော့ရှိတယ်"

"ဘာလဲ"

"နောက်တစ်ယောက် ဘယ်သူဖြစ်မလဲ မဆိုနိုင်ဘူး။ နင့်ဘာသာ ရန်ကုန်မှာနေတာက စိတ်ကင်းလွတ်တယ်။ ဟိုမှာက တစ်မြို့လုံး စက်ကွင်းမလွတ်ဘူး ဖြစ်နေတာ"

"အာ...ငါမကြောက်ပါဘူး"

"ကဲ...နင့်သဘောလေ။ တေးကပါ ငါတို့နဲ့ပါမှာ။ ငါတို့စကားကိုတော့ နင် နည်းနည်းနားထောင်ရမယ်"

"ဟင်...လင်းဝင်းပါ လိုက်မှာ...။ ဟုတ်လား"

"အေး...အိမ်ကလူကြီးတွေက သူ့ကို တစ်ခါတည်း အိမ်လည် ခေါ်လာဖို့ မှာလိုက်တယ်"

"ဘာဖြစ်လဲ၊ ကောင်းတာပေါ့။ ပျော်စရာကြီး"

ကျန်သူတွေက သူတို့ကို ငြိမ်ကြည့်နေကြသည်။ ထို့ကြောင့် စကားဝိုင်းက ခေတ္တငြိမ်သက်သွားသည်။

●



## (၉)

ခရီးသာ ထွက်လာရသည်၊ ရထားပေါ်ရောက်ကတည်းက လင်းဝင်းနှင့်မိချိုကပဲ စကားပြောနေရ၏။ ခါးခါးက သူတို့ကို စကားမပြောအား။ ဝတ္ထုတွေကိုပဲ သဲကြီးမဲကြီး ဖတ်နေသည်။ ဝတ္ထုတွေကိုလည်း အတော်များများ သယ်လာ၏။ အဝတ်အစားတွေကိုတော့ မိချိုဆီမှ (ဂိုးသမားအကျႌက လွဲလျှင်) ယူဝတ်မည်ဖြစ်သည်။

ပထမဆုံးစဖတ်တာ ကပ္ပိယစုံထောက်ကြီးဦးဖြူသီး။

ဒုတိယဖတ်တာ ရွှေနေကြီးပယ်ရီမေဆင်နှင့် ကတ္တီပါလက်သည်းအမှု။

တတိယဖတ်တာက စုံထောက်ကြီး ဦးထင်ကျော်။

"ဟဲ့...နင် ရှားလော့ဟုမ်းရဲ့ ဝတ္ထုတွေကိုရော ယူမလာဘူးလား"

လင်းဝင်းက အငေါ်တူးသောလေသံဖြင့် မေးသည်။ ခါးခါးက ဝတ္ထုအဖတ်မပျက် ပြန်ဖြေသည်။

"နောက်ဆုံးမှ ဖတ်မလို့"

"ဟာကြူလီပိုင့်ရိုးအတွဲတွေရော..."

"ပါတယ်"

www.burmeseclassic.com

BURMESE CLASSIC .com

"နစ်ကာတာအတွဲတွေရော..."

"ပါတယ်"

"ဂျိန်းစ်ဘွန်းတော့ မယူလာပါဘူးနော်"

"အင်း..."

လင်းဝင်းက စိတ်ပျက်လက်ပျက်ဖြင့် ရယ်ရင်း မိချိုကို လှမ်းပြောသည်။ လက်တို့ မပြောချင်သောကြောင့်ပင်။

"မိချိုရေ...။ ငါ့အထင် မမှားဘူးဆိုရင်တော့"

"အင်း...ပြော"

"နင်တို့မြို့က အမှုကို သူ ဖော်တော့မယ် ထင်တယ်"

မိချိုလည်း အကင်းမပါးစွာ ပြန်မေး၏။

"ဘာဖြစ်လို့လဲ"

"အခု သူ သဲကြီးမဲကြီးဖတ်နေတာ စုံထောက်ဝတ္ထုတွေချည်းပဲလေ"

"အေး...ဟုတ်သားပဲ။ ဗုဒ္ဓေါ...။ ခါးခါးရယ်"

ခါးခါးကတော့ သူတို့ကို ဘာမှပြန်မပြော။ ဝတ္ထုတွေကိုသာ ဆက်ဖတ်နေသည်။ မိချိုက လင်းဝင်းကို မျက်လုံးလှမ်းပြူးပြ၏။ လင်းဝင်း ပခုံးကို ပြန်တွန့်ပြရင်း...

"မိချို ငါထွင်ထားတဲ့ စကားပုံတွေထဲမှာ တစ်ခုရှိတယ်"

"အင်း..."

"နဂါးလိုအမောက်ထောင်ရင် တီကောင်ဖက်ကျိုးတတ်တယ်တဲ့"

မိချိုက သဘောကျသလို ပြုံးသည်။ ခါးခါးကတော့ ဂရုမစိုက်ပါ။ သူတို့ကို အရေးအရာပင် မပြုတော့။ လင်းဝင်းနှင့်မိချိုလည်း ဘာစကားမှ မပြောတော့ဘဲ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်လိုက်လာကြတော့၏။ ထိုသို့ဖြင့်ပင် ရည်စူးရာမြို့ကလေးဆီသို့ သူတို့ ရောက်သွားကြတော့သည်။ လက်မှတ်ကလည်း ထိုမြို့အထိပင် ယူထား၍ ဆင်းကြရသည်။

အခုမှရောက်ဖူးသော လင်းဝင်းက မြို့ကလေးကို သူစိမ်းမျက်လုံးနှင့် ကြည့်သည်။ ယခင်နေခဲ့ဖူးသော ခါးခါးက မစိမ်းမကျက်မျက်လုံး



နှင့် ကြည့်သည်။ မိချိုကတော့ တစ်မြို့လုံး သူ့လုပ်စာ စားနေရသလို ကြည့်သည်။ (ဘောလုံးပွဲကို သူရှုံးပြီး ပြန်လာခဲ့ရသဖြင့်...)

ရန်ကုန်နှင့်စာပြီးသော မြို့ကလေးဟု သုံးနှုန်းရသော်လည်း သူ့ဟာနှင့် သူကတော့ ကြီးမားဖွံ့ဖြိုးသည်။ စည်စည်ပင်ပင်ရှိပြီး လူနေမှုအဆင့်အတန်းမြင့်သောမြို့ ဖြစ်လေသည်။ မြို့ပတ်လမ်းကလည်း သစ်ပင်ရိပ်တို့ စီတန်းကာ လှပ၍ ကဗျာဆန်သည်။ ရာသီဥတုကလည်း အပူအအေး မျှတပြီး နေချင်စဖွယ်ကောင်းသော မြို့တစ်မြို့ပင်။

စေတီတွေလည်း အလွန်ပေါများ၏။ မြန်မာ့ယဉ်ကျေးမှုလက်ရာကို လွှမ်းစရာကောင်းအောင် တွေ့ရသည်။

"ဟ...မိချို ပြန်လာပြီလား"

"အေး..."

"နင် ဘယ်နှရက် အသွင်းခံခဲ့ရသလဲ"

"နင် မူးလဲတဲ့ အရေးအတွက်လောက်ပါပဲ"

မိချိုနှင့်လူငယ်တစ်ယောက်တို့ ပြောမနာဆိုမနာနှုတ်ဆက်ကြသည်။ ထိုလူငယ်က သူနှင့် ခါးခါးကိုလည်း အကဲခတ်သလိုဝေ့ကြည့်ကာ စက်ဘီးကို ခြေထောက်ဖြင့်ရပ်ရင်း ပါးစပ်ကို လျှာနှင့် ကလိထိုးသည်။

"ရန်ကုန်ကဧည့်သည်တွေ ပါလာတာလား"

"ပါလာတော့ နင်နဲ့ဘာဆိုင်လဲ။ သြော်...နေဦး"

မိချိုက ခုမှသတိရသွားသလို ထိုလူငယ်အား...

"ဟဲ့...ရန်နိုင်"

"ဟေ..."

ခါးခါးကို လက်ညှိုးညွှန်ပြကာ...

"နင် သူ့ကို မမှတ်မိဘူးလား"

ထိုလူငယ်က ခါးခါးကို မျက်လုံးပြူးနှင့်စိုက်ကြည့်ပြီး စကားပြူးပြူးကို ဆို၏။

"ဟင်...။ ဒါ...ခါးခါး မဟုတ်လား"

ခါးခါးက ပြုံးထေ့ထေ့နှင့်ပြန်ကြည့်ရင်း ချို၊ ချဉ်၊ စပ်၊ ငံ၊ ဖန်၊

www.burmeseclassic.com

စိမ့်သော လေသံနှင့်...

"အေး...ဟုတ်တယ်"

"ဟာ...ငါ နင့်ကို မြင်မြင်ချင်း မမှတ်မိဘူးဟ"

"ငါလည်း အဲဒီလိုပါပဲ။ မိချိုက နင့်ကို နာမည်ခေါ်လိုက်မှ ငါလည်း မှတ်မိတာ"

"နင်က အရမ်းလှလာတာကိုး...။ တစ်သွေးတစ်မွေးနဲ့။ ဘာလဲ ခု အလည်ပြန်လိုက်လာတာလား"

"အေး...အရမ်းလှလာတယ်၊ တသွေးတမွေးနဲ့ အလည်ပြန်လိုက်လာတယ်။ အကုန်ဟုတ်တယ်"

"ဘယ်နှရက်လောက် ကြာကြာနေမှာလဲ"

"တစ်လ ကိုးသီတင်းပေါ့ဟာ..."

"အေး...မိချိုတို့အိမ်မှာပဲ တည်းမှာမဟုတ်လား။ နက်ဖြန်ခါ ငါလာခဲ့မယ်။ မနက်စောစောပေါ့"

"အေး...အေး ငါမနိုးသေးရင် ကြည့်ကျက်စောင့်နေ"

လူငယ်က နှုတ်ဆက်ပြီး ထွက်သွားသည်။ လင်းဝင်းက...

"နင်တို့ သူငယ်ချင်းပေါ့"

"အေး..."

"ငါ့လောက် မချောဘူးနော်"

"အောင်မာ..."

"တေးဟာလေ..."

နှစ်ယောက်စလုံးက သဘာပြန်ပေးကြ၏။ ပြီးမှ ခါးခါးက...

"ဒီကောင်က ခင်ဖို့ကောင်းတယ်ဟ။ အရမ်းသဘောကောင်းတယ်။ သြော်...ဒါနဲ့..."

မိချိုဘက်ကို လှည့်ပြီး...

"ဒီကောင် အိမ်ထောင်တွေဘာတွေ မကျသေးဘူးလား"

"အိုး...သူ့ကို ဘယ်မိန်းကလေးက ယူမှာလဲ။ သက်သက်နဲ့ကတော့ ဘာလိုလိုပဲ။ ယူဖြစ်သေးပုံ မရပါဘူး"



လင်းဝင်းကလည်း သံယောင်လိုက်ပြီး...

"အေးလေ...သူ့ကို ဘယ်မိန်းကလေးက ယူမှာလဲ"

"အောင်မာ..."

"တေးဟာလေ"

ထိုသို့ ရယ်ရယ်မောမော နောက်နောက်ပြောင်ပြောင်ပင် မိချိုတို့အိမ်သို့ ရောက်ခဲ့ကြသည်။

"ဟော့...ဒီမှာ မိချိုပြန်လာပြီ။ လင်းဝင်းလည်း ပါတယ်။ ဟား...ခါးခါးကောပါလား။ ပျော်စရာကြီးဟေ့"

မိချို၏ ဦးလေးဖြစ်သူက ဆီး၍ အော်ဟစ်လိုက်သဖြင့် တစ်အိမ်လုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။ လင်းဝင်းရော၊ ခါးခါးပါ နှစ်ဦးစလုံးက ထိုတစ်အိမ်လုံးနှင့် သိကျွမ်းသူများဖြစ်ကြ၍ အော်ဟစ်နှုတ်ဆက်သံများ ဆူညံသွားသည်။ အထုပ်တွေကို ဆွဲယူကြသည်။ လူတွေကိုလည်း ဆွဲသွင်းကြသည်။ အိမ်ကိုမှ ဆွဲယူ၍ မရဘဲလေ။

မိချို၏ ဦးလေး (မိချိုအမေ၏မောင်)က ခါးခါးအထုပ်ကို သယ်သူဖြစ်၍...

"ဟ...ခါးခါးက ဘာတွေ သယ်လာတာလဲ။ လက်ဆောင်ပစ္စည်းတွေ အများကြီးထင်တယ်။ လေးတယ်"

ခါးခါးက ရှက်ရယ် ရယ်ရင်း သူ့ကိုယ်သူ နယ်လှည့်စာရေးဆရာမ စတိုင်လ်နှင့်...

"ဝတ္ထုစာအုပ်တွေ"

ဝိုင်းရယ်ကြ၏။

ခဏတဖြုတ် နားကြသည်။ လင်းဝင်းကို တစ်ခန်းသတ်သတ်ပေး၍ ခါးခါးကိုတော့ မိချို၏အခန်းမှာပဲ နေရာချထားပေးသည်။ နောက်မှ ဧည့်ခန်းမှာ အားလုံးပြန်ဆုံကြသည်။ ရေမိုးချိုးခြင်းကို လင်းဝင်းထက်အရင် မိချိုနှင့်ခါးခါးတို့က ဆောင်ရွက်ကြခြင်းဖြစ်သော်လည်း လင်းဝင်းကပဲ သူတို့ထက်အရင် အဝတ်အစားလဲပြီး ရောက်ရှိနေသည်။ ဦးလေး၊ ကြီးကြီးနှင့် အိမ်ဖော်တစ်ယောက်က အဆင်သင့် စောင့်နေသည်။

www.burmeseclassic.com

BURMESE CLASSIC .com

"လာဟော့...လင်းဝင်း။ ခရီးပန်းနေသေးလား"

"မပန်းပါဘူး ကြီးကြီး"

ကုလားထိုင်မှာ ဝင်ထိုင်လိုက်ရင်း မိန့်မိန့်ကြီးမေးလိုက်သည်။

"ဘဘကော ကြီးကြီး၊ အခြေအနေဘယ်လိုရှိသလဲ"

"ကောင်းပါတယ်ကွယ်။ မြန်မာပြည်ကိုတော့ ခဏတဖြုတ် ပြန်လာဖို့တောင် မလွယ်သေးဘူးတဲ့"

ဘဘဆိုသည်က မိချိုတို့ဖခင်၊ ကြီးကြီး၏ ခင်ပွန်းဖြစ်သည်။ နိုင်ငံခြားတိုင်းပြည်ကြီးတစ်ခုတွင် နှစ်ရှည်လများ တာဝန်ထမ်းဆောင်နေရသူဖြစ်သည်။ မိချိုက တစ်ဦးတည်းသော သမီး။

ဦးလေးက မဂ္ဂဇင်းတွေထဲက အန်တီတွေလို ချစ်မှုရေးရာ အမေးအဖြေလုပ်သည်။

"မင်း အိမ်ထောင်မပြုသေးဘူးလားကွ"

"ဟာ...ဦးလေးရာ အဲဒီကိစ္စတွေက ကျွန်တော်နဲ့ မပတ်သက်လှသေးပါဘူး။ ခုထက်ထိ ရည်းစားတောင် မရှိသေးဘူး။ အဲဒီကိစ္စတွေနဲ့ ပတ်သက်လာရင် ကျွန်တော်က ခုနစ်ထွေအကအတွက် အဌမလူပါ"

ဦးလေး(လူပျိုကြီးဟုဆိုသူ)က...

"မင်းသုံးနှုန်းတဲ့ စကားအလင်္ကာက တယ်လှပါလားကွ"

"ဟဲဟဲ...ကျွန်တော့်ဘာသာ ထွင်ထားတာလေ။ စကားပုံအသစ်ပေါ့"

"ကြည့်လည်းလုပ်ပါဦးကွာ၊ တော်ကြာ ငါ့လို ဖြစ်နေပါဦးမယ်"

သူ့လို(လူပျိုကြီးဟုဆိုသူလို)တော့ မဖြစ်ချင်ပါ။ ကြီးကြီးက သူ့မောင်ကို အားမလို အားမရဟန်ဖြင့် မျက်စောင်းထိုးကာ ဝင်ပြောသည်။

"မင်းကို ငါတို့က မပေးစားတာမှ မဟုတ်ဘဲ"

ဦးလေးက ဘာမှ ပြန်မပြောဘဲ တဟားဟားသာ ရယ်နေတော့သည်။ ရေခဲတုံးက မီးဟုန်းဟုန်းတောက်ချင်၍ မရနိုင်သော သူ့အခြေအနေကို သူ့ဘာသာပဲ သိပါလိမ့်မည်။ ထိုအချိန်မှာပဲ မိချိုရောက်လာသည်။ ဘောလုံးပွဲမှာ သူတို့အသင်းသည် ကောင်းလျက်နှင့် ရှုံးရခြင်း





ဖြစ်ကြောင်းကို မရမက အဆိုတင်သွင်းရင်း ပေါက်ပေါက်တွေ ဖောက်နေသည်။ ကြီးကြီးက လင်းဝင်းကို တစ်ချက်လှမ်းကြည့်ပြီး...

"အဲဒါပဲ လင်းဝင်းရေ။ သွားတုန်းကတော့ အားနဲ့မာန်နဲ့ပဲ"

"ကျွန်တော်ထွင်ထားတဲ့ စကားပုံလေးအတိုင်းပဲပေါ့ ကြီးကြီးရယ်"

"ဘာများတုန်းဟဲ့"

"သြော်...အားနဲ့မာန်နဲ့တော့ အော်တာပဲ။ ဒါပေမဲ့ ကတော်ကတော်...တဲ့"

လင်းဝင်းက ကြက်မ ကတော်သည့်ပုံစံကိုပါ လုပ်ပြသည့်အတွက် ဦးလေးနှင့်ကြီးကြီးက နှစ်နှစ်ခြိုက်ခြိုက်ရယ်သည်။ ချိုချိုက ဒေါဖောင်းသွားပြီး လင်းဝင်းကို တစ်ခုခုလုပ်တော့မည်ဟန် ချည်းကပ်သည်။ လင်းဝင်းက ပါဝါရိန်းဂျားအလျင်ဖြင့် လှည့်ပြေးသည်။

အိမ်တွင်းဘက်မှာ ညှော့ခန်းဆီထွက်လာသော ခါးခါးနှင့် ဝင်တိုးမိတော့သည်။

"အား..."

"အို..."

ခါးခါးက ရှက်သွေးရဲခနဲပွင့်သွားပြီး ပြန်တွန်းထုတ်သည်။ ပြီး...

"ဘယ်လိုလဲ...။ နင့်မှာ မျက်စေ့မပါဘူးလား"

"ဟိုလေ...ငါ့မှာက မျက်စေ့ပါပါတယ်။ အချစ်မှာသာ မျက်စေ့မပါတာပါ"

"ဘာ..."

"အဲဒါတွေ ထားစမ်းပါ။ နင် ဒီမြို့ကကိစ္စတွေကို စုံစမ်းချင်တယ်ဆိုရင် ဦးလေးနဲ့ကြီးကြီးကို ဘာမှမမေးမိဖို့ လိုတယ်နော်။ ကိုယ့်ဘာသာ စုံစမ်း"

"ဘာလို့ မမေးရမှာလဲ၊ ဦးလေးက ဒီမြို့မှာ မျက်နှာဖုံးပဲ။ အပ်ကျတာကအစ သိတယ်။ သူ့ဆီက အများကြီး သဲလွန်စ ရနိုင်တယ်"

"နင်...အဲဒီလို သွားမေးရင် ဦးလေးက နင့်ရည်ရွယ်ချက်ကို ရိပ်မိသွားမယ်။ နင့်ကို ချုပ်ချယ်မယ်။ နင် ဘာမှ လှုပ်ရှားလို့ရတော့မှာ

www.burmeseclassic.com

BURMESE CLASSIC .com

မဟုတ်ဘူး။ နင့်ကိုတောင် ရန်ကုန်အိမ်ဆီ ဖုန်းဆက်ပြီး ပြန်ပို့ခိုင်းပို့လိုက်မှာ''

ခါးခါး တွေဝေသွားသည်။ လင်းဝင်းက ဆက်ပြောလိုက်သည်။

''ဒီမြို့မှာ နင့်အသိတွေ အများကြီးပဲဟာ။ ဥပမာ…ကိုရန်နိုင်''

ခါးခါး၏ ဦးနှောက်က အတော်လှုပ်ရှားနေပုံ ရသည်။

''ဦးလေးနဲ့ကြီးကြီးတို့ရှေ့မှာ ပုံမှန်သာ နင် ဆက်ဆံ။ ရှေးဟောင်းနှောင်းဖြစ်တွေပြောပြီး သတိရလို့ လာလည်တဲ့သဘောနဲ့ နေ။ နောက်မှသာ ကိုယ့်ဘာသာ လျှို့ဝှက်လှုပ်ရှား။ ကြားလား…''

●

(၁၀)

ထိုမနက်က လင်းဝင်း အိပ်ရာထ နောက်ကျသည်။ ခရီးပန်းလာသဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလိမ့်မည်ဟု ထင်သော်လည်း ဖြစ်မလာချေ။ အိပ်ရာအပြောင်းအလဲဖြင့် ဟိုလူးဒီလိမ့် စိတ်တွေ ထွေပြားနေသည်။ ခါးခါးစိတ်ဝင်စားနေသည့် ဤမြို့မှ အမှုအခင်းကိုလည်း သူ စိတ်မဝင်စားပါ။ လည်မည်၊ ပတ်မည်။ နေရာထူးထူးဆန်းဆန်းနှင့် ကောင်မလေးလှလှပပများ(သို့မဟုတ်) နေရာလှလှပပနှင့် ကောင်မလေး ထူးထူးဆန်းဆန်းများကို လိုက်ကြည့်မည်။

သူကတော့ ပေါ့ပေါ့ပဲ ဖြစ်သည်။

ည နှစ်နာရီခန့်မှာမှ မှေးခနဲ အိပ်ပျော်သွားသည်။ မနက်ခင်း သူနိုးတော့ ခုနစ်နာရီခွဲကျော်နေပြီ။ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ကာ ညှော်ခန်းဆီသွားတော့ ဦးလေးနှင့် တွေ့သည်။ ထို့အတူ ဦးလေးကလည်း သူ့ကို တွေ့သည်။

''လာဟေ့…လင်းဝင်း။ ညက အိပ်လို့ပျော်ရဲ့လား''

''ကျွန်တော်လည်း အဲ့ဒါကိုပဲ ကိုယ့်ဘာသာ မေးနေတာ''

''ဟေ…ဘာဖြစ်လို့လဲကွ''

www.burmeseclassic.com

BURMESE CLASSIC .com

''အိပ်ပျော်သလို မပျော်သလို ဖြစ်လို့''

''သြော်...အေး...တစ်ခါတလေ ဖြစ်တတ်ပါတယ်။ ရေပြောင်း မြေပြောင်းမို့ နေမှာပေါ့။ လာ...ထမင်းစားခန်းသွားမယ်။ လက်ဖက်ရည် လေးဘာလေး သွားသောက်ရအောင်''

''ဟုတ်ကဲ့''

ထမင်းစားခန်းရောက်တော့ ဦးလေးနှင့်သူ မျက်နှာချင်းဆိုင် ထိုင်ကြသည်။

''ဦးလေး...''

''ဟေ...''

''ကြီးကြီးရော...''

''ဘုန်းကြီးကျောင်းကို အရုဏ်ဆွမ်း သွားကပ်တာ ပြန်မလာသေး ဘူး''

''ဟိုနှစ်ယောက်ရော''

''ခါးခါးက အိပ်တုန်းထင်တယ်။ ချိုချိုကတော့ ထွက်သွားပြီ''

''ဟင်...ဘယ်ကို ထွက်သွားတာလဲ''

''မနက်စောစော သူ့သူငယ်ချင်းတွေ လာခေါ်သွားကြတာပါပဲ ကွာ''

ထိုအချိန်မှာပဲ ထမင်းစားခန်းထဲသို့ ခါးခါး ရောက်လာသည်။ လက်ဖက်ရည်နံ့ရ၍ ထင်သည်။ ရေမိုးချိုး၊ အဝတ်အစားလဲ၊ ဖီးလိမ်းပြင် ဆင်ထားပြီးသား ဖြစ်သည်။ လက်ထဲမှာ စာရွက်တစ်ရွက် ပါလာသည်။

''လင်းဝင်း...။ မိချိုက အပြင်ထွက်သွားပြီ...တဲ့''

''ငါ သိတယ်။ ဦးလေး ပြောတယ်''

''စာရေးပေးသွားတယ်၊ ဖတ်ကြည့်လိုက်ဦး''

လင်းဝင်းကို စာရွက်ကမ်းပေးပြီး ခုံတစ်လုံးမှာ တိတ်တိတ်ဆိတ် ဆိတ် ဝင်ထိုင်သည်။ ဘာမှ မပြော။ သူ့ကို ကြည့်ရတာလည်း ညက ကောင်းကောင်း အိပ်ပျော်ပုံမပေါ်။ ခရားထဲမှ လက်ဖက်ရည်ကိုလည်း သူ့ဘာသာ ငှဲ့သောက်သည်။ ဦးလေးက မုန့်ပန်းကန်တွေကို သူ့ဘက် တိုးပေးသည်။ သူ့အတွက်ယူထားပြီးမှ ကျန်တာကို တိုးပေးခြင်းဖြစ်သည်။





လင်းဝင်းက စာကို ဖတ်ကြည့်လိုက်သည်။

လင်းဝင်း၊ ခါးခါး...

ငါ ဘောလုံးပြိုင်ပွဲကိစ္စ အတွေ့အကြုံရှင်းလင်းဖို့အတွက် လာခေါ်လို့ လိုက်သွားရတယ်။ ဒီနေ့တစ်နေ့လုံး အိမ်မှာ မရှိတော့ဘူး။ ငါ စက်ဘီးနဲ့ပဲ ထွက်သွားတယ်။ ကားထားခဲ့တယ်။ ရန်နိုင်လာမှာပဲ။ ဒီကောင်လာမှ သူ့ကို မောင်းခိုင်းပြီး မြို့ထဲကို လျှောက်လည်ကြပေါ့။ နင်တို့အတွက် ငါ ငှက်ပျောသီးဆနွင်းမကင်း လုပ်ပေးထားခဲ့တယ်။

မိချို

သူ့ဘာသာ အလုပ်ကိစ္စရှိသဖြင့် သွားတာက သွားပါ။ စိတ်ဆိုး စရာ မရှိပါ။ ဤမျှလောက် အထအနကောက်နေမည့်သူများလည်း မဟုတ်ပါ။ သို့သော် နောက်ဆုံးစာကြောင်းကတော့ အတော့်ကို အနှောင့် အယှက် ဖြစ်ရလေသည်။

''ကဲ...''

ထိုသို့ စကားစလိုက်သူက ဦးလေးဖြစ်၏။ ဤအချိန်အထိ ဦးလေး ဟုချည်း ပြန်ခေါ်နေရခြင်းမှာ သူ့အမည်ကို လင်းဝင်း မေ့နေသောကြောင့် ဖြစ်သည်။ (လူမြင်လျှင်တော့လည်း လူကို မှတ်မိသည်ပေါ့လေ)

''စားနှင့် သောက်နှင့်ကြ။ ဦးလေးက အလုပ်ကိစ္စတွေကို သွားစီစဉ် ရဦးမယ်။ ခဏကြာရင် မင်းတို့ကြီးကြီး ရောက်လာလိမ့်မယ်။ မတင်စိန်နဲ့ အတူတူ ချိုင့်ကြီးဆွဲလို့ပေါ့''

စကားအဆုံးမှာ ဦးလေးက သူ့စားလက်စမုန့် (ငှက်ပျောသီး ဆနွင်းမကင်း မဟုတ်သောမုန့်)ကို လက်စသိမ်း ဝါးမြို့ပြီး ထွက်သွားပါ တော့သည်။ ကိုယ်လွတ်ရုန်းသွားခြင်းလည်း ဖြစ်နိုင်သည်။

''စားလေ ခါးခါး''

''နင်စားပါ''

www.burmeseclassic.com

BURMESE CLASSIC .com

ခလယ်မှ ငှက်ပျောသီးဆနွင်းမကင်းပန်းကန် ဟိုဘက်ဒီဘက် တွန်းပို့ရင်း လင်းဝင်းနှင့် ခါးခါးတို့ မဲ့တဲ့တဲ့ဖြစ်နေကြသည်။ နောက်တော့လည်း ဘယ်သူမှ မစားဖြစ်ဘဲ...

"စနေမမရေ..."

"ရှင်..."

လင်းဝင်း၏ ခေါ်သံအဆုံးမှာ မလှမ်းမကမ်းမှ စောင့်နေသော အိမ်ဖော်မကလေးက မရဲတရဲထူးရင်း အနားသို့ရောက်လာသည်။ မတင်စိန်နှင့် တွဲဖက်လုပ်ကိုင်ရသော အိမ်ဖော်မကလေးဖြစ်၏။ လက်ထောက်အိမ်ဖော်ဟု ဆိုနိုင်သည်။ သူ့အမည်ရင်းက တင်မမဖြစ်၏။ လင်းဝင်းက ရောက်ရောက်ချင်းနေ့မှာပင်လျှင်...

"နင့်နာမည်ကြီးက မသက်သာပါဘူးဟာ။ တင်ဆိုတာ စနေနံပဲ။ စနေမမလို့ ငါခေါ်မယ်။ ဟုတ်လား..."

"ဟုတ်ကဲ့"

ထိုသို့ဖြင့် သူတို့ အပေးအယူတည့်သွားကြ၏။ ယခု လင်းဝင်းက 'စနေမမရေ'ဟု အော်ခေါ်သည်။ သူကလည်း 'ရှင်'ဆိုပြီး ရောက်လာသည်။ ဂမ္ဘီရအစီအရင်တွေကို ထဘီဝတ်ပြီး လုပ်ပေးတော့မည် ထင်ရ၏။ သို့သော်...

"ဒီ ငှက်ပျောသီးဆနွင်းမကင်းတွေကို နင်ပဲ စားလိုက်ပါဟာ။ နော်..."

"ဟာ...ဟင့်အင်း"

"စားလိုက်ပါဟာ..."

"ဟာ...မစားချင်ဘူး"

"ကောင်းမှာပါဟာ"

"ဟင့်အင်း...။ ကောင်းကောင်း မကောင်းကောင်း မစားချင်ပါဘူး"

"ဒုက္ခပဲ"

"အဲ့ဒါ ကျွန်မက ပြောရမှာ အစ်ကိုရဲ့"



လင်းဝင်းနှင့်ခါးခါးတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ရယ်မိကြသည်။

"ကဲ...ကဲ...ဒါဖြင့်လည်း ထားပါတော့။ ငါ့အခန်းထဲက ရေအိမ်ကို နည်းနည်းသွားတိုက်ထားလိုက်"

"ဟုတ်ကဲ့"

ကပျာကယာ ထွက်သွားသည်။ ခါးခါးက သက်ပြင်းမှုတ်ထုတ်ရင်း...

"အင်း...ငှက်ပျောသီးဆနွင်းမကင်း မစားရရင် ပြီးရောဆိုတဲ့ လှုပ်ရှားမှုပါလား"

ရယ်ကြပြန်သည်။

"ကဲ...ကဲ...နေပါဦး မချော။ ကိုရန်နိုင်လာရင် ဘယ်တွေကို သွားကြမှာလဲ။ ကျုပ်ကို ဘယ်တွေလိုက်ပို့မှာလဲ"

"ရောက်ရာပေါက်ရာ လှည့်ပတ်သွားခိုင်းမှာပေါ့။ ဒါမှ သတင်းအစအန ရမှာ"

"သတင်းရဖို့ အဓိကထားမှာလား၊ ငါ့ကို အလည်အပတ်လိုက်ပို့ဖို့ကို အဓိက ထားမှာလဲ"

"ဟဲ့...လာမယ့်လကွယ်ညက မဝေးတော့ဘူးဟဲ့"

"ဟင်...။ ဒါဆို..."

"နင့်ကို ဘယ်အချိန်မဆို လိုက်ပို့လို့ ရတယ်"

"ဟာဗျာ..."

လင်းဝင်း ခေါင်းကုတ်လိုက်မိသည်။ ခါးခါးကတော့ မျက်နှာထား ခပ်တင်းတင်းပင်...

"နင်ပဲ ငါ့ကို လူကြီးတွေ မသိအောင် လျှို့ဝှက်လှုပ်ရှားဆို။ ဥပမာ... ရန်နိုင်နဲ့...ဆို"

"ဟ...ငါပြောတာက နင့်ဘာသာ တရုတ်သိုင်းကားတွေထဲကလို မျက်နှာကို ပုဝါအနက်စည်းပြီး ညဘက်ကျမှ ကိုယ်ဖော့ပညာနဲ့ ထွက်လှုပ်ရှားဖို့ ပြောတာ"

www.burmeseclassic.com

BURMESE CLASSIC .com

"နင်...အဲ့ဒီလို ပေါက်တက်ကရ မပြောနဲ့။ ငါ အဲ့ဒီလို လူစားမျိုး မဟုတ်ဘူး"

"နင်က အဲ့ဒီကိစ္စကြီးဆီ တကယ်အာရုံရောက်နေတာလား"

"အဲ့ဒီကိစ္စကြီးအတွက်ပဲ ဒီမြို့ကို လိုက်လာတာ"

"ဘယ်လိုမှ တားမရဘူးလား"

"အဖြူပါဆိုမှ ဘာအရောင်လဲ မေးနေသေးတယ်"

"အဲ့ဒီစကားပုံကို ငါ မကြားဖူးပါဘူး"

"ငါ့ဘာသာ ထွင်လိုက်တာ"

"အင်..."

လင်းဝင်း ခံလိုက်ရသည်။ သဘောကျစွာ ရယ်မောလိုက်သည်နှင့် အမှု ခါးခါးကိုလည်း ပို၍...ပို၍...။ အဟင်း...။ ပို၍... ...။

"ကဲ...ကဲ...ထားပါတော့။ ပြောမရရင်လဲ နင့်ကို ငါ အကြံတစ်ခု ပေးမယ်"

သူက မသင်္ကာသလို ကြည့်၏။

"ဘာတွေ မဟုတ်တရုတ် ပြောဦးမှာလဲ"

ကိုယ်က ကြင်နာသလို ကြည့်ပြီး...

"စေတနာနဲ့ ပြောမလို့ပါ"

"အဖျက်စကားမဟုတ်ရင် ပြော"

"အပြုတွေရယ် အပျက်တွေရယ် ငါမသိဘူး။ နင့်အတွက် အကျိုးရှိမယ့်အချက်"

"ပြောကြည့်လေ"

"လက်ရှိအမှုနဲ့ပတ်သက်ပြီး နင် စဉ်းစားနေတာ ဒီပုံစံ မဟုတ်လား"

လင်းဝင်းက စာရွက်နှင့် ဆော့ပင်ယူပြီး ရေးဆွဲပြလိုက်သည်။



| ပထမလကွယ်ည | ဒုတိယလကွယ်ည | တတိယလကွယ်ည |
|---|---|---|
| ခေါင်းလောင်းသံ(၁၃)ချက် | ခေါင်းလောင်းသံ(၁၃)ချက် | ? |
| ညဉ့်သန်းခေါင်ယံအချိန် | ညဉ့်သန်းခေါင်ယံအချိန် | ? |
| နံနက်လူ(၁)သေ | နံနက်လူ(၁)သေ | ? |
| ကိုယ့်အိမ်မှာကိုယ်သေ | ကိုယ့်အိမ်မှာကိုယ်သေ | ? |
| (အဆိပ်မိခြင်းဖြစ်) | (အဆိပ်မိခြင်းဖြစ်) | ? |

"ဟုတ်တယ် မဟုတ်လား"

"ဟုတ်တယ်လေ"

"အေး...။ အဲ့ဒီအတွေးကို နင် ဖျောက်လိုက်တော့"

"ဟင်...ဘာဖြစ်လို့လဲ"

"ဘောင်တစ်ခုထဲမှာ သွတ်သွင်းစဉ်းစားသလို ဖြစ်နေမယ်။ တတိယလကွယ်ညမှာလည်း ဒီလိုပဲ ဖြစ်ဦးမယ်။ အမှုဟာ ဒီအတိုင်းသွားလာနေတယ်ဆိုပြီး ကိုယ့်ဘာသာ ကြိုဆုံးဖြတ်ချက်ချထားသလို ဖြစ်နေတယ်။ ရသမျှ သဲလွန်စလေးတွေကိုလည်း အဲ့ဒီဘက်ပဲ ဆွဲတွေးပြီး ယက်ထည့်နေမိလိမ့်မယ်။ မဖြစ်သင့်ဘူး။ မလုပ်ရဘူး"

"ဒါဖြင့် ဘယ်လိုလုပ်ရမှာလဲ"

"ကိုယ့်ဘာသာ အစက ပြန်စဉ်းစား။ အဲ့ဒီခွင်ထဲက ဝင်မစဉ်းစားနဲ့ အဲ့ဒီခွင်ရဲ့အပြင်ကနေ စပြီးစဉ်းစား။ နို့မို့ဆို ကြိုတင်ချမှတ်ထားမိတဲ့ ပုံစံတစ်ခုက ဟုတ်မဟုတ်လည်း မသေချာဘဲနဲ့ နင့်ရဲ့ ဆင်ခြင်ဉာဏ်ကို ထိန်းချုပ်လိမ့်မယ်။ Bounded Rationality လို့ ခေါ်တယ်"

သူမ၏မျက်နှာက တွေဝေသွားပြီး...

"အင်း...နင်ပြောတာလဲ ဟုတ်တုတ်တုတ်ပဲ"

"ဟုတ်တုတ်တုတ် မဟုတ်ဘူး၊ ဟုတ်ကို ဟုတ်တယ်။ အဲ့ဒီလို တစ်စချင်းပြန်စု။ အစကနေ ပြန်ကောက်။ ဒါမှ ဖြစ်မယ်"

"ဟုတ်တယ်...ဟုတ်တယ်။ ဒါမှသာ တွေးခေါ်စဉ်းစားရတာ ငါ ကျယ်ပြန့်မှုရှိမယ်။ နို့မို့ဆို ငါ့ဖိနပ် ငါပြန်နင်းထားသလို ဖြစ်မယ်"

"တော်လာပြီ"

www.burmeseclassic.com

BURMESE CLASSIC .com

သူမက မျက်စောင်းထိုး၏။ လင်းဝင်းက ဆက်ပြောလိုက်သည်။

“နင် ငယ်ငယ်တုန်းက ဂလင်ဂလောင်ဂလက် ချဉ်ပေါင်ရွက်ဆိုတဲ့ ကစားနည်းကို ကစားဖူးတယ် မဟုတ်လား”

“ကစားဖူးသားပဲ။ ဘာဖြစ်လို့လဲ...”

“အခု နင် အဲဒီ့အတိုင်း လှုပ်ရှားရမှာပဲ”

“ဘာဆိုင်လို့လဲ။ ငါ သဘောမပေါက်ဘူး”

“ဩော်...စည်းကလေးတားပြီး ဘယ်ခြေညာခြေ အဆုတ်အတက် လုပ်နိုင်ရမယ်လို့ ဆိုလိုတာ”

“နင်...မဆိုးပါဘူး”

“အေး...ငါ မဆိုးပါဘူး”

ထိုအချိန်မှာပဲ ကြီးကြီးတို့ သူ့အိမ်သူ ပြန်ရောက်လာလေသည်။

●

(၁၁)

ကြီးကြီး၊ အိမ်ဖော်မကြင်စိန်တို့နှင့်အတူ ကိုရန်နိုင်ပါ ပါလာလေသည်။ ကြီးကြီးက ဘုန်းကြီးကျောင်းမှ အပြန် ဈေးကိုပါ လှည့်ဝယ်ခဲ့ပုံရသည်။ စောစောစီးစီးဖြစ်သော်လည်း သားစိမ်းငါးစိမ်းနှင့် ဟင်းလျာတော်တော်များများကို ရလာခဲ့သည်။ ဘုန်းကြီးကျောင်း ကျက်သရေခန်းထဲမှ နှိုက်လာခြင်းတော့ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ပါ။

မတင်စိန်နှင့်အတူ ကိုရန်နိုင်ကပါ ဆွဲခြင်းတောင်းကို ဆွဲပြီး စပ်ဖြဲဖြဲနှင့် ပါလာသည်။

“ဒီအိမ်မှာ ခါးခါးဆိုတာ ရှိလားဟေ့”

“ငါ့နာမည် ခါးခါးမဟုတ်ဘူး”

“အဲ့ဒါဆို မကျွေးဘူး။ ခါးခါးအတွက်ဆိုပြီး သယ်လာရတာ”

သူတို့ရောက်လာသဖြင့် ဆူညံဆူညံတော့ ဖြစ်သွားရသည်။ လင်းဝင်းကတော့ ပြုံးတုံ့တုံ့လုပ်နေသည်။ ပုံမှန်အားဖြင့်ဆိုလျှင် လင်းဝင်း ပြုံးတုံ့တုံ့လုပ်ခြင်းက တစ်ဖက်သူငယ်ချင်းအတွက် အန္တရာယ်ဖြစ်သည်။ ယခုအချိန်မှာတော့ ရိုးရိုးရယ်ပါ။ ခုမှ တွေ့ရသော ကိုရန်နိုင်ကိုလည်း ခုမှတွေ့ရသူတစ်ယောက်လို သူ ခင်ပါသည်။

www.burmeseclassic.com

BURMESE CLASSIC .com

''ဟဲ့…ချိုချိုရော''

ကြီးကြီးက သူ့သမီးကို မေးသည်။ ကုလားကြီးနှင့်လိုက်သွားပြီဟု ဖြေ၍လည်း ရမည်မဟုတ်ပါ။ လင်းဝင်းကပဲ အကျိုးအကြောင်း ပြောပြလိုက်သည်။

''အေး…အေး…။ အဲ့ဒါဆို အိမ်က ကားယူသွားပြီး လျှောက်လည်ကြလေ''

တစ်ဆက်တည်းမှာပဲ…

''ဟဲ့…ရန်နိုင်''

''ဗျာ…''

''သူတို့ကို ကောင်းကောင်းခေါ်သွားလိုက်နော်''

''ဟုတ်ကဲ့ပါ''

''ကဲ…သွားကြ…သွားကြ။ အဲ…မနက်စာ ပြန်လာစားနော်''

ရန်နိုင်က ကြားဖြတ်ပြီး…

''အဲဒါတော့ ခွင့်လွှတ် ကြီးတော်။ သူတို့ကို ကျွန်တော်က ဒီနေ့မနက်စာ ကျွေးမလို့။ ညနေစာကျမှသာ အိမ်မှာကျွေးတော့''

ပြောပြောဆိုဆို…

''လာ…လာ…သွားကြမယ်''

ကားသော့ကို တိုင်မှာချိတ်ထားရာမှ သူ့ဘာသာဆွဲယူပြီး လင်းဝင်းနှင့်ခါးခါးကို ခေါ်ကာ တစ်ချိုးတည်း ထွက်လာခဲ့သည်။ လင်းဝင်းနှင့် ခါးခါးကလည်း ကိုယ့်ပိုက်ဆံအိတ် ကိုယ်ဆွဲပြီး လိုက်လာသည်။ စားပွဲပေါ်မှာ ငှက်ပျောသီးဆနွင်းမကင်းသာ ကျန်ခဲ့သည်။

ကားထွက်ထွက်ချင်း ခါးခါးက…

''ရန်နိုင်''

''ဟေ…''

''ငါတို့ကို မြို့တစ်ပတ် အရင်လှည့်မောင်းပြပါ…''

''အေးပါ''

ပြီး…ကားကို နွားဟန့်သလို 'ဟဲ့…ကား' ဟု အော်ကာ မောင်း





သည်။ 'ငါနဲ့တော့ တွဲလို့ရပြီ'ဟူသော အတွေးနှင့် လင်းဝင်း ပြုံးမိသေးတော့သည်။

''ခါးခါး…''

''ဟေ…''

''နင်မရှိတဲ့နောက်ပိုင်းမှာ ဒီမြို့က အတော်ပြောင်းလဲသွားပြီဟ''

''အေး…မြင်ပါတယ်''

''နင် အခု ဘာလုပ်နေလဲ''

''ဘယ်သူ့ကို မေးတာလဲ''

''နင့်ကိုလေ…''

''ဘုရားရေ…။ ငါက ဘာလုပ်ရမှာလဲ''

''ဟင်…ဒီအရွယ်ကြီးရောက်နေပြီ ဘာမှ မလုပ်ဘူးလား။ ဘာလဲ လင်ယူပြီး သူ့ရှာကျွေးမှာကို စောင့်နေတာလား''

''မသာကောင်၊ ငါက ငါ့အဒေါ်ကြီးနဲ့အတူ အိမ်ကို ထိန်းသိမ်းနေရတာဟဲ့။ အိမ်ကို သော့ပိတ်ပြီး အပြင်ထွက် အလုပ်လုပ်လို့လည်း ရသေးတာ မဟုတ်ဘူး''

ရန်နိုင်က ဘာမှဆက်မပြောတော့ဘဲ တဟဲဟဲရယ်သည်။ အတန်ကြာမှ…

''ခါးခါး''

''ဘာလဲ''

''မြို့မှာ နင် ကျေနပ်ချမ်းမြေ့စရာလေးတွေ တွေ့မှာပါ''

''အေး…။ အခုတော့ နင်ပြောထားဦးပေါ့''

ခါးခါး၏စကားက မည်သည့်အရပ်ကို ဦးတည်မှန်း လင်းဝင်းရိပ်မိပါသည်။ သို့သော် လင်းဝင်းရိပ်မိခြင်းသည် ရန်နိုင်ရိပ်မိခြင်း မဟုတ်ပါ။ ထို့ကြောင့် ရန်နိုင်က…

''ခါးခါး''

''အာ…ဘာလဲဟ၊ နင်ကလည်း တစ်ခုပြီးတစ်ခု…''

''နင့်သူငယ်ချင်းနဲ့ ငါ့ကို မိတ်ဆက်ပေးဦးလေဟာ''

www.burmeseclassic.com

BURMESE CLASSIC .com

ထိုအခါကျမှ ခါးခါးက...

"ဪ...အေး...။ သူက လင်းဝင်းတဲ့။ ချိုချိုတို့ ရန်ကုန်မှာနေတုန်းက အိမ်ချင်းကပ်လျက်၊ မြန်မာစာနဲ့ ကျောင်းပြီးထားပြီး အခုစာအုပ်အရောင်းအဝယ် လုပ်နေတယ်"

"ဟာ...ကောင်းတာပေါ့"

"လင်းဝင်း...။ သူက ရန်နိုင်တဲ့။ ငါတို့ရဲ့ ငယ်ပေါင်းပဲ။ ဘာနဲ့မှ ကျောင်းမပြီးဘဲ အခု အရောင်းအဝယ်လုပ်နေတယ်။ သူ့ဘာသာ အိမ်တစ်လုံးနဲ့ တစ်ယောက်တည်း နေတယ်။ ဘယ်သူကမှလည်း သူနဲ့ မနေချင်ကြဘူး"

"ဟာ...ကောင်းတာပေါ့"

သုံးယောက်လုံး ရယ်မောမိကြသည်။ ဘာရယ်မဟုတ်ဘဲ တစ်သားတည်းဖြစ်သွားသလို ခံစားမိကြသည်။

ရန်နိုင်က လင်းဝင်းကို တိုက်ရိုက်ပြောသည်။

"ကိုလင်းဝင်းက စကားအတော်နည်းတယ်နော်"

"ခင်ဗျာ..."

မထင်မှတ်သော အမေးစကားကြောင့် လင်းဝင်း အူကြောင်ကြောင် ဖြစ်သွားသည်။ သူ မည်သို့မျှ မတုံ့ပြန်နိုင်သေးခင်မှာ ခါးခါး ရယ်လိုက်တာက တသောသော။

"ရန်နိုင်"

"ဟေ..."

"နင်မို့လို့ သူ့ကို စကားနည်းတယ်လို့ ပြောတယ်"

"မဟုတ်ဘူးလား"

"မဟုတ်လို့ပေါ့"

ထိုအခါကျတော့ လင်းဝင်းက ကြားဝင်ရပါပြီ။

"ကိုရန်နိုင်"

"ဗျာ"

ရန်နိုင်သည် ကားမောင်းအတော်ကျွမ်းကျင်သူ ဖြစ်၏။ လမ်းများကိုလည်း အထာသိသဖြင့် ပို၍ အဆင်ပြေဟန်ရှိသည်။ ကားမောင်းနေရင်း ကပင် ဟန်မပျက် စကားများကို ပြောနိုင်သည်။ တောင်တစ်လုံး မြောက်တစ်လုံး မဟုတ်။ အသေအချာ စီကာပတ်ကုံးပြောနိုင်ခြင်း ဖြစ်သည်။



"တစ်ခါက ကြက်မတစ်ကောင်က သူ့ဥကို အထရာဆောင်း သွားရိုက်ဖူးတယ်ဗျ"

"ဗျာ...။ ဟုတ်လို့လား"

"ဟုတ်တယ်လို့ သတ်မှတ်လိုက်ပေါ့ဗျာ"

ခါးခါးက ဝင်ပြောသည်။

"ရန်နိုင်ရေ...နားသာထောင်လိုက်။ ဘာတွေ ပေါက်ကရ ပြောမလဲ မသိဘူး"

လင်းဝင်းကလည်း ဂရုမစိုက်ပါ။ သူ့ဘာသာ ပြောချင်တာပြော၊ ကိုယ်ကလည်း ပြောချင်တာပြောရုံပေါ့။ ဘာဖြစ်တာလိုက်လို့၊ ကိုယ့်စကားက လိုရင်းရောက်ဖို့ အဓိကပဲ။

"ကဲ...ကဲ...ပြောစမ်းပါဦးဗျာ"

ရန်နိုင်ကလည်း လူရွှက်ဖြစ်ပုံရသည်။ လင်းဝင်းကို သဘောကျနေသည်။

"အဲ့ဒီကြက်မကဗျာ...သူ့ဥကို သူ စိတ်မချဘူး။ ဥချွန်ရင် အထီး၊ ဥတုံးရင် အမ။ အဲ့ဒီလို နားလည်ထားတာကိုး။ အခု ဥက မချွန်မတုံး။ အဲ့ဒါနဲ့ပဲ အထရာဆောင်း သွားရိုက်တယ်"

"ခင်ဗျားဟာက ဟုတ်မှ ဟုတ်ရဲ့လားဗျာ..."

"ဟုတ်ပါတယ်ဆို"

"ဒါဆို ဆက်ပြော"

"ဆရာဝန်က ပြောလိုက်တယ်လေ။ သူ့ဥက အထီးလည်း မဟုတ်ဘူး၊ အမလည်း မဟုတ်ဘူး။ လေဥ...တဲ့"

ရန်နိုင်က သဘောကျစွာ ရယ်သည်။ ခါးခါးကလည်း ပြုံး၏။ လင်းဝင်းက ဆက်၍...

"ကျွန်တော်က ကိုရန်နိုင်ကို ဘာမှမပြောနိုင်တာ အဖိုအမ၊

www.burmeseclassic.com

BURMESE CLASSIC .com

အပူအအေး၊ လောကနိယာမတွေကို ဆရာ မလုပ်ဝံ့လို့ပါ။ တော်ကြာ... ဒီကောင် လေဥကြီးပါ။ လေနဲ့ ပြည့်နေတာပါလို့ အပြောခံရမှာ စိုးလို့''

''မပြောတတ်လို့ဘဲ တော်တော့တယ် ကိုလင်းဝင်းရယ်''

ရန်နိုင်က လင်းဝင်းကို အတော်ဘဝင်တွေ့သွားပုံ ရသည်။ ခါးခါးကတော့ မသိချင်ယောင် ဆောင်နေသည်။ သူ့ကိစ္စကို သူ အာရုံရောက်နေပုံ ရသည်။ ပတ်ဝန်းကျင်ကို အကဲခတ်ရင်း ရန်နိုင့်ကို စကားစရန် ပြင်နေသည်။ လမ်းခရီးတစ်ခုအရောက်...

''ဟဲ့...ရန်နိုင်''

''ဟေ...''

''ငါ ကင်းကွာသွားပြီး မြို့မှာ ဘာတွေဆက်ဖြစ်သေးလဲ''

''ဘာမှ မဖြစ်ပါဘူး''

''တကယ် ဘာမှ မဖြစ်ပါဘူးလား''

''မဖြစ်ပါဘူးဆို။ နင်က ဘာကြားလို့လဲ''

''လူတွေ အဆိပ်မိပြီး သေကြတယ်ဆို''

''သြော်...ဟုတ်တယ်''

''ခေါင်းလောင်းထိုးသံ ၁၃ချက်ကြားရပြီး သေတာဆို''

''အေး...။ တိုက်ဆိုင်တာ ဖြစ်မှာပါ''

''လကွယ်ညတွေမှာချည်းပဲဆို''

''အေး...အဲဒါလည်း ဟုတ်တယ်။ နင့်ကို ဘယ်သူပြောလဲ''

''ချိုချိုပေါ့''

''အလကားပါဟာ''

''ဘာအလကားလဲ''

''လူတွေက ချဲ့ကြတာလည်း ပါပါတယ်။ သိတယ်မို့လား...။ အဲ့ဒီလိုကိစ္စမျိုးဆို သိပ်ပြောချင် ဆိုချင်ကြတာ''

''ချိုချိုက မဟုတ်ဘဲ ပြောမလားဟဲ့''

''နင့်ချိုချိုက သူ့ဘောလုံးကွင်းထဲက ထွက်တာ မဟုတ်ဘူး။ ဘာမှ သေသေချာချာသိတာ မဟုတ်ဘူး''



''နင့်ကို မေးကာမှပဲ လမ်းစက ပြတ်တော့တယ်''

လင်းဝင်းက တစ်ဖက်လှည့်ပြီး ရယ်ကြဲကြဲလုပ်နေသဖြင့် ခါးခါးက မျက်စောင်းထိုးသည်။

''ကိုရန်နိုင်''

''ဗျာ...''

''ဒီအမှုကို စိတ်ဝင်စားလို့ သူက ဒီမြို့ကို လိုက်လာတာဗျ''

''စပ်စပ်စုစုဗျာ''

''ကျွန်တော်က သူ့ကို အကြံပေးစရာလေး ရှိတယ်''

''ပြောပါဦးဗျာ''

''ဒေးကားဆိုတဲ့ ဖီလော်ဆော်ဖာကြီးက ပြောဖူးတယ်။ အမှန်တရားကို ရှာဖွေဖော်ထုတ်တဲ့အချက် လေးချက်ပေါ့ဗျာ။ ပထမဆုံးအချက်ကို ခါးခါးအတွက် ကျွန်တော် ပြောရမယ်''

''ဆိုပါဦးဗျာ''

''ရှင်းလင်းပြတ်သားတဲ့ အချက်ကလွဲပြီး ဘယ်အချက်ကိုမှ မှန်တယ်လို့ မယူဆရသေးဘူးတဲ့''

''ဟုတ်တာပဲဗျ''

''မရွှေခါးခါးက အဲ့ဒီအချက်ကို အကောင်အထည်ဖော်ရလိမ့်မယ်''

ခါးခါးက မဲ့ပြသော်လည်း လက်ခံဟန်ရှိ၏။ (လက်ဖြင့် ခံယူဟန် ပြသည်)

''မိုးကြိုးဆိုတာ မိုးပေါ်က ကျလာတဲ့ကြိုး မဟုတ်ဘူးလေဗျာ''

''ဒါတော့ နင်ပြောမှလား''

''အရောင်မရှိတဲ့ ရေကလည်း ပင်လယ်လုပ်ပြီး ပြာချင်တယ်။ လောကက မာယာများတယ်''

''အင်း...ဒီစကားလေးကတော့ ကောင်းတယ်''

''ငါထွင်ထားတဲ့ စကားပုံလေ...။ ဟဲ...ဟဲ...''

www.burmeseclassic.com



ကြောင်နှစ်ကောင်စာအုပ်တိုက်

BURMESE CLASSIC .com



(၁၂)

ချိုချိုက သူတို့အရင် ပြန်ရောက်နေသည်။ ရေမိုးချိုး အလှပြင်ပြီး နေပြီ။ ခါးခါးကို...

"နင်တို့ တော်တော်နှံ့ခဲ့လား" ('နှံ့'ကို ဟပ်ထိုးသံပီအောင်ပြော သဖြင့် တော်ပါသေးသည်)

"အေး...။ နည်းနည်းပါးပါးတော့ နှံ့ပါတယ်" (ခါးခါးကလည်း ပီအောင် ဖြေပါသည်)

"အပေါင်းအသင်းတွေကိုရော တွေ့ခဲ့လား"

"အေး...။ သိပ်တော့ မစုံသေးဘူး"

"ရန်နိုင်က လင်းဝင်းနဲ့ လေပေါနေတာနဲ့ နင် မနှံ့ခဲ့ဘူးပေါ့"

"အစစ်ပေါ့"

"ထင်သားပဲ၊ သူတို့နှစ်ယောက် တွဲမိမယ်လို့"

လင်းဝင်းက...

"အခုလည်း သွားရဦးမယ်။ ရန်နိုင်က လာခေါ်ဦးမယ်၊ လက်ဖက်ရည်ဆိုင် ထိုင်မလို့တဲ့"

ညနေစောင်းမှာ ရန်နိုင်က စက်ဘီးကလေးနှင့် လာခေါ်သည်။

ညနေရီက လေချိုတအေးအေးနှင့် သာယာနေသည်။ လက်ဖက်ရည်ဆိုင် ကလေးကလည်း သပ်ရပ်သန့်ရှင်းသည်။

"ခင်ဗျားနဲ့ ချိုချိုက အတော်ခင်သလားဗျ"

"အင်း...။ ရန်ကုန်မှာကတည်းက နှစ်အိမ်တစ်အိမ် နေလာတာ"

"ခါးခါးကကော"

"သူက မိချိုနဲ့ပတ်သက်ပြီး သိတာ"

ထိုအခိုက်မှာပင် မျက်နှာထားတင်းတင်းနဲ့ လူငယ်တစ်ယောက် သူတို့ဝိုင်းဆီ ဝင်ထိုင်သည်။ လင်းဝင်းကို ရှုတည်တည်ကြည့်သည်။ ကျောင်းစာတွေကို မမေ့သေးသလို 'အမေးဝါကျ'တစ်ခုကို ထုတ်သည်။

"ရန်ကုန်ကဧည့်သည် ဟုတ်လား"

ရန်နိုင်က 'အဆိုပြုဝါကျ'နှင့် တုံ့ပြန်သည်။

"ဟုတ်တယ်လေ...။ ချိုချိုတို့အိမ်မှာ တည်းတယ်"

"သိပါတယ်"

ရန်နိုင်က လင်းဝင်းကို မသိမသာလက်ကုတ်သည်။ ထိုလူက ဆေးပေါ့လိပ်သွားရွေးနေချိန်မှာ တိုးတိုးတိတ်တိတ်နှင့် တစ်ရွာလုံးသိမည့် ကိစ္စတစ်ခုကို ပြောသည်။

"အဲ့ဒီလူက ချိုချို့ကို ကြိုက်နေတာ"

"ဩော်..."

"ချိုချိုရဲ့ ငှက်ပျောသီးပေါင်းကို ဒိုင်ခံစားပေးနေသူပေါ့"

လင်းဝင်း ရယ်ချင်သွားသည်။

"ဩော်...။ သူက ချက်ကောင်းနဲ့ ရွေးပေါင်းတာပေါ့"

"လကွယ်ညမှာ အဆိပ်မိပြီး သေသွားတာ သူ့ညီလေ"

"ဘာဖြစ်လို့လဲ"

"သိပါဘူးဗျာ..."

"အင်း...။ ခါးခါးကတော့ စိတ်ဝင်စားတော့မှာပဲ"

"ခါးခါးကို တွေ့ရင်လည်း သူ ကြိုက်ဦးမှာပဲ။ သူက မိန်းမ အရမ်းလိုချင်နေတာ"

www.burmeseclassic.com


ကျောင်းနှစ်ကောင်စာအုပ်တိုက်

BURMESE CLASSIC .com

“သူ့ညီက ရန်သူရှိလို့လား”

“မတည့်တဲ့လူတော့ ရှိမှာပေါ့ဗျာ။ လူပဲ”

“ဘာအလုပ် လုပ်တာလဲ”

“ဗေဒင်ဟောတယ်”

“သူ့ဘာသာ သေမှာကို မတွက်မိဘူးလား”

“ခင်ဗျားကလည်း ကပ်သီးကပ်သပ် အတော်မေးတာပဲ”

ထိုအချိန်မှာ ထိုလူက ဆေးလိပ်ဝယ်ပြီး ပြန်ရောက်လာသည်။ ရန်နိုင်က သူတို့ကို မိတ်ဆက်ပေးသည်။

“ကိုလင်းဝင်း...။ ဒါက ကိုအောင်ကွန်းတဲ့။ ဈေးထဲမှာ သံဖြူဆိုင် ဖွင့်ထားတယ်”

“ဟုတ်ကဲ့...။ ကျွန်တော် လင်းဝင်းပါ။ ရန်ကုန်မှာ စာအုပ်ရောင်းပါတယ်”

“ခင်ဗျားနဲ့ချိုချိုက ဘယ်လိုပတ်သက်တာလဲဗျ”

အိုး...ဘလိုင်းကြီးပါလား။ (အကန်းကြီးပါလားဟု ဆိုလိုခြင်း မဟုတ်ပါ)

“သူငယ်ချင်းပါပဲ။ ငယ်ပေါင်းတွေပေါ့”

“အေးဗျာ...။ ကျွန်တော် သူ့ကို စိတ်ဝင်စားနေတာ”

“ကျွန်တော်က သူ့ကို ငှက်ပျောသီးလို့ ခေါ်တာ”

“ကျွန်တော့်အတွက်ကတော့ နံ့သာပုလေးပါပဲဗျာ”

“ခင်ဗျားတို့ချင်း အဆင်ပြေနေကြပြီလား”

“ဒီလိုပါပဲဗျာ...။ ကျွန်တော်လည်း တတ်နိုင်သလောက် ချည်းကပ်တာပဲ”

“ခင်ဗျား စိတ်ဝင်စားမယ်ဆိုရင် ကျွန်တော် နည်းတစ်ခု ပြောပြမယ်”

“ဘာများလဲ”

“ညသန်းခေါင်ဦးချိန်မှာ ကြည့်မှန်ရှေ့ကို ဝိုင်တစ်ခွက်ရယ်၊ ခင်ဗျားရဲ့ ဆံပင်သုံးချောင်းရယ် ချထားရမယ်။ ပြီး... မှန်ကို ကျောပေးပြီး





ထိုင်...”

“အင်း...”

“သန်းခေါင်နာရီသံ ကြားတာနဲ့ မှန်ထဲကို ပြန်လှည့်ကြည့်လိုက်၊ မှန်ထဲမှာ ခင်ဗျားရဲ့ အိမ်ထောင်ဖက်ကို မြင်ရလိမ့်မယ်”

“အင်”

ကိုအောင်ကွန်း တွေဝေသွားသည်။ (ခုခေတ်လူတွေ အတော် တွေဝေကြသည်)

“စိတ်ဝင်စားစရာပဲဗျ။ ဒါပေမဲ့...”

“ဒါပေမဲ့ ဘာဖြစ်လဲ”

“ကြောက်စရာကြီး”

ရန်နိုင်က ထရယ်သည်။

“ခင်ဗျား မလုပ်ရင် ကျွန်တော်လုပ်မယ်”

“ခင်ဗျား အဆင်ပြေရင် ကျွန်တော့်လည်း ပြောလေ”

“ဆာရာလင်ဒွန်မောရစ်ဆင်ဆိုတဲ့ အနောက်တိုင်းက အမျိုးသမီးရဲ့ နည်းလေ။ သူ့ Love Spell တွေက အတော်နာမည်ကြီးတယ်။ ကျွန်တော့်မှာ သူ့စာအုပ် နှစ်အုပ်တွဲရှိတယ်။ ရန်ကုန်အိမ်မှာ”

“အေးဗျာ...။ မှန်ထဲကို လှည့်ကြည့်လို့ ချိုချို့ကို တွေ့ရရင် အရမ်းကောင်းမှာပဲ”

“ငှက်ပျောသီးလေး ကိုင်လို့လား”

ရယ်ဖြစ်ကြသည်။ လင်းဝင်း၏ စည်းရုံးရေးကို ရန်နိုင်က သဘောကျသွားသည်။

“ကိုလင်းဝင်း”

ကိုအောင်ကွန်းက ခေါ်ခြင်းဖြစ်သည်။

“ဗျာ”

“အဲ့ဒီနည်းကို ခင်ဗျား စမ်းကြည့်ဖူးလား”

“ဟင့်အင်း...။ ကျွန်တော်လည်း ခင်ဗျားလိုပဲ ကြောက်သဲ့”

ရယ်ဖြစ်ကြပြန်သည်။

www.burmeseclassic.com

“ဟိုကောင်ဆိုရင် လုပ်ရဲမှာဗျ။ ဘာအကြောက်အလန့်မှ မရှိဘူး”

“ဘယ်ကောင်လဲ”

“ကျွန်တော့်ညီလေ။ ဆုံးသွားတဲ့ အောင်လွန်းပေါ့”

ရန်နိုင် အကွက်တွေ့သွားသည်။

“ခင်ဗျားညီက ဘယ်လိုဖြစ်တာလဲဗျ”

“မပြောတတ်ပါဘူးဗျာ...”

“ဘယ်သူကများ အဆိပ်ခတ်လိုက်တာလဲ”

“သူ့ဘာသာ ဘယ်မှာ ဘာဖြစ်လာတာလဲ မသိဘူး။ မိုးလင်းတော့ သေနေတာပဲ”

“သက်ဆိုင်ရာတာဝန်ရှိတဲ့လူတွေက ဘာပြောလဲ”

“လိုက်တုန်းပဲ။ ကျွန်တော့်ကို ခေါ်စစ်သေးတယ်”

“ခေါင်းလောင်းထိုးသံနဲ့ကော အဆက်အစပ် ရှိလား”

“မဆိုနိုင်ပါဘူးဗျာ။ အဲဒီခေါင်းလောင်းသံကလည်း ကြုံကြုံဖန်ဖန် သန်းခေါင်ကြီး ထိုးရတယ်လို့။ ပြီးတော့လည်း (၁၃)ချက်”

“ခင်ဗျားက လိုက်ရေထားလို့လား”

“သူများပြောတာပဲ”

လင်းဝင်းက ဝင်မေးသည်။

“အဲ့ဒီခေါင်းလောင်းက ရိုးရိုးထိုးတာပဲလားဗျ”

“ခင်ဗျားမေးတာကို ကျွန်တော် နားမလည်ဘူး”

“ဒီလိုလေ...။ ဆောင့်ကြီးအောင့်ကြီး ထိုးတာလား၊ သံရှည်ဆွဲပြီး ထိုးတာလား။ ခေါင်းလောင်းသံမှာ စိတ်တွေပါလား”

“ပုံမှန်ထင်တာပဲ။ အဲ့ဒီလောက်ကြီးလည်း သတိမထားမိပါဘူး”

“အင်း”

လင်းဝင်းက စားပွဲကို လက်ညှိုးနှင့် တတောက်တောက်ခေါက်ပြီး စဉ်းစားနေသည်။ ရန်နိုင်က လင်းဝင်းကို အကဲခတ်သလို ကြည့်၏။ စကားဝိုင်းက ခေတ္တတိတ်ဆိတ်သွားသည်။ အတန်ကြာမှ လင်းဝင်းက...

“ကိုအောင်ကွန်း”





“ဗျ”

“ကျွန်တော့်သူငယ်ချင်းတစ်ယောက်နဲ့ ခင်ဗျား တွေ့ပေးရဦးမယ်”

“ဘယ်သူလဲ”

“ခါးခါးတဲ့”

“ဩော်...ခါးခါးလား။ သိတာပေါ့”

“မှန်ထဲ လှည့်ကြည့်လို့ ခါးခါးကို တွေ့ရင်ကော”

“ယူရမှာပေါ့...။ ဟဲ...ဟဲ...”

“ခါးခါးက ခင်ဗျားကို လာတွေ့မယ် ထင်တယ်”

“ကိစ္စရှိလို့လား”

“ခင်ဗျားညီကိစ္စကို သူက စိတ်ဝင်စားနေတယ်”

“ဘာလဲ...။ သူက အမှုဖော်မလို့လား”

“အင်း...”

“ဖြစ်ပါ့မလားဗျာ”

“အင်း...။ ကျွန်တော်လည်း ဝိုင်းကူရမှာပေါ့”

ကိုအောင်ကွန်းက ဘာမှမပြော။ မျက်မှောင်ကြုတ် စဉ်းစားသည်။

“သဲလွန်စတွေ ဘာတွေ ပျောက်ရောပေါ့ဗျာ”

“ရသမျှသတင်းနဲ့ သုံးသပ်ကြည့်ရမှာပေါ့”

“ခင်ဗျားတို့ ဘယ်တော့လာမှာလဲ”

လင်းဝင်းက...

“ကိုရန်နိုင်ကော လိုက်မှာလား”

“လိုက်ခဲ့မယ်လေ။ ခါးခါးက အားမလား”

“အားပေးလိမ့်မယ်။ ဒီကိစ္စအတွက် ရန်ကုန်က လိုက်လာတာ”

ခဏကြာတော့ လက်ဖက်ရည်ဆိုင်မှ ထကြသည်။ ကိုအောင်ကွန်းက...

“ခင်ဗျားတို့ ခု ဘယ်ပြန်မှာလဲ”

“ကျွန်တော်ကတော့ ချိုချိုတို့အိမ်ကိုပဲ ပြန်မှာပေါ့”

“ကျွန်တော်လည်း တစ်ခါတည်း လိုက်ခဲ့မယ်။ ခါးခါးနဲ့ပါ ဆုံသွား



www.burmeseclassic.com

BURMESE CLASSIC .com

တာပေါ့။ နောက်ပြီး ချိုချို့ဆီကလည်း ဆေးနည်းတောင်းရဦးမယ်''

''ဘာဆေးနည်းလဲ''

''လမ်းထဲက အဒေါ်ကြီးတစ်ယောက်ပါဗျာ…။ အပူကန်ပြီး ပါးစပ်အနာပေါက်နေလို့ပဲ့''

''မိချိုဆီမှာ ဆေးရှိလို့လား''

''ငှက်ပျောသီးနဲ့ ကုလို့ရတယ် ပြောတာပဲ''

''လာပြန်ပြီ ဒီငှက်ပျောသီး''

ရန်နိုင်က လူချင်းခွဲသွားသည်။ လင်းဝင်းနှင့်ကိုအောင်ကွန်းတို့ တဟားဟားရယ်ပြီး လက်ပြနှုတ်ဆက်ကာ ကိုယ့်ခရီး ကိုယ်ဆက်ခဲ့ကြတော့သည်။

●

(၁၃)

''ကဲ…ပထမဆုံး ခေါင်းလောင်းသံကိစ္စကို စဉ်းစားကြမယ်''

ခါးခါးနှင့်လင်းဝင်းတို့က ဦးနှောက်သုံးနေပြီဖြစ်၍ ချိုချိုလည်း မနေသာ။

''ဟဲ့…နင်တို့ သတင်းလည်း မစုံဘဲနဲ့''

''သတင်းက ရပါတယ်။ ဦးလေးဆီမှာ မေးမှာပေါ့''

လင်းဝင်း၏စကားကြောင့် ခါးခါးက မျက်စောင်းထိုးသည်။

''ငါ့ကျတော့ မမေးနဲ့ဆို''

''နင့်ကို ငါက ရောက်ရောက်ချင်း ဆောက်နဲ့မထွင်းဖို့ ပြောတာ။ အခုဆို ငါလည်း မြို့ထဲလက်ဖက်ရည်ဆိုင်တွေ ထိုင်ပြီးပြီ။ သတင်းကြားလို့ မေးကြည့်တာဆိုပြီး မေးလို့ရပြီ''

''အခု ဦးလေးက ဘယ်မှာလဲ''

''လူပျိုကြီးဆိုပြီး လျှောက်သွားနေမှာပေါ့''

''နင်တို့ကလည်းဟယ်…၊ ငါ့ဦးလေးကိုများ ပြောရက်လိုက်တာ''

မြန်မာဗွီဒီယိုကားများထဲကလို ဦးလေးက ပြောရင်းဆိုရင်း ရောက်လာသည်။ လင်းဝင်းက…

www.burmeseclassic.com


ကြောင်နှစ်ကောင်စာအုပ်တိုက်

"ဦးလေး…"

"ဟေ…"

"ကျွန်တော် ဦးလေးကို မေးစရာရှိလို့"

"မိန်းမ ယူတော့ဘူးလားဆိုတာကလွဲရင် ကြိုက်တာမေးကွာ။ အဲ…ယောကျ်ားယူမှာလားဆိုတာကိုလည်း မမေးနဲ့။ ဟား…ဟား…ဟား…"

"မဟုတ်ပါဘူး ဦးလေးရဲ့ အကောင်းမေးမလို့ပါ။ မတ်တပ်ကြီး၊ ထိုင်လေ"

"ဩော်…အေး…အေး…။ မင်းက အိမ်ရှင်ကိုး။ ပြောပါဦး…ဘာမေးမှာလဲ"

"ဦးလေးတို့မြို့မှာ ဦးလေးက အပ်ကျတာကအစ သိတယ်ဆို"

"ဒါတွေက အပြောပါကွာ။ အပ်ကျတာကို ဘယ်သူက သိမှာလဲ"

"အပ်ကျတာ မသိရင်လည်း ခေါင်းလောင်းထိုးသံ (၁၃)ချက်ကိုတော့ သိမှာပေါ့"

ဦးလေး၏မျက်နှာက တည်သွားသည်။

"မင်းက ဘယ်က ကြားလာတာလဲ"

"လက်ဖက်ရည်ဆိုင်က။ နောက်ပြီး ကိုအောင်ကွန်းကလည်း ပြောတယ်လေ"

"အေးကွ…။ ဒီမြို့မှာတော့ အဲဒီကိစ္စ ရေပန်းစားနေတယ်"

"ကိုအောင်ကွန်းရဲ့ညီ အောင်လွန်းအပြင် နောက်သေတဲ့ တစ်ယောက်ကရော…"

"ဦးမြင့်ဆွေတဲ့။ သူ့ဘာသာ ခြံစိုက်စားတဲ့ လူပါကွာ။ ဆင်းဆင်းရဲရဲပါ"

"ကဲ…စကားကို ပြန်ကောက်မယ်"

"ဘယ်လို ပြန်ကောက်မှာလဲ"

"ခေါင်းလောင်းသံကိစ္စကို ပြန်ကောက်မယ်လေ။ အချိန်မဟုတ်



အခါမဟုတ် လကွယ်ည သန်းခေါင်ယံကြီးမှ ခေါင်းလောင်းသံက ဘာကြောင့် ထွက်လာတာလဲ"

"အေးလေ…။ ပြီးတော့ ကံဆိုးဂဏန်းကြီး။ (၁၃)ချက်တဲ့"

"ခေါင်းလောင်းကကော ဒီတစ်လုံးတည်းက ထွက်တာဟုတ်ရဲ့လား။ တစ်ခါနဲ့ တစ်ခါ တူရဲ့လား"

"အေး…။ အဲ့ဒါကိုတော့ ဘယ်သူမှ မကွဲခဲ့ဘူးကွ။ သေသေချာချာ နားထောင်တာလည်း မဟုတ်ဘူးလေကွာ။ နားထဲရောက်လာလို့ ကြားတဲ့ ကိစ္စပဲ"

"တစ်ယောက်တည်းက တီးတာရော ဟုတ်ရဲ့လား။ ပထမဟာက တစ်ယောက်၊ ဒုတိယအလှည့်မှာ တစ်ယောက်လား"

"မင်းလုပ်တာနဲ့ ရှုပ်ကုန်ပြီ"

"ဘာပဲပြောပြော သဘာဝမကျတဲ့ကိစ္စဆိုတာကတော့ အမှန်ပဲ"

"အေး…။ အဲဒါတော့ ဟုတ်တယ်"

"သေတဲ့လူနှစ်ယောက်ကရော တစ်ယောက်နဲ့တစ်ယောက် အဆက်အဆံရှိလား"

ခါးခါးက ဝင်မေးခြင်းဖြစ်သည်။

"မေးထူးခေါ်ပြောလောက်ပါပဲ"

"မိတဲ့အဆိပ်ကရော တူလား"

"အဲ့ဒါတော့ ငါလည်းမသိဘူး"

"အဲ့ဒီနှစ်ယောက်လုံးရဲ့ စရိုက်သဘာဝကို နည်းနည်းပြောပြပါဦး"

"ထွေထွေထူးထူး မရှိပါဘူး။ သာမန်လူတွေပါပဲ။ ရပ်ကွက်ထဲမှာ တွေ့နေကျလူမျိုးတွေပါပဲ။ အဲ…အောင်လွန်းကတော့ လူငယ်ဆိုတော့ နည်းနည်းသွက်တာပေါ့။ ဦးမြင့်ဆွေကတော့ စကားခပ်နည်းနည်းပဲ"

"သူတို့နှစ်ယောက်မှာ ဘုံရန်သူများရှိလား ဦးလေး"

"အာ…မပြောတတ်ဘူး။ မရှိလောက်ပါဘူးဟာ"

"သေချာတယ်နော်"

"သေချာသလောက်ရှိပါတယ်ဟ။ ငါက လူကြီးဆိုတော့ ဒီသို့ပဲ

www.burmeseclassic.com


ကြောင်နှစ်ကောင်စာအုပ်တိုက်

BURMESE CLASSIC .com

ပြောရမှာပေါ့''

''ဒါဖြင့်ရင် ကိစ္စက ဘဲဥအစရှာမရ ဖြစ်ပြီ''

လင်းဝင်းက ခါးခါးကို ဝင်နှိပ်သည်။ လက်နှင့်မဟုတ်ပါ။ စကားနှင့် ဖြစ်သည်။

''နင်က ဘဲဥကို ဖောက်တံနဲ့ဖောက်ဖို့ အဖုံးလိုက်ရှာနေတာကိုး''

ချိုချိုက တဟားဟား ထရယ်သည်။ ခါးခါးက မခံချင်ဖြစ်ပြီး လင်းဝင်းကို...

''အချက်အလက်တွေက အသက်ဝင်မှ သတင်းဖြစ်မှာ''

''နင်ပြောမှလား''

''အတွင်းသတင်း၊ အပြင်သတင်းဆိုတာ ရှိသေးတယ်၊ ခု တို့ကြား နေရတာ အပြင်သတင်းတွေပဲ ရှိသေးတယ်။ အတွင်းသတင်းရဖို့ လိုသေး တယ်''

''ဒါဖြင့်''

''သေသူတွေရဲ့အိမ်တွေကို သွားစုံစမ်းရဦးမှာပေါ့''

''အဝင်ခံပါ့မလား''

''ဒါကတော့ ဦးလေးရဲ့အကူအညီကို ယူရမှာပေါ့''

''ဟ...ငါက ဘယ်လိုပြောပေးရမှာလဲ''

''ဒါကတော့ ဦးလေးရဲ့ အစွမ်းအစကို ကြည့်ရမှာပေါ့လေ''

''ဟေ...။ ဗုဒ္ဓေါ''

ဦးလေး စိတ်ညစ်သွားသည်။

ထိုအချိန်မှာ ကြီးကြီးပြန်ရောက်လာသဖြင့် စကားစ ပြတ်သွား သည်။ ဦးလေးက ကြီးကြီးမသိစေနဲ့ဟူသော သဘောဖြင့် မျက်စိမှိတ် ပြသည်။ အားလုံးက သဘောပေါက်သွားသည်။ သူတို့ကို ဦးလေးကူညီ လိမ့်မည်။ ချိုချိုကိုယ်တိုင်လည်း စိတ်ပါလာသည်။

''ဒီတူအရီးတွေ ဘာအကြောင်းပြောနေတာလဲ''

''ထွေရာလေးပါးပေါ့ မမရယ်''

''ဈေးထဲမှာ ဘယ်ဈေးဆိုင်တစ်ဆိုင် လမ်းဘေးမှာ ချရောင်းနေ





တယ်။ ဆေးမြစ်တွေအစုံပဲ။ လူတွေကလည်း အုံလို့''

ထိုစကားကြောင့် ခါးခါး ဆတ်ခနဲ ဖြစ်သွားသည်။

''ဈေးရဲ့ ဘယ်နားမှာလဲ...ကြီးကြီး''

''အရှေ့ဘက် မျက်နှာစာတန်းမှာ''

''သွားကြည့်ကြရအောင်''

ခါးခါးက သူတို့ကို အဖော်စပ်သည်။ ချိုချိုကလည်း ထောက်ခံ သည်။

''အေး...။ တောင်ငှက်ပျောသီးတွေ၊ ဘာတွေများ ပါလာမလား မသိဘူး''

''ရောင်းတဲ့သူတွေက မြန်မာတွေ မဟုတ်ဘူးဟဲ့။ တရုတ်တွေ''

''ဒါဆို ပိုစိတ်ဝင်စားဖို့ ကောင်းတာပေါ့''

လင်းဝင်းက ထိုင်ရာမှ ပျင်းရိပျင်းတွဲ ထလိုက်သည်။ ခါးခါး၏ ရည်ရွယ်ချက်ကို သူသိပါသည်။ ဘယဆေးများကို တွဲစပ်ပြီး အဆိပ်အဖြစ် အသုံးပြုနိုင်မလား ဟူ၍ပါ။

''သူတို့ ဒီမြို့ကို ရောက်နေတာကြာပြီလား...ကြီးကြီး''

''အဲ့ဒါတော့ ငါလည်း မေးမကြည့်မိဘူး။ ကြည့်ရတာကတော့ ခရီးဝေးကလာရောင်းတဲ့ ဒြေသည်တွေပဲ''

''ဘာပဲဖြစ်ဖြစ်လေ...၊ ဝယ်စရာရှိလည်း ဝယ်ရတာပေါ့။ သွား ကြည့်ကြတာပေါ့''

လွတ်သွားမည်စိုး၍ ခပ်သုတ်သုတ်ထထွက်လာကြသည်။ ကားကို ချိုချိုကပဲ မောင်းသည်။ လမ်းမှာ လင်းဝင်းက ပြောသည်။

''ခါးခါး''

''ဟင်''

''သတိလည်း ထားဦးနော်''

''ဘာကိုလဲ''

''နင်က အရမ်းလောနေတယ်။ သတင်းတွေ နင်းကန်လိုချင်နေ တယ်။ တော်ကြာ Information Load ဖြစ်ပြီး သတင်းပိနေဦးမယ်။

www.burmeseclassic.com

BURMESE CLASSIC .com



သတင်းက များလေလေ ပွားလေလေပဲ။ ဟုန်သွားမယ်''

ချိုချိုကလည်း ထောက်ခံသည်။

''အေး...အဲ့ဒါတော့ ဟုတ်တယ်ဟဲ့''

ခါးခါးက သိပ်စိတ်မလျှော့ချင်။

''ဟဲ့...လင်းဝင်း''

''ဘာလဲ''

''နင်က ဆရာသိပ်လုပ်တာပဲ''

''အခု သွားတာကို ငါက မတားပါဘူး။ နောင် သတိထားဖို့ ပြောတာပါ''

သူတို့၏ ရည်ရွယ်ချက် မအောင်မြင်လိုက်ပါ။ ဈေးကိုရောက်တော့ ဆိုင်က သိမ်းသွားပြီဖြစ်၏။ အနီးအပါးမှ ဈေးဆိုင်များကို မေးကြည့်တော့လည်း ဘာမှ မယ်မယ်ရရ မသိလိုက်ရ။ ဆေးတွေက ဈေးကြီးလွန်းသည်ဟုတော့ ပြောကြသည်။ တချို့ကလည်း ဆေးမြစ်တွေကို သိပ်အယုံအကြည်မရှိ အတုတွေဖြစ်နိုင်သည်ဟု သုံးသပ်နေကြသည်။

ချိုချိုက...

''ကဲ...ဒေါ်ရွှေခါးခါး''

''ဟေ...''

''အခု...ဘာလုပ်မလဲ''

''ကိုအောင်ကွန်းတို့အိမ် သွားမယ်''

ချိုချိုက လင်းဝင်းကို ငဲ့စောင်းကြည့်ပြီး...

''လင်းဝင်းကကော ဘယ်လိုလဲ''

''ကိုရန်နိုင့်ကို ဝင်ခေါ်သွားချင်တယ်''

''အင်း...ကောင်းသားပဲ''

''ဦးလေးက စီစဉ်ထားပြီးသားနော်''

''အေးပါ...။ ဦးလေးက မပိုင်ရင် ဆင်ကိုတောင် ဝင်မတိုက်မိဘူး''

ထိုသို့ဖြင့် ရန်နိုင့်ကို ဝင်ခေါ်ပြီး ကိုအောင်ကွန်းဆီ ထွက်ခဲ့ကြသည်။

''ကိုလင်းဝင်း''

''ဗျာ...ကိုရန်နိုင်''

''ကိုအောင်ကွန်းကတော့ ခင်ဗျားပြောတဲ့ Love spell ကို လူငယ်ကာလသားတွေ တွေ့တိုင်း လျှောက်ပြောနေတယ်''

''ဟုတ်လား...။ အဟဲ''

''ဟုတ်တယ်။ လက်ဖက်ရည်ဆိုင်မှာ ကျွန်တော် ကြားလိုက်တယ်''

''သူ့ညီသေတာကို သူ ဝမ်းမနည်းဘူးလားဗျ''

''အစကတည်းက ညီအစ်ကိုက ခပ်တန်းတန်းနေတာဗျ။ သိတယ်မဟုတ်လား။ တချို့ညီအစ်ကိုတွေက အဲ့ဒီလိုပဲ နေတတ်ကြတယ်''

''သူ့တို့ရဲ့ ခေါင်းလောင်းထိုးသံအမှုကလည်း ရုပ်လုံးမပေါ်လှသေးဘူးဗျ''

''ကြောက်တတ်တဲ့သူတွေက ကြီးဖန် ကြောက်ကြတာပါဗျာ။ ကျွန်တော်ကတော့ အယုံအကြည်မရှိလှပါဘူး''

''စကားတစ်ခွန်းရှိတယ်ဗျ''

''အင်း...ခင်ဗျားပြောရင် ဗဟုသုတရတယ်ဗျ၊ ပြောစမ်းပါဦး''

''ပထမအကြိမ်ဖြစ်ရင် မတော်တဆတဲ့''

''အင်း...''

''ဒုတိယအကြိမ်ဖြစ်ရင် တိုက်ဆိုင်တာတဲ့''

''အင်း...''

''တတိယအကြိမ်ဖြစ်ရင် ရန်သူ့လက်ချက်တဲ့''

''ဒါဖြင့် တတိယအကြိမ်အထိ စောင့်ရမှာပေါ့။ ဒါမှ ဆုံးဖြတ်လို့ရမှာပေါ့''

''အင်း...အဲ့ဒီလို ဖြစ်နေတယ်။ နောက်တစ်ယောက် ထပ်သေမှာ စိုးလို့ ခက်နေတယ်''

●

www.burmeseclassic.com

BURMESE CLASSIC .com

## (၁၄)

ကိုအောင်ကွန်းအိမ်ရောက်တော့ ကိုအောင်ကွန်းက အပေါ်ပိုင်း အင်္ကျီမပါဘဲ ရေချိုးရန် ပြင်နေသည်။ ချိုချိုနဲ့ ခါးခါးကိုတွေ့တော့ အပျိုမလေးလို တဘက်တစ်ထည်ကို ကမန်းကတန်းယူခြုံ၍ သူ ရှက်တတ်မှန်းလည်း သိလိုက်ရသည်။

"ဟာ…ခင်ဗျားတို့က အချိန်စောပြီး ရောက်လာကြတာကိုး"

"ခင်ဗျား ရေချိုးစရာရှိရင် ချိုးပါ။ ကျွန်တော်တို့ စောင့်နေပါ့မယ်"

ကိုအောင်ကွန်း ရေချိုးတာ အတော်ကြာသည်။ သုံးယောက်သား အိမ်တွင်းခန်းများကို မသိမသာ အကဲခတ်ဖြစ်ကြသည်။ တစ်ယောက်နှင့် တစ်ယောက် အကဲခတ်ပုံချင်းတော့ တူမည်မဟုတ်။

နောက်တော့ ကိုအောင်ကွန်း ထွက်လာသည်။ သားသားနားနား ဝတ်စားဆင်ယင်ပြီး ရေမွှေးတွေသွတ်၍ ထွက်လာခြင်းဖြစ်သည်။ ချိုချို့ကို မျက်လုံးရွှဲကြီးဆိုတာနှင့် ကြည့်သည်။ ချိုချိုကတော့ ခပ်တည်တည်ပင်။ ခါးခါးက…

"ကိုအောင်ကွန်း"

"ဗျ"



"ရှင်က ကျွန်မသူငယ်ချင်း ချိုချိုကို ရည်းစားစာ ပေးထားဘာကြာပြီဆို"

"ဟဲ…ဟဲ…။ ဟုတ်တယ်"

"ရှင်က တကယ်ချစ်တာလား"

"ဟ…တကယ်ချစ်တာပေါ့။ တစ်သက်မှာ နှစ်ခါပဲ ချစ်မှာ"

"ဘာ…ဘယ်လို…"

"ဒီလိုလေ…ပထမဆုံးအကြိမ်နဲ့ နောက်ဆုံးအကြိမ်ချစ်မှာလို့ ပြောတာ"

ကိုအောင်ကွန်း တစ်မှတ်ရသွားသည်။ ချိုချိုနှင့်ခါးခါးက ပြုံးသည်။ လင်းဝင်းက…

"ကိုအောင်ကွန်း"

"ဗျ"

"ခင်ဗျားတို့က ညီအစ်ကိုနှစ်ယောက်တည်း နေတာလား"

"ဟုတ်တယ်။ မိဘတွေက ရှေ့ဆင့်နောက်ဆင့် ဆုံးသွားတာ ငါးနှစ်လောက် ရှိပြီ"

"ဒါဖြင့် အခု ခင်ဗျားတစ်ယောက်တည်းပေါ့"

"အင်း…ဆွေမျိုးနီးစပ်တွေတော့ ရှိတာပေါ့ဗျာ"

လင်းဝင်းက ပေါ့ပေါ့ပါးပါးဟန်ဖြင့် မေးသည်။

"ဒါဆို မိချိုကို တင်တောင်းလို့ရပြီပေါ့ဗျ။ အမွေတွေကို ခင်ဗျား တစ်ယောက်တည်း ရမှာ"

ကိုအောင်ကွန်းက တွန့်ခနဲ ဖြစ်သွားသည်။

"တောက်တီးတောက်တဲ့။ ကျွန်တော်တို့မိဘတွေက လက်လုပ်လက်စားတွေဟ။ အကြွေးစာရင်းပဲ ကျန်တယ်"

"ဒါဖြင့် မိချိုကို တင်တောင်းဖို့ ခက်ပြီပေါ့ဗျာ"

"အို…ချိုချိုက ကျွန်တော့်ကို လက်ခံသတဲ့လား"

"အိုး…ဝေးသေး"

ချိုချို့ကိုကြည့်ပြီး ဝိုင်းရယ်မိကြသည်။

www.burmeseclassic.com

BURMESE CLASSIC .com

ကိုအောင်ကွန်းကလည်း မချိတင်ကဲ လိုက်ရယ်ရင်း…

"ကဲ…ခင်ဗျားတို့က ကျွန်တော့်ညီ ဆုံးပုံဆုံးနည်းကို သိချင်လို့ ဆို…"

"အေးလေ…။ ခေါင်းလောင်းသံနဲ့ဆိုတော့ ထူးဆန်းနေလို့"

"ကျွန်တော်လည်း ကြားလိုက်သားပဲ။ အိပ်ချင်မူးတူးနဲ့ဆိုတော့ ဘယ်နှချက်မှန်းတောင် မသိလိုက်ပါဘူးဗျာ"

"မိုးလင်းတော့ ကိုအောင်လွန်းက ဆုံးနေရောပေါ့"

"အင်း…။ ကျွန်တော်လည်း ချက်ချင်းမသိဘူး။ ဒီကောင်က အအိပ်အစား မမှန်ဘူး။ တစ်ခါတလေလည်း အခန်းထဲကတောင် မထွက်ဘူး။ အနေအထိုင်လည်း အရမ်းညစ်ပတ်တာ"

"သူက ဗေဒင်ဟောတယ်ဆို"

"ချောက်တီးချောက်ချက်ပါဗျာ။ ဘိုးတော်ရူး ရူးနေတာ။ သူ့ဘာသာတော့ စားလို့လောက်တာပေါ့"

"ခင်ဗျားတို့က အိုးခွဲစားတာလား"

"မခွဲပါဘူး။ ဒါပေမဲ့ ကိုယ့်အလုပ်နဲ့ကိုယ် ကြိုးသလိုစားနေကြတာ ပါပဲ"

"အဆိပ်မိတာရော သေချာလား"

"အင်း…။ အဲ့ဒါက သေချာတယ်၊ ဒီကောင်က ပျော်ပျော်နေတတ်တော့ လူချစ်ကြပါတယ်။ သူ့ကို မကောင်းလုပ်ကြံမယ့်လူ မရှိပါဘူး"

"ဒါဆို…အခုဟာက လုပ်ကြံမှု မဟုတ်ဘူးလား"

"သူက သူ့ဘာသာလည်း ဆေးတွေဖော်ပြီး သောက်တတ်သေးတယ်။ ပေါက်ကရ အကုန်လုပ်တယ်။ ဘယ်မှာ မှားသွားလဲမှ မသိဘဲ။ တစ်ခါတစ်ခါ ဟိုအရက်နဲ့ ဒီအရက်လည်း စပ်သောက်တာပဲ"

"သက်ဆိုင်ရာက ဘာပြောလဲ"

"အတိအကျ မပြောသေးဘူး။ ဒီလိုရှိတယ်ဗျ"

ကိုအောင်ကွန်း၏မျက်နှာက တည်ကြည်နေသည်။

"ခန္ဓာကိုယ်မှာ အဆိပ်မိတယ်ဆိုတာက လေးမျိုးရှိတယ်"





"ဟုတ်ကဲ့"

"အရေပြားက ထိုးဖောက်ပြီး ဝင်တာ။ ဥပမာ…မြွေ၊ ကင်း စတာမျိုးပေါ့ဗျာ"

"ဟုတ်ကဲ့"

"ဒီကောင့်မှာ အဲ့ဒီဒဏ်ရာမျိုး မရှိဘူး"

"သေချာလို့လား။ တချို့ဒဏ်ရာတွေက ပုန်းနေတတ်တယ်"

"သေချာပါတယ်"

"ဟုတ်ကဲ့…။ ဆက်ပြောပါဦး"

"ပိုးသတ်ဆေးတွေကို ပေါ့ပေါ့ဆဆကိုင်လို့ အရေပြားက စိမ့်ဝင်တာရှိတယ်"

"ဟုတ်ကဲ့"

"အဆိပ်ကို ရှူမိတာလည်းရှိတယ်၊ စားမိတာလည်းရှိတယ်"

"အင်း…။ ခင်ဗျားက အတော်လေ့လာထားတာကိုး"

"သြော်…။ ကိုယ့်ညီတစ်ယောက်လုံးဖြစ်မှတော့ ဒီအတိုင်းနေလို့ ဘယ်ရမလဲဗျာ။ မတွေးကောင်းတွေးကောင်း တွေးရတာတစ်ချက်ရှိပါသေးတယ်"

"ဆက်ပါဦး"

"ဒီကောင်က ဂန္ဓာရီတွေ ဘာတွေလည်း လုပ်တတ်တော့ တစ်ယောက်ယောက်ကများ အင်းမီးတွေ ဘာတွေထွန်းပြီး လုပ်သလားလို့"

"ခင်ဗျားပြောတော့ အဲ့ဒီလိုမျိုး သူ့ကို လုပ်ကြံမယ့်လူ မရှိပါဘူးဆို"

"မှန်းလို့တော့ မဟုတ်ဘူးပေါ့ဗျာ။ ပညာပြိုင်ရင်း အပျော်လက်တည့်စမ်းကြတာလားလို့"

လင်းဝင်း ခေါင်းတဆတ်ဆတ် ညိတ်နေမိသည်။ ကိုအောင်ကွန်းက ခေသူမဟုတ်ကြောင်း သိလိုက်ရ၍ ခါးခါးလည်း ငြိမ်နေသည်။ မိချိုကတော့ ခပ်ပြုံးပြုံး။ ရန်နိုင်က နှုတ်ဆိတ်လျက်။

www.burmeseclassic.com

BURMESE CLASSIC .com

အတန်ကြာမှ လင်းဝင်းက...

"အဲဒီလို အင်းတိုက်လို့ သေတယ်ဆိုတာကတော့ မဟုတ်လောက်ပါဘူးဗျာ"

"ဘာဖြစ်လို့လဲ"

"ဒီခေတ်ကြီးမှာ အဲဒီလောက်စွမ်းတဲ့ပညာသည် ရှိနိုင်ပါ့မလား။ နောက်တစ်ချက်ရှိသေးတယ်"

"ဘာလဲ"

"ခင်ဗျားညီသေတာ အဆိပ်ကြောင့်ဆို။ အင်းနဲ့မှ မဆိုင်တာ"

ဤအကြိမ်မှာ ငြိမ်သက်စဉ်းစားသွားသူက ကိုအောင်ကွန်း။

ခါးခါးက တစ်စခန်း ထလာသည်။

"ကိုအောင်ကွန်း"

"ဗျာ"

"ကိုအောင်လွန်းဆုံးသွားတဲ့ အခန်းကို ကျွန်မတို့ တစ်ချက်သွားကြည့်ချင်တယ်"

"ကြည့်လေ...ကြည့်ပေါ့။ ဒါပေမဲ့ ထူးမယ် မထင်ပါဘူး"

"ထူးလို ထူးငြားပေါ့ရှင်"

"ကြည့်ပါ။ တစ်ခုတော့ မေးချင်တယ်"

"မေး"

"ကိုလင်းဝင်းက စုံထောက်လားဗျ"

"အာ...မဟုတ်ပါဘူးဗျာ"

သုံးယောက်သား ရယ်မိကြသည်။ ရန်နိုင်ရယ်တာ အကျယ်ဆုံး။

"ထူးဆန်းလို့ စိတ်ဝင်စားတာ သက်သက်ပါဗျာ"

"ကဲ...။ လာ...လာ..."

ကိုအောင်လွန်း၏အခန်းသို့ ရောက်သွားကြသည်။

အတော်ကပျစ်ကညစ်နေတတ်သူ ဖြစ်ပုံရသည်။ အခန်းထဲမှာ ပစ္စည်းတွေ ရှုပ်ပွနေသည်။ ရှေးဟောင်းပစ္စည်းများ၊ ထွေလီကာလီပစ္စည်း၊ မျက်လှည့်ပစ္စည်းများပင် ရှိသေးသည်။ အဝတ်အစားတွေကလည်း တို့လို့





တွဲလောင်း။ အနံ့သက်တွေကလည်း စူးစူးရှရှ။ ရန်နိုင်က နှာခေါင်းရှုံ့သည်။

မျက်စိနောက်စရာ ကောင်းလှသည်။ သူ့အစ်ကို ပြောသလိုပင် အတော်ပင် ပေါက်တတ်ကရနေတတ်သူ ဖြစ်ပုံရသည်။ လင်းဝင်းက...

"ကိုအောင်ကွန်း"

"ဗျာ"

"အဆိပ်သင့်တဲ့လူမှာ ဖြစ်တတ်တဲ့လက္ခဏာတွေ၊ အဆိပ်အမျိုးအစားပေါ်မူတည်ပြီး ဖြစ်တဲ့လက္ခဏာတွေကိုလည်း ခင်ဗျား ကွဲကွဲပြားပြား လေ့လာဖူးမှာပေါ့နော်"

"ဒါပေါ့...။ လေ့လာရတာပေါ့"

"ခင်ဗျားညီက အစာအိမ်လောင်ပြီး သေတာဗျ"

"ဟုတ်တယ်။ ခင်ဗျား ဘယ်လိုလုပ်သိလဲ"

"သိတယ်။ သိသွားပြီဆိုပါတော့ဗျာ"

"ဒါဆို..."

"ခင်ဗျားညီက ကိုယ့်ဘာသာအဆိပ်မိပြီး သေတာပါ။ ဘယ်သူကမှ လုပ်ကြံလို့ မဟုတ်ပါဘူး"

"ဘာကြောင့် ပြောနိုင်တာလဲ"

"နောက်မှ ပြောပြမယ်။ တစ်ခုတော့ရှိတယ်။ သူ့ဘာသာမှားပြီး သောက်မိတာလား၊ တစ်ယောက်ယောက် မြှောက်ပေးလို့ သောက်မိတာလား မသိဘူး"

"ဒါဆို သူ့ဘာသာသူ ဖြစ်မယ်ဗျ"

"ဘာဖြစ်လို့လဲ..."

"ဒီကောင်က ပေတေတေနဲ့ ဖွတ်တရွတ်ကြီး။ သူများမြှောက်ပြီးခိုင်းလို့ မရဘူး"

"ကဲ...ဒါဖြင့် ကျွန်တော်တို့သွားဦးမယ်။ ခင်ဗျားလည်း ပိုက်ဆံလေးဘာလေး စုဦးဗျာ"

"ဟင်...။ ဘာလုပ်ဖို့လဲ"

www.burmeseclassic.com

BURMESE CLASSIC .com

''ငှက်ပျောသီးဖိုးပေါ့ဗျာ''

ခါးခါးကရော၊ ချိုချိုကပါ လင်းဝင်းကို မကျေမနပ် ကြည့်သည်။ တစ်ယောက်နှင့်တစ်ယောက် မကျေမနပ်ဖြစ်ရသည့် အဓိပ္ပါယ်ကတော့ တူညီပုံမပေါ်။ ချိုချိုက အရင် ကိုအောင်ကွန်းကို ခပ်မာမာခေါ်သည်။

''ကိုအောင်ကွန်း''

''ဗျာ''

''ငှက်ပျောသီးကို အထင်မသေးနဲ့ရှင့်''

''ဟုတ်ကဲ့၊ မသေးပါဘူး''

''အဆိပ်မိရင် ငှက်ပျောပင်စည်က အရည်ကို ညှစ်သောက်ရင် ရတယ်''

''ဟုတ်...ဟုတ်ကဲ့''

ဒီတစ်ခါတော့ ခါးခါးအလှည့်။ သူကတော့ လင်းဝင်းကို...

''လင်းဝင်း''

''ဟေ...''

''ကိုအောင်လွန်းက ရိုးရိုး သူ့ဘာသာ အဆိပ်သင့်တယ်ဆိုတာကို နင်က ဘယ်လိုလုပ် သိလဲ''

''နောက်မှ ရှင်းပြမယ်''

''သေချာလို့လား''

''သေချာပါတယ်''

''အခု ဘာလုပ်ကြမှာလဲ''

''ဦးမြင့်ဆွေတို့ဆီ သွားမယ်လေ''

''ကောင်းပြီ''

ကိုအောင်ကွန်းကို နှုတ်ဆက်၍ ထွက်လာကြတော့၏။ ရန်နိုင်က လူချင်းခွဲသွားသည်။

●

# (၁၅)

ခါးခါးက လင်းဝင်းကို သိပ်ကြည်လင်ပုံမပေါ်။ လမ်းမှာ စကား သိပ်မပြော။ သူ့ဘာသာ မျက်ခုံးအတွန့်ချိုးကာ စဉ်းစားလျက် ငြိမ်သက် လိုက်ပါလာသည်။ ချိုချိုကတော့...

''လင်းဝင်း''

''ဟေ...''

''ငါ့ကို ကိုအောင်ကွန်းနဲ့ မစနဲ့ဟာ...။ မကြိုက်ဘူး''

''နင် မကြိုက်တာ ငါသိပါတယ်။ ငါက နောက်တာပါ။ ငါတို့ မေးတာတွေကို သူ ပေါ့ပေါ့ပါးပါး ရွှင်ရွှင်လန်းလန်း ပြန်ဖြေစေချင်လို့ပါ''

''လင်းဝင်း''

ဤတစ်ကြိမ်ခေါ်လိုက်သူက ခါးခါးဖြစ်သည်။ သူတို့နှစ်ယောက် ကြားမှာ ဗျာများနေသူက လင်းဝင်းဖြစ်၏။ 'လင်း'ကိုတစ်ခြမ်း၊ 'ဝင်း'ကို တစ်ခြမ်း ခွဲပေးထားနိုင်လျှင် ကောင်းမည်ထင်၏။

''ဟေ...''

''အခု ဘာကို သတိထားမိသလဲ''

''နောက်မှ ပြောပြမယ်ဆို...။ ဦးမြင့်ဆွေ သေဆုံးပုံကို လေ့လာရ

www.burmeseclassic.com

BURMESE CLASSIC .com

ဦးမယ်။ ပြီး…ခေါင်းလောင်းထိုးသံ (၁၃)ချက်ကို လေ့လာရဦးမယ်။ ပြီးမှ တွဲသင့်ရင် တွဲ၊ ခွဲသင့်ရင် ခွဲရမယ်''

''အဲ့ဒါကို ပြောနေတာ မဟုတ်ဘူး''

''ဘာလဲ''

''ကိုအောင်ကွန်းတို့အိမ်က ပြန်ထွက်လာကတည်းက ငါတို့နောက်ကို လူတစ်ယောက် လိုက်လာနေတယ်''

''ဟင်''

လင်းဝင်းပင်လျှင် အံ့သြသွားသည်။ ဟန်မပျက် ပြန်မေးသည်။

''ဘယ်လိုပုံစံလဲ''

''ပုကွကွ၊ ဂင်တိုတိုနဲ့။ အကျီအပြာရောင် ဝတ်ထားတယ်''

''အခု တို့နောက် ဘယ်လောက်ဝေးဝေးမှာလဲ''

''ခတ်တိုင်တစ်တိုင်ကျော်မှာ''

''ငါတို့ ကိုအောင်ကွန်းအိမ်က ထွက်တော့ သူက ဘယ်နားမှာလဲ''

''အဲ့ဒီအိမ်နားမှာ မယောင်မလည်ဘဲ''

''နင်က သူ့ကို မသင်္ကာဘူးဆိုပါတော့''

''အစစ်ပေါ့''

''ဒါဖြင့် ဘယ်လိုလုပ်ချင်လဲ''

''နင်က ကွမ်းယာဆိုင်မှာ ကွမ်းဝင်ဝယ်စမ်းပါ''

''ငါမှ ကွမ်းမစားတတ်ဘဲ''

''စီးကရက်ဝယ်တာက မြန်တယ်။ ကွမ်းယာဝယ်တာက ကြာတယ်။ ငါ ကြာစေချင်လို့။ သူကျော်တက်သွားစေချင်လို့''

''နင်တို့ကရော…''

''ငါနဲ့ ချိုချိုက စတိုးဆိုင်မှာ ပစ္စည်းဝင်ကြည့်နေမယ်''

''ကောင်းပြီ''

လင်းဝင်းက ကွမ်းဝင်ဝယ်သည်။ တွေ့ကရာ အကုန်ထည့်ခိုင်းသည်။ ချိုချိုနှင့်ခါးခါးဝင်သွားသော စတိုးဆိုင်ကို တစ်ချက်လှည့်ကြည့်ပြီးမှ ခါးခါးပြောသောသူကို မသိမသာ စောင်းငဲ့ကြည့်သည်။ ထိုလူကလည်း နီးရာ လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်သွားသည်။

သူတို့သုံးယောက်ဆုံပြီး ဆက်လျှောက်လာကြတော့ ထိုလူက လည်း လက်ဖက်ရည်ဆိုင်ထဲမှ ပြန်ထွက်လာသည်။ သေချာသယောင်တော့ရှိပြီ။ လင်းဝင်းက…

''ခါးခါး''

''ဟင်''

''အဲ့ဒီလူကို နင်ဘယ်လိုမြင်လဲ''

''လူပုံစံ ကြမ်းတယ်''

''အင်း''

''အကျီလုံချည် အကောင်းစားဝတ်ထားပေမဲ့ လူနဲ့မလိုက်ဘူး''

''အင်း''

''ခေါင်းလောင်းတွေကို လကွယ်ညမှာ ထွက်ထိုးရတဲ့အရည်အသွေး ရှိနိုင်တယ်''

''အင်း''

''နောက်ပြီး…ဟို ခေါင်းလောင်းဆိုတာက ဘုရားတွေမှာ ညဖက်ဆို တော်ရုံတန်ရုံလူ ဝင်လို့မရအောင် ပိတ်ထားတတ်တယ်။ သူကတော့ ရအောင်ဝင်နိုင်မယ့် သဘောရှိတယ်''

''အင်း''

''အသက်သိပ်မကြီးသေးတဲ့ လူငယ်ဆိုတော့ လက်ရဲဇက်ရဲလည်း ရှိမှာပဲ''

''အဲ့ဒါကြောင့် နင် မသင်္ကာဘူးပေါ့''

''အေး''

''ကိုရန်နိုင် လမ်းခွဲသွားတာ နာတာပဲ''

''ဘာဖြစ်လို့လဲ''

''သူဆိုရင် ဒီလူ့ကို သိနိုင်တယ်''

''နင်ကရော သိအောင် မလုပ်နိုင်ဘူးလား''



www.burmeseclassic.com

BURMESE CLASSIC .com

''ရပါတယ်''

လင်းဝင်းက အိတ်ထဲမှာ တွန့်ကြေနေသော စီးကရက်ကို ထုတ်ကာ ထိုလူ့ကို ရပ်စောင့်နေလိုက်သည်။ 'နင်တို့ဆက်သွားနှင့်'ဟု ပြော၏။

''ချိုချို''

''ဟင်''

''လင်းဝင်း သိုင်းတတ်လို့လား''

''ဟင့်အင်း...။ ဒါပေမဲ့ ဒီကောင်က ဆက်ဆံတတ်ပါတယ်''

ပြောသာပြောရသည် လှည့်ကြည့်လှည့်ကြည့်နှင့် စိုးရိမ်တကြီး လျှောက်ရခြင်းဖြစ်သည်။ ထိုလူက လင်းဝင်း သူ့ဆီ လျှောက်လာတော့ ကြောင်အမ်းသွားသည်။ လင်းဝင်းက စီးကရက်ကို ပြကာ...

''မီးလေးတစ်တို့လောက်ဗျာ''

ထိုလူက ပျာပျာသလဲ မီးခြစ်ထုတ်ပေးကာ...

''ယူပါ...ယူပါ။ တစ်တို့မကဘူး၊ နှစ်တို့ သုံးတို့ ယူပါ''

လင်းဝင်း မီးညှိနေတုန်းမှာ ထိုလူက စကားစ၏။

''ဆရာက ရန်ကုန်က ဧည့်သည်နော်''

''ဟုတ်ပါတယ်''

''ချိုချိုတို့အိမ်မှာ တည်းတာနော်''

''ဟင်...။ ခင်ဗျားက ချိုချိုနဲ့ သိသလား''

''သူက ဒီမြို့မှာ နာမည်ကြီးပဲဆရာရယ်...။ သူက ကျွန်တော့်ကို မသိပေမဲ့ ကျွန်တော်က သိတာပေါ့''

''သြော်...သြော်...''

''ဆရာက ကိုအောင်ကွန်းနဲ့ ရင်းနှီးတယ်နော်''

''သြော်...ခင်ဗျားကလည်း ကိုအောင်ကွန်းနဲ့ ရင်းနှီးသလား''

''ဟုတ်ကဲ့...ရင်းနှီးပါတယ်။ ဒါပေမဲ့ သူက လျှိုတယ်ဗျ''

''ဘယ်လို လျှိုတာလဲ''

''ဟိုလေ...။ ဆရာက သူ့ကို ချစ်ရေးချစ်ရာ အစီအရင်လေး ပေးထားတယ် မဟုတ်လား''



လင်းဝင်းက သဘောပေါက်သလို ရှိသွားသည်။

''သြော်...အင်း...။ ဟုတ်တယ်''

''သူက တခြားကာလသားတွေကိုသာ ပြောပြတယ်။ ကျွန်တော့်ကို မပြောဘူးဗျ''

''သြော်...။ အဲ့ဒီလိုလား''

''ဟုတ်ကဲ့...။ အဲ့ဒါလေး ကျွန်တော့်ကို ပြောပြလို့ ရမလား''

''အင်း...။ ရပါတယ်''

''အားကိုးပါတယ် ဆရာရယ်။ ဆရာဆို ကောင်မလေးနှစ်ယောက်နဲ့ တတွဲတွဲ။ အားကျစရာပဲ''

လင်းဝင်း ရယ်ချင်သွားသည်။ ငါ အတော်ဟုတ်နေတာကိုးဟုလည်း တွေးမိသည်။

''အဲ့ဒီကောင်မလေးနှစ်ယောက်ကကော မလှဘူးလားဗျ''

''အာ...လှပါပြီလားဗျာ။ တချို့မင်းသမီးတွေ၊ မော်ဒယ်ဂဲလ်တွေတောင် သူတို့လောက် မလှဘူး''

''ဒါဖြင့် လာ...''

''ဗျာ...''

''ရှေ့က အအေးဆိုင်မှာ သူတို့နဲ့အတူ ထိုင်မလို့။ အဲ့ဒီမှာ ခင်ဗျား သိချင်တာ ပြောပြမယ်''

အမှန်တော့ ချိုချိုတို့၊ ခါးခါးတို့ သူ့ကို လေ့လာနိုင်ရန် ဖြစ်သည်။

''ဖြစ်...ဖြစ်ပါ့မလား ဆရာရယ်။ ရှက်စရာကြီး''

''မရှက်ပါနဲ့။ ခတ်ယူတဲ့သဘောပေါ့''

''သူတို့နှစ်ယောက်ကရော တည့်ကြသလား ဆရာ''

''ခင်ဗျားမြင်တဲ့အတိုင်းပဲလေ''

''ဟုတ်ပါပြီ ဆရာရယ်...။ လုပ်ပါဦး''

သူတို့တစ်အုပ်စုလုံး အအေးဆိုင်ထဲ ဝင်ခဲ့ကြသည်။ ထိုလူကတော့ ပူလိုက်အေးလိုက် ဖြစ်တော့မည်။

''ကဲ...ခင်ဗျားသိချင်တာကို ကျွန်တော် ပြောပြမယ်။ ကိုအောင်

www.burmeseclassic.com

BURMESE CLASSIC .com

ကွန်းကို ပြောပြလိုက်တဲ့နည်းပဲ''

''ဟုတ်ကဲ့ဆရာ''

''ညဥ့်သန်းခေါင် မတိုင်ခင်မှာ အဲ့ဒီအစီအရင်ကို လုပ်ရမှာနော်။ ခေါင်းလောင်းထိုးသံ (၁၃)ချက်ကြားပြီး သန်းခေါင်ရောက်ပြီဆိုရင် မှန်ထဲကို နောက်ပြန်လှည့်ကြည့်လိုက်''

''ဗျာ...''

သူ့မျက်နှာ ဖြူလျော်သွားသည်။ အမောတကောလေသံနှင့်...

''ဟာ...။ တခြားနည်း မရှိဘူးလားဆရာရယ်။ ခေါင်းလောင်းထိုးသံကြီးကို မကြားရဲလို့ပါ''

''ဟာ...။ ခေါင်းလောင်းထိုးသံကို ဘာကြောက်စရာရှိလို့လဲဗျ''

''ဆရာက ရန်ကုန်ကလာတာမို့လို့ မသိတာနော်။ ဒီမြို့မှာ ဒီခေါင်းလောင်းသံကို ကြောက်နေကြရတာ''

''ဘာများဖြစ်မှာလို့လဲဗျာ''

''အာ...ဖြစ်တယ်ဆရာ''

''ကဲ...ကဲ...ကောင်းပါပြီ။ ဒါဖြင့် တခြားနည်း ပေးလိုက်ပါ့မယ်''

အနောက်နိုင်ငံထုတ် ဗေဒင်စွယ်စုံကျမ်းတစ်အုပ်ထဲမှ နည်းလမ်းအချို့ကို ပေးလိုက်သည်။

သူ ပျော်ရွှင်ပြီး ပြန်သွားသည်။ ချိုချိုက ပြောသည်။

''အရေးထဲ နှာဘူးနဲ့ တိုးနေသေးတယ်''

''မသိဘူးလေ။ ငါကလည်း ခါးခါးက မသင်္ကာဘူးဆိုလို့''

''ခေါင်းလောင်းသံကိုတော့ အတော်ကြောက်နေကြတာပဲဟ''

''အေးလေ...။ ငါပြောသားပဲ''

ခါးခါးက ဝင်ပြောသည်။

''တို့ အခု ဦးမြင့်ဆွေဆီ သွားမှာ မဟုတ်လား''

''နင်ပဲသွား''

''ဟင်...အခုနက နင်ပြောတော့...''

''ဦးမြင့်ဆွေက သေရွာမှာ။ ဦးမြင့်ဆွေရဲ့အိမ်ကို သွားမှာ...''



''သူ့အိမ်နဲ့ချိုချို ရင်းနှီးလား''

ချိုချိုက အမည်နှင့်လိုက်အောင် ချိုချိုကလေး ပြုံးသည်။

''ရင်းနှီးပါတယ်။ ဦးမြင့်ဆွေအဖေ ရှိသေးတယ်ဟ။ ဦးတင်ရွှေတဲ့။ အဘိုးကြီးပဲ''

''အဘိုးကြီးနဲ့လည်း နင်က ရင်းနှီးတာပဲလား''

''တစ်ခါ သူ ဆီးချိုရောဂါဖြစ်တုန်းက ငါ ငှက်ပျောပွင့်ကို ချက်ကျွေးဖူးတယ်။ ပျောက်သွားတယ်''

''အင်း...မေးမိတာ မှားတာပဲ''

ရယ်ဖြစ်ကြသည်။

''နင်တို့က ငါ့ကို အထင်သေးတာကိုး...''

''မသေးပါဘူး...မသေးပါဘူး''

''မသေးနဲ့။ ငှက်ပျော်ခွံတက်နင်းမိရင်လည်း ချော်လဲတတ်တယ်''

ချိုချိုက ထိုသို့ ကြုံးဝါးလေသည်။

●

www.burmeseclassic.com
ကြောင်နှစ်ကောင်စာအုပ်တိုက်

BURMESE CLASSIC .com



(၁၆)

ဦးမြင့်ဆွေတို့၏အိမ်က ရိုးရိုးတန်းတန်းရှေးအိမ်ကြီး ဖြစ်သည်။ ရန်ကုန်သားမျက်စေ့နှင့်ကြည့်လျှင် ပျင်းရိငြီးငွေ့စရာကောင်းလှ၏။ လူသူရှိပုံရသော်လည်း အရိပ်အယောင် မတွေ့ရ။

"အဘိုး..."

"   "

"အဘိုး..."

"   "

တော်တော်နှင့် ထူးသံမကြားရ။ တတိယအခွန်းကျမှ...

"အဘိုး"

"ဟေ...ဘယ်သူလဲ"

"သမီးပါ...။ ချိုချို"

"ဩော်...ချိုချိုလား၊ လာခဲ့လေ။ အဘိုးလည်း သမီးကို တွေ့ချင်နေတာ"

အိုမင်းရင့်ရော်သောအသံကို ကြားရခြင်းဖြစ်သည်။

"ဧည့်သည်တွေပါတယ် အဘိုးရဲ့"



"အေး...မနက်က ဈေးထဲမှာ သမီးအမေပြောတယ်။ ဝင်လာခဲ့ကြလေ"

အိမ်ထဲရှိ ပစ္စည်းပစ္စယများကလည်း ပျင်းစရာကြီးတွေပင်ဖြစ်၏။ အလိုလိုနေရင်းပင် အိပ်ငိုက်လာသည်။ လင်းဝင်းက ဝါးခနဲသမ်းမိသဖြင့် ခါးခါးက ဆိတ်ဆွဲသေးသည်။ ထိုစကားသည် အတော်မခံချင်စရာကောင်းသော စကားဖြစ်သည်။ အဆွဲလည်း ခံရသေးသည်၊ ကိုယ်က ဆိတ်လည်း ဖြစ်ရသေးသည်။ အဘိုးကြီးက ထွက်မလာသေး။ နံရံမှ စာတမ်းကို ကြည့်ပြီး လင်းဝင်း စိတ်ညစ်သွားသေးသည်။

| | | |
|---|---|---|
| ၁၀ မျက်စေ့ခတ် | = | ၁ နရ |
| ၄ နရ | = | ၁ ခဏာ |
| ၁၂ ခဏာ | = | ၁ ခရာ |
| ၁၀ ခရာ | = | ၁ ပြန် |
| ၆ ပြန် | = | ၁ ဗီဇနာ |
| ၁၅ ဗီဇနာ | = | ၁ ပါဒ် |
| ၄ ပါဒ် | = | ၁ ထရီဇာ |
| ၆၀ ထရီဇာ | = | ၁ ရက် |
| ၁၅ ရက် | = | ၁ ပက္ခ |
| ၂ ပက္ခ | = | ၁ လ |
| ၁၂ လ | = | ၁ နှစ် |

ခါးခါးကလည်း နဝေတိမ်တောင်ဖြစ်လျက်...

"လင်းဝင်း"

"ဟေ..."

"အဲ့ဒါက ဘာတွေလဲ"

"ငါလည်း မသိဘူး။ ရှေးမြန်မာအတွက်အချက်တွေ ဖြစ်မှာပေါ့"

ချိုချိုက ဝင်ပြောသည်။

"အဖိုးက အဂ္ဂိရတ်ထိုးတယ်ဟ"

"ဘာလုပ်ဖို့ ထိုးတာလဲ"



www.burmeseclassic.com

BURMESE CLASSIC .com

''ဟဲ့...သိဒ္ဓိဖမ်းတာပေါ့''

အဘိုးကြီးထွက်လာသည်။ ထောင်ထောင်မောင်းမောင်းကြီးဖြစ်၏။ ရှေးမြန်မာကြီးများပုံ။

''အဘိုးတောင် အရိုးအဆစ်တွေမကောင်းလို့ သမီးရယ်''

''လွယ်ပါတယ် အဘိုးရဲ့၊ ငှက်ပျောသီးကို ကွမ်းသီးမှုန့် ဖြူးစားလိုက်''

''အေး...အေး...။ လုပ်ကြည့်လိုက်ဦးမယ်''

''ဒီကည့်သည်တွေက ရန်ကုန်က သမီးသူငယ်ချင်းတွေ၊ ဦးလေးက လွှတ်လိုက်တာ။ ခေါင်းလောင်းသံနဲ့ ဦးမြင့်ဆွေကိုစွကို စိတ်ဝင်စားလို့တဲ့''

''ဟေ...ဘာကိစ္စ စိတ်ဝင်စားတာလဲ''

''ဒီက ခါးခါးလေ။ စုံထောက်ဝတ္ထုတွေဖတ်ပြီး စုံထောက်ရူးရူးနေတာ''

အဘိုးကြီးက ခါးခါးကိုကြည့်ပြီး သဘောကျသွားပုံရသည်။

''အံမယ်...အလာကြီးပါလား''

ထို့နောက် တစ်ဆက်တည်း ဆက်ပြောသည်။ သေသူက သူ့သားဖြစ်လျက်နှင့်...

''စိတ်ဝင်စားမနေကြပါနဲ့ကွယ်။ ဘာမှလည်း မထူးပါဘူး။ အတိတ်နိမိတ်မကောင်းလို့ အဘိုးသားက ကြမ္မာဆိုးဝင်သွားတာ ဖြစ်မှာပေါ့''

''ဘယ်လို အတိတ်နိမိတ် မကောင်းတာလဲ အဘိုး''

''ဟ...လကွယ်ညကွာ...''

''ဟုတ်ကဲ့''

''သန်းခေါင်ယံကွာ...''

''ဟုတ်ကဲ့...''

''ခေါင်းလောင်းဆိုတာက အခေါင်းနဲ့ အလောင်းကွာ''

''ဟုတ်ကဲ့...''

''ထိုးတာကလည်း ကံဆိုးတဲ့ဂဏန်းကွာ။ ၁၃ ချက်တဲ့''





''ဩော်...''

''အဲ့ဒါနဲ့ ငါ့သားလည်း ကံမကောင်းဘဲ သေသွားတာပေါ့''

''အဲ...''

သူ့ဟာနှင့်သူကတော့ ဟုတ်နေတာပဲ။ ကိုယ့်ဟာနှင့်ကိုယ်ကတော့ မဟုတ်သေးပါ။

''ဒါနဲ့ လူတွေပြောတော့ အဆိပ်မိလို့ သေတာဆို''

''ဖရဲသီးနဲ့ ဘဲဥစားလို့ ဖြစ်မှာပေါ့''

''အဲ့ဒါက တကယ်သေလို့လား''

''ဘယ်သိမလဲ။ ငါမှ မစားဘူးဘဲ''

''သားအဖနှစ်ယောက်ရှိတာ သူကျတော့ အဆိပ်မိပြီး အဘိုးက အဆိပ်မမိဘူးလား''

''ဘာကွ''

အဘိုးကြီး ဂွစာကြီး ဖြစ်ပုံရသည်။ ဒေါသထွက်သွားဟန်လည်း ရှိသဖြင့် ချိုချိုက ဝင်ထိန်းရသည်။ လေပျော့ကလေးနှင့်ပါ။

''ဟဲ့ လင်းဝင်း''

''ဟေ...''

''အဘိုးက သတ်သတ်လွတ်၊ အသွေးလွတ် စားတာဟဲ့။ ခုဟာကလည်း နင့်ကို နမူနာပြောတာ။ တကယ်တမ်းဖြစ်တာလို့ ပြောတာမှ မဟုတ်ဘဲ''

''အေး...ဟုတ်သားပဲ''

အဘိုးကြီးက ချိုချိုကိုတော့ သူ့သားမဟုတ်သဖြင့် အတော်သံယောဇဉ်ရှိပုံ ရသည်။

''ချိုချို''

''ရှင်...။ အဘိုး''

''လာ...။ သမီးကို အဘိုး ဇေယျာတတ်လုံးအကြောင်း ပြောပြမယ်''

''အဲ့ဒီနာမည်ကို သမီး မကြားဖူးဘူး''

www.burmeseclassic.com

BURMESE CLASSIC .com



“ပီယဓာတ်လုံးကို ပြောတာဟဲ့။ ဒါပေမဲ့ သမီးရည်းစားကိစ္စမှာမှ မဟုတ်ဘူး၊ ဘယ်ကိစ္စမှာမဆို အောင်မြင်နိုင်လို့ ဇေယျဓာတ်လုံးလို့ အဘိုးက နာမည်ပေးထားတာ”

ချိုချိုက လင်းဝင်းနှင့်ခါးခါးကို လှည့်ရှင်းပြသည်။

“အဘိုးက ဒီကိစ္စမှာ နာမည်ကြီးလေ...။ တပည့်တွေ အများကြီး မွေးထုတ်ထားတာပေါ့”

လင်းဝင်း တီးတိုးမေးသည်။ ကာယကံရှင် အဘိုးကြီးကို ရှေ့ထားပြီး တီးတိုးမေးရခြင်းမှာ လွယ်သောကိစ္စမဟုတ်။ အဘိုးကြီးက နားအားနည်းပုံရ၍သာ တော်တော့သည်။

“အဲဒီလိုမျိုး သူက ဓာတ်လုံးတွေ လုပ်ရောင်းတာလား”

“ဟဲ့...။ အဲ့ဒီလိုလုပ်လို့တော့ ဘယ်ရမလဲ။ စေတနာရှိတဲ့သူက ကန်တော့တာပေါ့”

“သေသွားတဲ့သူ့သား ကိုမြင့်ဆွေကိုရော အဲ့ဒီဓာတ်လုံး ပေးမထားဘူးလား”

“နင် ဂွမတိုက်နဲ့ဟာ...”

အဘိုးကြီးက သူတို့ကို...

“ဘာတွေ တီးတိုးတီးတိုး လုပ်နေတာလဲ”

“ဘာမှမဟုတ်ပါဘူး အဘိုးရဲ့”

နီးနီးလေးကိုပဲ အော်ပြောရသည်။

“ဒါဖြင့်လာ...။ သမီးကို ဇေယျဓာတ်လုံးနဲ့ ဇေယျလက်စွပ် အကြောင်း ပြောပြမယ်။ အထဲလာ...”

ခါးခါးက...

“ငါလည်း လိုက်မယ်”

လင်းဝင်းက...

“ငါ နေခဲ့မယ်”

ချိုချိုက ခါးခါးကိုခေါ်ပြီး အထဲလိုက်ဝင်သွားသည်။ လင်းဝင်းက ဧည့်ခန်းအိုအို၏ ကုလားထိုင်အိုအိုမှာ စိတ်အိုအိုနှင့် ကျန်ရစ်ခဲ့သည်။





‘လူတွေက တွေ့လိုက်မှဖြင့် ဇော်တွေချည်းပဲ’ဟုလည်း တွေးနေမိသည်။ သူတို့ အထဲမှ ပြောဆိုနေသည်ကိုလည်း မကြားချင် နားဆင်လျက်သား ဖြစ်နေရသည်။

စိတ်ထဲမှလည်း ထော်လော်ကန့်လန့် လိုက်တွေးနေမိသည်။

“ပီယစာအုပ်တွေထဲမှာပါတဲ့ ပီယမော်တို့၊ ပီယအင်းတို့ကို သမီးတို့ ဖတ်ဖူးမှာပေါ့”

“ဟုတ်...ဟုတ်ကဲ့...။ ဖတ်ဖူးပါတယ်”

(ဒီ ညစ်တီးညစ်ပတ်နည်းတွေကိုများ မိန်းကလေးတန်မယ့် သူတို့ မိုလို့ ဖတ်တယ်။)

“အဲ့ဒါ အောက်လမ်းနည်းတွေကွယ့်။ အခု အဖိုးရဲ့ဓာတ်လုံးက အထက်လမ်းနည်း။ ဖိုထိုးယူတဲ့နည်းနဲ့မှ ရတယ်”

“ဩော်...ဟုတ်ကဲ့”

“သွပ်သေပီယေဝဆိုတာ သမီးတို့ ကြားဖူးလား”

“ဟင့်အင်း...။ မကြားဖူးဘူး အဘိုး”

(သံသေ တစ်ဆွေ၊ ပြဒါးသေ တစ်ပြည်ဝဆိုတာပဲ ကြားဖူးပါတယ်။)

“သွပ်ဓာတ်လုံးရအောင် ထိုးရတာကို ပြောတာကွယ့်။ အဲ့ဒီ သွပ်ဓာတ်လုံးကို လက်စွပ်ကွင်းပြီး ဝတ်ထားရင် ပီယဓာတ်အောင်ပြီ၊ ဇေယျဓာတ် အောင်ပြီပေါ့ကွယ်”

(အဲ့ဒီလို ဇေယျဓာတ်ရရင် သံသေ၊ ပြဒါးသေဖြစ်အောင် ထိုးပေါ့။)

“သူ့ကို အင်းဆံချတဲ့ ဂါထာက သက်သက်ရှိတယ်။ ဒီလို...”

အဘိုးကြီးက တိုသော လျှို့ဝှက်ဂါထာကို ရွတ်ပြနေသေးသည်။ ပြီးမှ...

“ဒီပီယလက်စွပ်၊ ဇေယျလက်စွပ်ကိုရရင် လောကီမှာ အင်မတန် အောင်မြင်ပြီ”

ကိုယ့်ကိစ္စ အောင်မြင်ဖို့အတွက် ဤလက်စွပ်ရသည်အထိ မစောင့်နိုင်ပါ။ ထို့ကြောင့်...

“ချိုချို”

www.burmeseclassic.com

"ဟော..."

ချိုချိုက အထဲမှ လှမ်းထူးသည်။

"ငါ အိမ်သာခဏတက်ချင်လို့ဟာ..."

ခါးခါးက ဝင်နှောင့်သေးသည်။

"အဲ့ဒီကောင်က သူများအိမ်မှာဆိုရင် အင်မတန် အိမ်သာတက်ချင်တယ်"

အဘိုးကြီးက သူ ဖိုထိုးသလို ရှူးရှဲရှူးရှဲလေသံနှင့်...

"အထဲဝင်...။ ဘယ်ဘက်ကို ကွေ့ခိုင်းလိုက်"

လင်းဝင်း ဝမ်းသာအားရပင် အထဲဝင်သွားလိုက်သည်။ အဘိုးကြီးက လေရှည်နေဦးမှာ ကျိန်းသေသဖြင့် သူ့အတွက် အချိန်ရသည်။ အဓိကက ကိုမြင့်ဆွေ၏အခန်းနှင့် သူတို့၏ မီးဖိုချောင်ကို လေ့လာချင်သဖြင့် ဉာဏ်ဆင်ခြင်းဖြစ်သည်။

သဲလွန်စအချို့ကို ကျေနပ်ဖွယ်ရာ တွေ့လိုက်ရပါသည်။

အပြန်လမ်းမှာ ချိုချိုနှင့်ခါးခါးက ဓာတ်လုံးအကြောင်း ဆွေးနွေးနေကြသည်။

"ချိုချို"

"ဟော..."

"အဲ့ဒီဓာတ်လုံးကိုသာရရင် နင် ဂိုးဖမ်းတိုင်း မိမှာပဲနော်"

ရယ်ကြရသေးသည်။ ချိုချိုက...

"လင်းဝင်း...။ နင်ရော အတော်ပေါ့ပါးသွားပြီလား"

"ပေါ့ပါးပါတယ်။ ဒါပေမဲ့ ဗိုက်မဟုတ်ဘူး။ စိတ်..."

သူ့ကို နားမလည်သလို ကြည့်ကြလေသည်။

●

(၁၇)

"ဦးလေးက ဘာဖြစ်လို့ လူပျိုကြီးဖြစ်နေတာလဲ"

ကြီးကြီးက ဝင်ဖြေသည်။ သူ့အတွက်တော့ အောင်မြင်ဂုဏ်ယူသံကြီးနှင့် ဖြစ်သည်။

"ရတာမလို လိုတာမရလို့ပါဆို။ တို့လိုမှ မနေတတ်တာ"

ချိုချိုတို့အိမ် ဧည့်ခန်းမှာ အားလုံးစုံစုံညီညီ ထိုင်စကားပြောနေကြခြင်းဖြစ်သည်။ လင်းဝင်းက...

"ဦးမြင့်ဆွေတို့အဖေဆီမှာ ပီယဓာတ်လုံး၊ ဧယျလက်စွပ်ရှိတယ်ဆို...။ ယူမသုံးဘူးလား"

ဦးလေးက အဲ့ဒီကိစ္စတွေကို သိပ်အားသန်ပုံမရ။

"ကိုယ့်နှလုံးသားရေး၊ အိမ်ထောင်ရေးကိစ္စအတွက် ဘယ်ဓာတ်လုံးကိုမှ အားမကိုးချင်ပါဘူးကွာ"

"အင်း...။ ဦးလေးပြောတာလည်း ဟုတ်တာပဲ၊ ကျွန်တော်လည်း အဲ့ဒီအတိုင်းပဲ"

"ငါ့လိုတော့ လူပျိုကြီး မဖြစ်စေနဲ့ပေါ့ကွာ"

"လာပြန်ပြီ ဒီစကား"

www.burmeseclassic.com


ကြောင်နှစ်ကောင်စာအုပ်တိုက်

ဝိုင်းရယ်ကြသည်။ ဦးလေးက ဖြတ်မေးသည်။

“နေပါဦး...။ မင်းတို့သွားတာက ကိုမြင့်ဆွေဆုံးတဲ့ကိစ္စဆို။ ဘယ့်နှယ့်လုပ် ဓာတ်လုံးက ပါလာတာလဲ”

“အဘိုးကြီးက ဂွစာကြီး ဦးလေးရဲ့။ သူပြောချင်တာတွေပဲ လျှောက်ပြောနေတာ”

“ဒါဖြင့် မအောင်မြင်ခဲ့ဘူးပေါ့”

လင်းဝင်းက လျှို့ဝှက်စွာ ပြုံးသည်။

“အဲ့ဒီလိုတော့ မဟုတ်ပါဘူး”

“ဒါဖြင့်...”

“မကြာခင် သိရမှာပေါ့ ဦးလေးရာ”

ခါးခါးက သဘောပေါက်သွားသည်။

“သြော်...။ အိမ်သာသွားချင်တယ်ဆိုပြီး အတွင်းခန်းထဲ နင်ဝင်တာ အဲ့ဒါပေါ့။ ဟုတ်လား...”

“ဟဲ...ဟဲ...ဟဲ...ဟဲ...”

ခါးခါးက မျက်စောင်းထိုးသည်။ အလွန်စကားများသော ချိုချိုက သူ့ကိစ္စမဟုတ်သဖြင့် ဝင်မပါလှသော်လည်း သူ့ဦးလေးကို...

“ဦးလေး...။ အဲ့ဒီလိုဓာတ်လုံးက စွမ်းတာတွေ၊ ဘာတွေကို ဦးလေး မြင်ဖူးလား”

“ကြားဖူးတာပဲ ရှိပါတယ်ကွယ်။ တကယ့်တကယ် မတွေ့ဖူးပါဘူး”

ထိုအချိန်မှာပဲ...

“ကလင်...ကလင်...ကလင်...”

ဖုန်းလာသည်။ ကြီးကြီးက သွားကိုင်သည်။

“ဟယ်...အေး”

“......”

“ရှိတယ် ရှိတယ်။ ခုပဲ စကားထိုင်ပြောနေကြတာ”

“... ...”



ထို့နောက် လင်းဝင်းကို လှမ်းခေါ်သည်။

“လင်းဝင်းရေ...။ မင်း ရန်ကုန်အိမ်က ဖုန်း”

လင်းဝင်း ကပျာကယာ ထကိုင်သည်။

“ဟဲလို...”

“သားလား...”

“သြော်...မေမေလား။ ပြော မေမေ”

“သား အဆင်ပြေရဲ့လား”

“ပြေပါတယ် မေမေရဲ့”

“ရေပြောင်းမြေပြောင်းမှာ နေကောင်းရဲ့လား”

“ဒေါင်ဒေါင်ကို မြည်လို့ပါပဲ မေမေရယ်”

“လူကြီးတွေကို ရိုရိုသေသေ ဆက်ဆံနော်။ သူတို့ မငြိုငြင်စေနဲ့”

“စိတ်ချပါ မေမေရဲ့”

“ချိုချိုနဲ့ရော ရန်ဖြစ်သေးလား”

“မဖြစ်ဘူး၊ တည့်နေတယ်”

“သူနဲ့ အဆင်ပြေဖို့ အရေးကြီးတယ်နော်”

“မေမေကလဲ”

“မေမေက မလဲနဲ့။ လူကြီးက အကောင်းပြောနေတာ”

“ဟုတ်ကဲ့ပါ မေမေရဲ့”

“မင်းကြီးကြီးကို ခဏဖုန်းပေးလိုက်ဦး။ သူနဲ့လည်း ပြောချင်တယ်”

“ဟုတ်ကဲ့...ဟုတ်ကဲ့...”

မေမေနှင့်ကြီးကြီးတို့ စကားဆက်ပြောကြသည်။ သူတို့ ဘာတွေ ဆက်ပြောကြမှန်း မသိ၊ ကိုယ်တို့က ကိုယ်တို့ဘာသာ ဆက်ပြောနေသည်။ ဦးလေး(လူပျိုကြီးဆိုသူ)ကို ဝိုင်းစနေကြခြင်းဖြစ်သည်။ အတန်ကြာမှ ကြီးကြီးက ဖုန်းချပြီး စကားဝိုင်းမှာ ပြန်လာထိုင်သည်။ သူ ထိုင်ကာစမှာပဲ

“ကလင်...ကလင်...ကလင်...”

“ဟော...ဖုန်းလာပြန်ပြီ”

သည်တစ်ခါတော့ လူငယ်တွေ ဝိုင်းနောက်တာကို နားမှုမခံနိုင်သော

www.burmeseclassic.com
ကြောင်နှစ်ကောင်စာအုပ်တိုက် ကြောင်နှစ်ကောင်စာအုပ်တိုက်

BURMESE CLASSIC .com

ဦးလေးက ဖုန်းထကိုင်ကာ စကားပြောသည်။ သူ့ကိစ္စသူပြောနေသည်ဟု ထင်သော်လည်း မဟုတ်။ သူ့ကို တစ်ဖက်မှ စိတ်မဝင်စားမှန်းသိသွား၍

''ခါးခါးရေ...''

''ရှင်...''

''ဒီတစ်ခါ သမီးဖုန်းကွယ့်''

''ဘယ်ကလဲ ဦးလေး''

''သမီးရဲ့ ရန်ကုန်အိမ်ကပဲပေါ့ကွယ်''

ခါးခါး ဖုန်းထကိုင်သည်။ ဟုတ်ကဲ့...ဟုတ်ကဲ့နှင့် ရယ်ကာမောကာ ဘာတွေပြောနေမှန်း မသိ။

'အေးအေးဆေးဆေးမှ ပြန်လာမယ်'ဟု ပြောသံကြားသည်။

ထိုသို့ဖြင့် စကားဝိုင်းက ထုံ့ပိုင်းထုံ့ပိုင်း ဖြစ်နေသည်။ ခါးခါးပြန်လာထိုင်တော့ စကားဝိုင်းက ဘယ်ရောက်သွားမှန်းပင် မသိ။ အတန်ကြာမှ ကြီးကြီးက စိတ်မသက်သာသော လေသံဖြင့်...

''အင်း...။ လကွယ်ညတောင် နီးလာပြီ''

ဦးလေးက သူ့အစ်မကို မာန်သည်။

''မမကလည်း ကလေးတွေက မနေတတ်၊ မထိုင်တတ်ဖြစ်နေရတဲ့ကြားထဲ''

''ငါလည်း မနေတတ်၊ မထိုင်တတ်ဘူးဟေ့''

''အဲ့ဒါကြောင့် ယောက်ျားစောစောရသွားတာပေါ့''

''ဘာ...''

ကြီးကြီးက စိတ်တိုပြီး အထဲထဝင်သွားသဖြင့် အားလုံး ရယ်ဖြစ်ကြသေးသည်။

ဦးလေး စကားလမ်းကြောင်း ပြန်ဆက်သည်။

''လင်းဝင်း''

''ဗျာ''

''မင်းက ဒီခေါင်းလောင်းသံ ၁၃ချက်အမှုကို ဘယ်လိုတွေးမိထားသလဲ''



''အဲ့ဒါ ကျွန်တော် ခါးခါးကို အရိပ်အမြွက်ပြောဖူးသေးတယ် ဦးလေးရဲ့''

''ဆိုစမ်းပါဦး''

''ဒေးကားရဲ့ အမှန်တရားရှာဖွေနည်း အချက်လေးချက်ကို ကျွန်တော် သုံးတယ်''

''အေး...။ ဦးလေးလည်း ဖတ်ဖူးတယ်၊ ဒါပေမဲ့ မေ့ကုန်ပြီပေါ့ကွာ။ ပြောပါဦး''

''ပထမအချက်က...''

''အင်း...''

''ရှင်းလင်းပြတ်သားတဲ့အချက်ကလွဲပြီး တခြားဘယ်အချက်ကိုမှ မှန်တယ်လို့ မယူရဘူးတဲ့''

''အင်း...။ ဟုတ်ပြီ''

''ဒုတိယအချက်က လိုအပ်တဲ့အစိတ်အပိုင်းကိုပဲ ရွေးပြီး ဖြေရှင်းရမယ်တဲ့''

''အင်း...''

''တတိယအချက်က ရှင်းနေတာတွေကို ဖြေရှင်းပြီးမှ ရှုပ်နေတာတွေကို ဖြေရှင်းရမယ်တဲ့၊ အစီအစဉ်မကျတာတွေကို အစီအစဉ်ကျအောင် လုပ်ရမယ်တဲ့''

''အင်း...''

''စတုတ္ထအချက်က ဘယ်အချက်မှ မကျန်ခဲ့အောင် စိတ်ချရတဲ့အထိ စစ်ဆေးရမယ်တဲ့''

''အေး...။ ဟုတ်တာပဲ''

''ကျွန်တော်က ဒီအမှုကို အဲ့ဒီအဆင့်တွေအတိုင်း တွေးတောယူတယ်လေ''

''ကောင်းတာပဲကွ။ နီးစပ်ပြီလား''

''ပြောဖို့တော့ စောသေးတာပေါ့ ဦးလေးရယ်''

''ဒါပေမဲ့ အဲ့ဒီအချက်တွေကို ငါ သဘောကျတယ်''

www.burmeseclassic.com

BURMESE CLASSIC .com

"ဖြစ်လာမှာပေါ့ ဦးလေးရယ်။ သိပ်မကြာတော့ပါဘူး"

"မင်း ကြီးကြီးပြောသလိုပဲ လကွယ်ညက ကပ်နေပြီကွ"

"ဟဲ…ဟဲ…။ ကျွန်တော်လည်း သိပါတယ် ဦးလေးရဲ့"

ဦးလေးက ခါးခါးဘက်သို့ တစ်ခါ ပြန်လှည့်သည်။

"ကဲ…ခါးခါး"

"ရှင်…"

"ခါးခါးကရော ဘယ်လိုနည်းကို သုံးလဲ"

"သမီးက Occum's Razor နည်းကို သုံးတယ်။ သူက သုံးချက်ထဲရှိတယ်"

ဦးလေးက သဘောကျစွာ ပြုံးသည်။

"ကဲ…ပြောပြစမ်းပါဦးကွယ်"

"အတွေးအခေါ်တစ်ခုမှာ မလိုအပ်ရင် အကြောင်းအရာကို မပွားများသင့်ဘူးတဲ့"

"ဟုတ်တာပေါ့"

"ပြဿနာတစ်ရပ်ကို အလွယ်ဆုံးနည်းနဲ့သာ ဖြေရှင်းသင့်တယ်တဲ့"

"ဒါလည်း ဟုတ်တာပဲ"

"အကြောင်းနည်းနည်းဖော်ပြတာနဲ့ လုံလောက်ရင် အကြောင်းအများကြီး မဖော်ပြရဘူးတဲ့"

"အမှန်ပဲပေါ့ကွယ်။ သမီးကရော နီးစပ်ပြီလား"

ခါးခါးက လင်းဝင်းကို မျက်စောင်းထိုးကာ…

"အခု သူက ပိုသွက်နေတယ်လေ"

လင်းဝင်းက တဟားဟားရယ်သည်။

"ငါက ယောက်ျားလေးကိုးဟ။ အဝင်အထွက် လွယ်တာကိုး"

"အတူတူ သွားနေကြတာပဲဟာ"

ထိုအခိုက်မှာပဲ ဖုန်းသံက မြည်လာပြန်သည်။ ဦးလေးက…

"ဟ…ဒီနေ့ဖုန်းတွေ တယ်မြည်ပါလား"

ထိုနောက် သွားကိုင်ရန် ပြင်သည်။ လူယဉ်ပီပီ ချိုချိုက ဦးအောင်ထကာ…

"ဟဲလို…"

ပျော်ရွှင်သွားပုံရ၏။ 'ဟဲ့…မိုးဦးတို့ဟဲ့'ဟု လှည့်ပြောသည်။ လင်းဝင်းရော၊ ခါးခါးရော ဖုန်းဘေးနားသို့ အပြေးအလွှား ရောက်ရှိသွားသည်။ သို့သော် သူတို့ သိပ်မပြောလိုက်ရပါ။ ချိုချိုနှင့် ပြောတာသာများသည်။ ချိုချိုက ဖောက်သည်ချနေခြင်း ဖြစ်သည်။

"ဩော်…။ သူတို့လိုက်နေတဲ့ အမှုကြီးလား"

"……"

"အေး…။ သူတို့က အတူတူသွားပြီး အပြိုင်လိုက်နေကြတာပဲ"

"……"

"ဘယ်သူနိုင်မလဲ မသိပါဘူးဟာ။ နှစ်ယောက်လုံး ရှုံးချင်လည်း ရှုံးသွားမှာပေါ့။ ဟဲ…ဟဲ…"

ပြီး…ခါးခါးနှင့်ပြောသည်။ သိပ်မကြာလိုက်ပါ။

"ဟဲ့…လင်းဝင်း"

"ဟင်…"

"နင်နဲ့ ပြောမလို့တဲ့"

ဖုန်းခွက် ကိုင်ကိုင်လိုက်ခြင်း မိုးဦး၏အသံက ငှက်ဆိုးထိုးသံလို…

"ဟဲ့…လင်းဝင်း။ နင်က ချိုချိုလား၊ ခါးခါးလား"

"ဟာ…"

လင်းဝင်း ရှက်သွားလေသည်။

●



www.burmeseclassic.com
ကြောင်နစ်ကောင်စာအုပ်တိုက်
ကြောင်နစ်ကောင်စာအုပ်တိုက်

## (၁၈)

နောက်နေ့မနက်မှာ (ညက အတွေးလွန်သွားသဖြင့်) လင်းဝင်း အိပ်ရာထ နောက်ကျသည်။ နိုးလာတော့ ချိုချိုရော၊ ခါးခါးရော မရှိ။ ကြီးကြီးကို နားခိုင်းပြီး သူတို့က ဈေးသွားကြသည်ဟု သိရသည်။ လင်းဝင်း လက်ဖက်ရည်သောက် မုန့်စားပြီးမှ ခါးခါးတစ်ယောက်တည်း ဈေးခြင်းဆွဲပြီး ပြန်ရောက်လာသည်။

"ချိုချိုရော..."

"ဘောလုံးကွင်းကို ခဏဝင်မယ်ဆိုပြီး ကျန်ရစ်ခဲ့တယ်"

"ဒါဖြင့် နင်နဲ့ငါ နှစ်ယောက်တည်း နှစ်ပါးသွားရမှာပေါ့"

"ဘာပြောတယ်"

"ဒီနေ့ လကွယ်နေ့လေ"

ခါးခါး ခဏငြိမ်သွားသည်။ ပြီးမှ အိမ်ဖော်နှစ်ယောက်ကို အကဲခတ်သလိုကြည့်ပြီး...

"နင်က ဘာလုပ်ချင်လို့လဲ"

"မြို့ထဲကို ထွက်လေ့လာချင်တာပေါ့"

"ရည်ရွယ်ချက်က..."

"မြို့သားတွေရဲ့ စိတ်ဓာတ်အနေအထားရယ်၊ ပြီးတော့ မသင်္ကာ စရာရယ်"

"ကောင်းပြီလေ...။ အဲ့ဒါဆို မီးဖိုချောင်ထဲမှာ ကြီးကြီးကို ငါ ဝင်မရှုပ်တော့ပါဘူး။ နင်နဲ့ပဲ ထွက်လိုက်ခဲ့မယ်"

"ဒါမှပဲ စုံထောက်ကြီး ဒေါ်စံရှား ဖြစ်တော့မှာပေါ့"

"နေဦး...။ ငါ ဒီနားက သူငယ်ချင်းတစ်ယောက်ဆီမှာ ခေါင်းစည်းပဝါ မှာထားတာ သွားယူလိုက်ဦးမယ်"

ခါးခါးက ထွက်သွားသည်။ တော်တော်နှင့် ပြန်မလာ။ စောင့်ရတာကို စိတ်မရှည်တော့သဖြင့် လင်းဝင်း ကိုယ့်ဘာသာ တစ်ယောက်တည်းပဲ ထွက်လာခဲ့တော့သည်။ ဘယ်လက်ရုံး၊ ညာလက်ရုံးတို့ မပါတော့လည်း ဟာတာတာ...။

'ဟော...'

လမ်းမှာ ခါးခါးနှင့်တိုး၏။ လူငယ်တစ်ယောက်က သူ့ကို လမ်းပိတ်ပြီး ရည်းစားစကားပြောနေပုံ ရသည်။ လင်းဝင်းကို မြင်မြင်ချင်း ဝမ်းသာအားရ လှမ်းခေါ်သည်။

"လင်းဝင်း"

လင်းဝင်းက သူတို့အနားသို့လျှောက်သွားလိုက်ပြီး မာကြောင်းသာကြောင်း မေးလိုက်၏။

"ဘာဖြစ်နေကြတာလဲ"

"ငါ့ကို နှောင့်ယှက်နေတယ်"

ထိုလူငယ်က အလျင်အမြန် ဖြေရှင်းသည်။

"မဟုတ်ပါဘူးဗျာ...။ ကျွန်တော် သူ့ကို တကယ်မေတ္တာရှိတာပါ။ အဲ့ဒါ ဖွင့်ပြောမလို့"

"ခင်ဗျား ဖွင့်ပြောတာက ပိတ်ပြောသလို ဖြစ်နေလို့"

"ဗျာ..."

"ဒီလိုလေ...။ ခင်ဗျားဖွင့်ပြောတာက ပိတ်ပြောသလို ဖြစ်နေလို့ သူ လမ်းဆက်လျှောက်လို့ မရဘူး"

www.burmeseclassic.com


ကြောင်နှစ်ကောင်စာအုပ်တိုက်

BURMESE CLASSIC .com

''ဩော်...။ ဟုတ်...ဟုတ်ကဲ့''

ထိုလူငယ်က အူကြောင်ကြောင်နှင့် လမ်းဖယ်ပေးသည်။ ခါးခါးက ဆက်လျှောက်သည်။ သို့သော် ထိုလူငယ်နှင့်တော့ မဟုတ်။ လင်းဝင်းနှင့်။ လင်းဝင်းက...

''ကံကောင်းလို့။ နင် ရေတိမ်နစ်တော့မလို့''

''အောင်မာ...ကြီးကြီးကျယ်ကျယ်''

သူ ဆက်ရန်တွေ့၍ မရလိုက်ချေ။

''ဟဲ့...ခါးခါး။ ဟိုမှာ...ကိုရန်နိုင်''

လက်ဖက်ရည်ဆိုင်ထဲမှာ ကိုရန်နိုင်က ကောင်မလေးတစ်ယောက်နှင့် အကြည်ဆိုက်နေသည်။ သူတို့ကိုတွေ့တော့ မြင်ဖူးသလို ပြုံးပြသည်။

''လာလေ...။ လက်ဖက်ရည်သောက်ကြပါဦးလား''

''သောက်ပြီးပြီဗျ''

ခါးခါးက ထိုစကားကို သဘောမတူပါ။

''ငါ မသောက်ရသေးဘူး''

''ဒါဖြင့်လည်း ထိုင်လေ''

ခါးခါးက အလိုက်မသိ ဝင်ထိုင်သဖြင့် သူပါ ပါသွားရသည်။ ကိုရန်နိုင့်ကောင်မလေးက ချစ်စရာကလေးဖြစ်၏။ ဘာမှ ဝင်မပြောဘဲ ပြုံးပြုံးကလေး လုပ်နေသည်။ လင်းဝင်းက ပြောလိုက်သည်။

''ကိုရန်နိုင်''

''ဗျ''

''ဟိုဖက်လမ်းထိပ်မှာ အရက်ဆိုင်တစ်ဆိုင် တွေ့ခဲ့တယ်''

''အင်း...ဟုတ်တယ်''

''အမျိုးသမီး ရောင်းတာဗျ။ နော်...''

''ဟုတ်တယ်လေ...။ ဒီမြို့မှာ နာမည်ကြီးဆိုင်ပေါ့''

''အဲ့ဒီအမျိုးသမီးက ခင်ဗျားနဲ့ ရုပ်ချင်းအတော်ဆင်တယ်နော်''

ရန်နိုင် တွန့်ခနဲဖြစ်သွားသည်။ ကောင်မလေးကို မလုံမလဲ လှည့်ကြည့်လျက်...



''အာ...မဆင်ပါဘူးဗျာ''

''ဆင်ပါတယ်ဗျ။ ကျွန်တော် သေသေချာချာကြည့်ခဲ့တာ''

''အိုး...တောက်တီးတောက်တဲ့ဗျာ''

ကိုရန်နိုင်က ထိုဆိုင်မှာ ညနေ ညနေ ထိုင်တတ်သည်ဟု ကြားဖူးသဖြင့် လင်းဝင်းက ကလိနေခြင်းဖြစ်သည်။ ဆက်၍...

''အစကတော့ မဆင်ပါဘူး။ အခု တဖြည်းဖြည်းဆင်လာတယ်ဆို''

''ကိုလင်းဝင်းကလည်းဗျာ...။ တော်တော်နောက်တဲ့လူ''

''ဒါနဲ့ ခင်ဗျား သက်သက်လွတ် စားမလို့ဆို''

သူ့ကောင်မလေးကို မလုံမလဲ လှည့်ကြည့်ပြန်သည်။

''မပြောမိပါလား''

''ကြားတာပဲလေ...''

''ကောလဟာလတွေပါဗျာ''

သူ့ကောင်မလေး၏နာမည်က သက်သက်ဖြစ်၏။ ထိုအခြေအနေကိုတော့ သူက မည်သို့မှ အရောက်ခံနိုင်ပုံ မပေါ်။ ကောင်မလေးက တစ်ဖက်လှည့်၍ ပြုံးသည်။ ကိုရန်နိုင်က ကောင်မလေးကို သွားဖြဲကလေးနှင့် ပြောသည်။

''ဒီလိုပဲ။ အဟဲ...ကိုလင်းဝင်းက အရမ်းနောက်တတ်တာ။ ဒါနဲ့ နေပါဦး။ ခင်ဗျားတို့က ဘယ်သွားကြမလို့လဲ''

စကားလမ်းကြောင်းကို အတင်းပြောင်းသည်။

''ခင်ဗျားတို့မြို့ရဲ့ စိတ်အခြေအနေကို လှည့်လေ့လာမလို့ပေါ့ဗျာ။ ဒီနေ့က လကွယ်နေ့ကိုး''

''ဒါဖြင့်...သွားတော့လေ''

''ဗျာ...''

''သွားတော့လေ...လို့''

အဓမ္မ နှင်ထုတ်နေတော့၏။ လင်းဝင်းတို့လည်း ရယ်ရယ်မောမော ဖြင့် ထွက်လာခဲ့တော့၏။

www.burmeseclassic.com

BURMESE CLASSIC .com

“လင်းဝင်း”

“ဘာလဲ မရွှေခါး”

“နင်က ဗရွတ်ရွှတ်တ အလွန်ပြောတာပဲနော်”

“ငါ့သဘာဝပဲ”

ဟိုပြောဒီပြော၊ ဟိုကြည့်ဒီကြည့်နှင့်ပဲ နောက်နောက်ပြောင်ပြောင် လျှောက်လာခဲ့ကြသည်။ ကားစီးရတာတွေ၊ စက်ဘီးစီးရတာတွေထက် နှစ်ယောက်လုံးက လမ်းလျှောက်ရတာကို ပိုနှစ်သက်ကြသည်။ ချိုချိုတို့ ဘောလုံးကွင်းရှေ့မှပင် ဖြတ်လျှောက်လာသေးသည်။ လမ်းကြုံနေသဖြင့် ဝင်မတွေ့ဖြစ်ပါ။

ချိုချိုပြောတာလည်း မှန်သင့်သလောက် မှန်သည်။ လူတွေက ညဥ့်သန်းခေါင်မှာ တီးလာမည့် ခေါင်းလောင်းထိုးသံ ၁၃ချက်နှင့် နောက်ဆက်တွဲပြဿနာများကို စိတ်လှုပ်ရှားနေကြသည်။ သည်ကြားထဲ လူစည်ကားသော လမ်းဆုံတစ်ခုမှာ ကိစ္စတစ်ခုကို ကြုံရသေး၏။

အရင်းခံကတော့ ခါးခါးဖြစ်သည်။

“ဟောတော့”

ပိုက်ဆံအိတ်တစ်အိတ်ကို ကောက်ရခြင်းဖြစ်သည်။ ပိုက်ဆံအိတ်ကို ဖျတ်ခနဲ ဖွင့်ကြည့်သည်။

“ဟင်...တစ်သောင်းတောင်”

သူ့အသံ အတော့်ကို ကျယ်သွားသည်။ သူ ပိုက်ဆံအိတ်ကောက်ရသည်ကိုလည်း မြင်သူက မြင်သွားသည်။

အမျိုးသမီးတစ်ဦးက သူ့ဆွဲခြင်းကို သူ ပြန်စစ်ပြီး...

“အဲ့ဒါ ကျွန်မ ပိုက်ဆံအိတ်ပါရှင်”

“ဟုတ်လား...”

“ဟုတ်ပါတယ်ရှင်...။ ဘယ်လိုပြုတ်ကျသွားတာလဲ မသိဘူး”

ခါးခါးက တွေဝေစဉ်းစားနေဆဲမှာပဲ နောက်အမျိုးသမီးတစ်ယောက်က...

“ကျွန်မပိုက်ဆံအိတ်ပါ”



“ဟင်...လာပြန်ပြီ တစ်ယောက်”

“ကျွန်မပိုက်ဆံအိတ်မှ...ကျွန်မပိုက်ဆံအိတ်ပါ”

“ဘယ်လောက်ထည့်ထားလဲ”

နှစ်ယောက်လုံးက တစ်ပြိုင်တည်းဖြေသည်။

“တစ်သောင်း...”

လင်းဝင်းနှင့်ခါးခါးတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ဖြစ်သည်။ လင်းဝင်းက ပခုံးတွန့်ပြ၏။ ခါးခါးကပဲ ရှက်စနိုးနှင့်ရယ်ရင်း...

“ဟိုလေ...။ ပိုက်ဆံအိတ်ထဲမှာ တစ်သောင်းပါတယ်ဆိုတာ တစ်သောင်းတန် အပေါင်လက်မှတ်ကို ပြောတာ”

ထိုအခါ ပထမအမျိုးသမီးက...

“အဟီး...။ ကျွန်မက နောက်တတ်လို့ပါ”

သူထွက်သွားမှ ခါးခါးက ဒုတိယအမျိုးသမီးကို...

“အစ်မကြီးငွေက ဘယ်လောက်တန်တွေလဲ”

“ငါးရာတန်တွေကြီးပဲ။ တစ်သောင်းအုပ်ပါ”

“ရော့...စစ်ကြည့်လိုက်ဦး”

ထိုအမျိုးသမီးက စစ်ကြည့်ပြီး...

“သေချာပါတယ်ရှင်...။ ကျေးဇူးပါပဲ”

အမှုမှန်ကတော့ ပေါ်သွားပြီ။ လူတွေက ခါးခါးကို ချီးကျူးသလို ဝိုင်းကြည့်ကြ၏။ ခါးခါးကလည်း လှသည်ကိုး။ ထို့အပြင် ခေတ်ဆန်သည်။ လင်းဝင်းက ကျေနပ်စွာ ပြုံးလိုက်ပြီး...

“နင်က ဘယ်ဆိုးလို့တုန်း”

“ငါ့နည်းမဟုတ်ပါဘူးဟဲ့။ နိုင်ငံခြားစာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးလို့”

“ဘာပဲပြောပြော မဆိုးပါဘူး”

သူတို့တွေ မြို့ကို တစ်ပတ်ပတ်ပြီးမှ ပြန်လာကြသည်။ အပြန်လမ်းမှာ လင်းဝင်း၏ပါးစပ်က အငြိမ်မနေ။

“ခါးခါး”

www.burmeseclassic.com

BURMESE CLASSIC .com

"ဘာလဲ"

"ဒီမြို့မှာ နင် သိပ်အလှပြင်စရာ မလိုဘူးဟ"

"ဘာဖြစ်လို့လဲ"

"ဒီမြို့က ယောက်ျားတွေက မျက်မှန်တွေများတယ်။ နင့်အလှကို ဝိုးတိုးဝါးတားဖြစ်နေမှာ"

"ဖြစ်ပစေပေါ့"

"နင့်အလှကို ခံစားနိုင်တာ ငါတစ်ယောက်ပဲရှိတယ်"

"အောင်မာ"

"ငါ့အလှကိုလည်း နင်ခံစားနိုင်မှာပါ"

"ငပေါ"

"အခုလည်း နင့်ကိုယ်က အရမ်းမွှေးတာပဲ။ နှင်းဆီပွင့်ကို အဝတ်ဝတ်ပေးထားသလိုပဲ"

ခါးခါးက သူ့စကားကို နားမလည်ချင်ယောင်ဆောင်သည်။

"နင်ပြောတာတွေကို ငါ စိတ်မဝင်စားဘူး။ ဟိုလူကြီးရဲ့ နှုတ်ခမ်းမွှေးကားကားကြီးကို ကြည့်နေတာ"

"ချာချီ့စကားကို ကိုးကားပြီး ပြောရမလား"

"ဘာလဲ"

"စိတ်မပူစမ်းပါနဲ့။ အဲ့ဒီနှုတ်ခမ်းမွှေးကားကားကြီးနဲ့ နင်နဲ့ ထိတွေ့စရာအကြောင်း မရှိပါဘူး"

ခါးခါး ရယ်ချင်သွားပုံရသည်။

"ပြောနိုင်လို့လား"

"ပြောနိုင်ပါတယ်။ ငါတစ်ယောက်လုံး ရှိနေတာပဲ"

"ငပေါ"

●

## (၁၉)

လကွယ်ည။

တော်တော်နှင့် အိပ်မပျော်ကြပါ။ စောစောစီးစီး အိပ်ရာဝင်ကြရသည်။ ဆိုင်တွေကလည်း စောစောပိတ်ကြ၏။ မြို့က ညဉ့်ဦးပိုင်းမှာကတည်းက ခြောက်ကပ်နေသည်။ အမူးသမားတချို့ပဲ ခပ်သုတ်သုတ် လျှောက်နေသည်။

ချိုချိုတို့အိမ်မှာ တော်တော်နှင့် မအိပ်ဖြစ်ကြပါ။ အိပ်မည်ဟုဆိုပြီး အိပ်ရာထဲဝင်ကြတော့လည်း ဘယ်ညာလူးလိမ့်နှင့် အိပ်မပျော်ကြ။ ချိုချိုနှင့် ခါးခါးတို့၏ အခန်းဆီမှ တီးတိုးစကားသံများကို ကြားနေရ၏။ အိပ်မပျော်သည့်အဆုံး လင်းဝင်း ဧည့်ခန်းမှာ ထွက်ထိုင်ပြီး စာဖတ်နေလိုက်သည်။

ဦးလေးကလည်း ထွက်လာသည်။

"သြော်...။ ငါက ဧည့်ခန်းက တချွတ်ချွတ်အသံကြားလို့ ထွက်လာတာ"

"ကျွန်တော် ခေါင်းလောင်းသံကို ထွက်စောင့်နေတာ ဦးလေး"

www.burmeseclassic.com

BURMESE CLASSIC .com

''ဒီညကို မင်းက ဘယ်လိုခံစားရလို့လဲ''

''မမြင်ရတဲ့ မီးခြစ်ကျောက်ကြီးကို ထမ်းထားတဲ့ညလို့ ထင်တယ်''

ဦးလေးက တဟားဟား အော်ရယ်၏။ ဦးလေးက ရယ်လျှင် 'ဟားဟား'လို့ အသံထွက်သည်။

''မင်းကတော့ ပြောလိုက်ရင် အထူးအဆန်းကြီးပဲ၊ ပြောစမ်းပါဦး။ ဒီမြို့ကလူတွေကရော ဘယ်လိုဖြစ်နေလဲ''

''စိတ်နဲ့ပြေး၊ စိတ်နဲ့ ဟောဟဲဟောဟဲ ဖြစ်နေကြတယ်လေ''

ဦးလေးက ရယ်ပြန်သည်။ 'ဟားဟား'ဟုပင် ဖြစ်၏။

''အခု ဆယ့်တစ်နာရီ ခွဲပြီးပြီကွ''

''ဟုတ်တယ်ဦးလေး''

''မင်း...စိတ်မလှုပ်ရှားဘူးလား''

''ဦးလေးကရော...''

''ကိုယ့်မြို့ကိုယ့်ရွာဆိုတော့ လျစ်လျူရှုထားလို့ မရဘူးပေါ့ကွာ''

''ကျွန်တော်ကတော့ သိပ်စိတ်မလှုပ်ရှားဘူး။ စူးစမ်းချင်တာလောက်ပဲ''

ချိုချိုနှင့်ခါးခါးကလည်း ထွက်လာကြပြန်သည်။

''ဟင်...သမီးတို့ကလည်း မအိပ်ကြသေးဘူးလား''

''ဘယ်လိုလုပ် အိပ်လို့ရမှာလဲ''

လင်းဝင်းက ဝင်ပြောသည်။

''ဒီလောက်လည်း ကြောက်မနေကြပါနဲ့ဟာ။ တွင်းထဲမှာ ခွေနေတိုင်း မြွေမဟုတ်ပါဘူး''

''စကားရှည်မနေနဲ့၊ ၁၂ နာရီထိုးတော့မယ်''

အားလုံးက ငြိမ်သက်ပြီး နားစွင့်ထောင်နေကြသည်။ မကြာမီ တဒေါင်ဒေါင်မြည်သံ ထွက်လာသည်။ ၁၃ ချက်မရှိပါ။ ၁၂ ချက်တည်း ဖြစ်ပါသည်။ ခေါင်းလောင်းသံလည်း မဟုတ်ပါ။ နာရီမြည်သံဖြစ်ပါသည်။ အတန်ကြာမှ လင်းဝင်းက မခိုးမခန့်ပြုံးရင်း ပြောသည်။

''ဒီတစ်ချက်ကိုပဲ ရှင်းရတော့မယ်။ ကိစ္စအားလုံး ပြီးတော့မှာပါ





ခါးခါးရယ်''

''လွယ်ပါ့မလား''

''လွယ်ပါတယ်။ မြွေပွေးကွက်ဟာ မြွေပွေးဆီမှာ ရှိမှာပဲ''

www.burmeseclassic.com

BURMESE CLASSIC .com

(၂၀)

နောက်တစ်နေ့ကျတော့ ပြောင်းပြန်။

လင်းဝင်းက အရင်နိုးသည်။ ချိုချိုနှင့်ခါးခါးက အိပ်ရာထ နောက်ကျသည်။ သူတို့နိုးချိန်မှာ လင်းဝင်းက မရှိတော့။ မြို့ထဲသို့ စနည်းနာထွက်သွားသည်ဟု သိရသည်။ နှစ်ယောက်လုံး စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်သွားကြ၏။ ရေမိုးချိုး ကိုယ်လက်သန့်စင်ကြပြီးနောက်...

"ချိုချို"

"ဟော..."

"ဒီကောင် လင်းဝင်း ဘယ်သွားတယ် ထင်သလဲ"

"ဟဲ့...။ မြို့ထဲပါဆို ငါက ဘယ်မှန်းတတ်မလဲ"

"မဟုတ်ဘူး။ ဒီကောင့်မှာ လျှို့ဝှက်ချက်တစ်ခုခုရှိရမယ်လို့ ငါထင်တယ်"

ချိုချိုက တစ်ချက်စဉ်းစားပြီး ပင်နယ်လ်တီဖမ်းရမလို ခုန်ဆွခုန်ဆွလုပ်၏။

"အေး...။ ဖြစ်နိုင်တယ်"

"ငါတို့ လိုက်သွားကြည့်ရအောင်"





"ဟဲ့...။ ဘယ်လိုလိုက်မှာလဲ"

"ဖြစ်နိုင်ခြေရှိတဲ့ နေရာတွေကိုပေါ့ဟာ"

"အေး...။ ကောင်းသားပဲ"

နှစ်ယောက်သား ရမ်းသမ်းပမ်းသမ်းဖြင့် လင်းဝင်းနောက် လိုက်ခဲ့ကြသည်။

ထိုအချိန်မှာ လင်းဝင်းက ရန်နိုင့်ဆီ ရောက်နေခြင်းဖြစ်သည်။

"ကိုရန်နိုင်...။ ညက အိပ်လို့ပျော်ရဲ့လားဗျ"

"ပျော်လိုက်တာမှ သိုးလို့"

"လမ်းမှာ တွေ့ခဲ့တာတော့ ခင်ဗျားတို့မြို့သူမြို့သားတွေ စိတ်လက်ပေါ့ပါးနေပုံပဲ"

"ဒါပေါ့ဗျာ။ ဒီလောက်တော့ ရှိမှာပေါ့"

"ကျွန်တော် ခင်ဗျားဆီမှာ မေးစရာတစ်ခု ရှိတယ်"

"မေးဗျာ"

"ဒီမြို့မှာ ဗေဒင်ဆရာ ဘယ်နှယောက်ရှိလဲဗျ"

"ဟ...အများကြီးပေါ့။ ဘုရားစောင်းတန်းမှာဆိုရင် တစ်ပြုံကြီးပဲ"

"ဒီအချိန်ဆိုရင် သူတို့တွေ ဆိုင်ဖွင့်ပြီလား"

"အင်း...ဖွင့်တော့မှာပေါ့"

"သြဇာညောင်းတဲ့၊ မှန်တယ်လို့ သတင်းကြီးတဲ့ ဗေဒင်ဆရာတွေကို ပြောစမ်းပါဗျာ"

"ဘာလဲ...။ ခေါင်းလောင်းသံကိစ္စကို ဗေဒင်သွားမေးမလို့လား"

"ဟဲ...ဟဲ...။ ပြောမှာသာ ပြောစမ်းပါဗျာ"

ရန်နိုင်က ဗေဒင်ဆရာကြီးလေးငါးယောက်၏အမည်ကို ရွတ်ပြ၏။

"ဦးစိုးဝင်း"

"အင်း..."

"ဆရာဦးခင်ရွှေ"

"အင်း"

"ဆရာကြီး ဦးမျိုးမင်းယု"

www.burmeseclassic.com

BURMESE CLASSIC .com

‘‘ဟုတ်ပြီ’’

‘‘ဆရာ ဦးကျော်စံအောင်’’

‘‘ကောင်းပြီ…ကောင်းပြီ။ ကျွန်တော် သွားလိုက်ဦးမယ်’’

‘‘ကျွန်တော် ဘယ်တော့မိန်းမရမလဲဆိုတာကိုပါ ထည့်မေးခဲ့ဗျာ’’

‘‘ဟား…ဟား…။ အဲဒါက ခင်ဗျားဘာသာ မေးမှ ရမှာပေါ့ဗျ’’

‘‘နေပါဦး…။ ခင်ဗျားကိုလည်း ကျွန်တော်က မေးစရာရှိတယ်’’

‘‘ဘာများပါလိမ့်’’

သူမေးတာက မိုးဦးဝေသီနှင့် တစ်လေသံတည်း။

‘‘ခင်ဗျားကရော ချိုချိုလား၊ ခါးခါးလား’’

‘‘ဟာဗျာ…ခင်ဗျားကလဲ’’

ရန်နိုင့်ကို နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။ သူထွက်သွားပြီး မကြာမီမှာ ချိုချိုနှင့်ခါးခါးတို့က ရန်နိုင့်ထံ ရောက်လာကြပြန်၏။ ချိုချိုက မေးသည်။

‘‘ဟဲ့…။ နင့်ဆီ လင်းဝင်း လာသွားလား’’

‘‘အေး…။ လာသွားတယ်’’

‘‘အခု သူ ဘယ်ကိုသွားလဲ’’

‘‘ဗေဒင်မေးမလို့ ထွက်သွားတယ်’’

‘‘အလိုတော်…။ ဘာကိစ္စ’’

‘‘ခေါင်းလောင်းသံကိစ္စ မေးမလို့ ထင်တာပဲ’’

‘‘ဟင်…။ ဗေဒင်ဆရာတောင် သေထားတဲ့ဟာကို’’

ခါးခါးကလည်း…

‘‘အေးလေ…။ ဒီကောင် အကြံကုန် ဂျွန်ဆားချက်ပြီ ထင်တယ်’’

ရန်နိုင်က…

‘‘ကိုလင်းဝင်းက အကွက်မြင်ပါတယ်ဟာ။ သူ ဆားချက်လည်း အိုင်အိုဒင်းဆားပဲ ဖြစ်မှာပါ’’

‘‘နင်က ဘယ်ကို ညွှန်လိုက်လဲ’’

‘‘ဘုရားစောင်းတန်းကို’’



‘‘သွားတာ ကြာပြီလား’’

‘‘တအောင့်လောက် ရှိပြီ’’

‘‘အေး…။ ငါတို့လိုက်သွားလိုက်ဦးမယ်’’

‘‘ကြွ…ကြွ’’

ရန်နိုင်က ခပ်ငေါ့ငေါ့ပြောလိုက်သည်။ အမှန်တော့ မေးလိုက်ချင်တာရှိသေး၏။ နင်တို့နှစ်ယောက်ထဲမှာရော ဘယ်သူက လင်းဝင်းလဲဟု၊ မကောင်းတတ်၍သာပေါ့။

ဗေဒင်တန်းဆီ ချိုချိုတို့ခါးခါးတို့ ရောက်တော့ လင်းဝင်းကို ရှာမတွေ့။ ဘုရားပေါ်ကိုလည်း တက်ကြည့်သည်။ မတွေ့။ ခေါင်းလောင်းကိုပင် အထူးအဆန်းလုပ်ပြီး သွားကြည့်ဖြစ်သေးသည်။ သူတို့ကတော့ (၁၃)ချက် မထိုးပါ။ (၇)ချက်စီမျှသာ။ ခါးခါးက အဆိုပြုသည်။

‘‘ဗေဒင်ဆရာတွေဆီကို သွားမေးမလား’’

‘‘ဟယ်…မကောင်းပါဘူးဟာ။ ရှက်စရာကြီး’’

‘‘ဒါဖြင့် ဘယ်လိုလုပ်မလဲ’’

‘‘လာ…’’

ချိုချိုက ဈေးဆိုင်တန်းဘက် ခေါ်သွားသည်။ ငှက်ပျောသီးသည်များက သူမကို ဝမ်းသာအားရ နှုတ်ဆက်ကြသည်။ ခါးခါးပြုံးမိသေးတော့သည်။ ချိုချိုက ငှက်ပျောသီးသည်မလေးတစ်ယောက်ကို…

‘‘ဟဲ့…သန်းသန်းနု’’

‘‘ရှင်…အစ်မလေး’’

‘‘ငါတို့အိမ်မှာတည်းတဲ့ ရန်ကုန်ကဧည့်သည်ကို နင်တွေ့မိလား’’

‘‘သြော်…။ ဟို ခပ်ချောချောအစ်ကိုကြီးကို ပြောတာလား’’

‘‘အေး…။ သူ့ကို လိုက်ရှာနေကြတာ’’

‘‘ခုနက ဗေဒင်မေးခန်းဘက်မှာ တွေ့တယ်။ ဒါပေမဲ့ ဦးကျော်စံအောင်ဆီ လိုက်သွားတယ် ထင်တယ်’’

‘‘ဦးကျော်စံအောင်က ဘယ်သွားလို့လဲ’’

‘‘အဲဒါတော့ မသိဘူးအစ်မ။ ဆိုင်ပိတ်ပြီး သူ့ဇာတိကို ခဏပြန်

www.burmeseclassic.com



ကြောင်နှစ်ကောင်စာအုပ်တိုက်

BURMESE CLASSIC .com

မယ်လို့ ပြောတယ်။ ဒီမနက်ပဲ''

''သူ့ဇာတိက ဘယ်မှာလဲ''

''သူတို့ ဗေဒင်ဆရာချင်းကို မေးကြည့်လိုက် အစ်မ''

''အေး...အေး...။ ကျေးဇူးပဲ''

ဗေဒင်ဆရာတွေဆီ ခြေဦးလှည့်ရပြန်သည်။ တစ်ယောက်က ညွှန်ပြသဖြင့် ဦးကျော်စံအောင် စီးရမည့် ကားဂိတ်ကို သိလိုက်ရသည်။ ဆိုက်ကားဂိတ်မဟုတ်၍ စိတ်ခတ်ကျစရာ။

''လိုက်သွားဦးမလား''

''လိုက်သွားရမှာပေါ့ဟာ...''

''ဒီကောင် ဘာတွေလုပ်နေလဲ မသိဘူး''

''အေးလေ...''

ကားဂိတ်သို့ အလျင်အမြန် လိုက်သွားကြသည်။ သို့သော်...

''ဟော...တော်''

ကားကို မမီတော့ချေ။ ထို့ကြောင့် လင်းဝင်းကိုလည်း မမီ။

လင်းဝင်းကတော့ ကားကိုရော၊ ဦးကျော်စံအောင်ကိုရော မီလိုက်ပါသည်။ လူကဲခတ်ကောင်းသူဖြစ်၍ ဦးကျော်စံအောင်ကိုလည်း မြင်မြင်ချင်း ဗေဒင်ဆရာမှန်း သိလိုက်ပါသည်။ မရင်းနှီးသော်လည်း ရောနှော လွယ်တတ်သူဖြစ်၍...

''ဆရာ''

ဦးကျော်စံအောင် အူကြောင်ကြောင်လှည့်ကြည့်သည်။ ဥဿာစိန် ပန်းဒန်းလှကို ရှာပြီး...

''ဟင်...''

''တစ်ယောက်တည်းလား''

ဦးကျော်စံအောင်ခမျာလည်း ဟန်မပျက် ပြန်ဆက်ဆံရသည်ပေါ့။

''အင်း...။ တစ်ယောက်တည်းပဲ''

''ဘယ်သွားမလို့လဲ ဆရာ''

''ဩော်...။ ကိုယ့်ရွာကို ခဏပြန်မလို့''



''ဩော်...။ ကျွန်တော်လည်း အဲဒီကားပဲ စီးရမှာ''

''မင်းကလည်း အဲဒီရွာကပဲလား''

''အဲဒီလိုတော့ မဟုတ်ပါဘူး''

စကားစက ခေတ္တပြတ်သွားသည်။ လင်းဝင်းက သူ့အိတ်ထဲမှ စီးကရက်ကို ထုတ်တည်သည်။

''သောက်ပါဦး''

''နေ...။ ကိုယ်က ဆေးပြင်းလိပ်သမား''

သူ့ဘာသာ ဆေးပြင်းလိပ်ထုတ်သောက်သည်။ သူ့ဘာသာ မီးခိုးတွေ မှုတ်ထုတ်သည်။

''ဆရာက အပြင်းစားသမားပေါ့နော်''

အင်တင်တင်နှင့် ခေါင်းညိတ်ပြသည်။

ကားက လာပါပြီ။ ကားသေးလေးဖြစ်၏။ အမိုးပေါ်မှာရော၊ နောက်မြီးပေါ်မှာရော လူတွေ၊ ပစ္စည်းတွေ ပြည့်ကြပ်နေသည်။ သူတို့တွေ ဘယ်လိုတက်ရမည်မှန်းပင် မသိ။ သို့သော် ကိစ္စမရှိပါ။ ကားပေါ်မှာ စပယ်ယာလည်း ပါလေသည်ကိုး။ အထဲကိုတော့ ရောက်သွားမှာပါ။

သို့သော် ကားက ခပ်စုတ်စုတ်ဖြစ်သည်။ ဓမ္မာသောက အင်းဝ ရာဇာဖြစ်နိုင်၍...

''ဆရာက နောက်ကားကို စောင့်ဦးမလား''

ခေါင်းခါပြသည်။

''ဒီကားကိုပဲ စီးမှာလား''

ခေါင်းညိတ်ပြသည်။

''အင်း...။ ကျွန်တော်လည်း ဒီကားကိုပဲ စီးမှာ''

ပြောပြောဆိုဆို လင်းဝင်းက အိတ်ထဲမှာ တကူးတက သိမ်းထားသော မတ်စေ့ အလေးစေ့လေးကို ထုတ်ကာ ပါးစပ်ထဲမှာ ငုံလိုက်၏။ ဦးကျော်စံအောင် နားမလည်သလို ကြည့်သည်။

''ဒီလိုကားမျိုးစီးတယ်ဆိုတာက ကူးတို့ခတစ်မတ် ငုံထားတာ အကောင်းဆုံးပဲ။ ဆရာကြီးကော ငုံဦးမလား။ ကျွန်တော့်မှာ မတ်စေ့

www.burmeseclassic.com

BURMESE CLASSIC .com

အပို ပါသေးတယ်''

ဦးကျော်စံအောင်၏မျက်နှာ ရှုံ့မဲ့သွားသည်။

''အိုး...။ ပေါက်ပေါက်ရှာရှာကွာ''

ဘာလုပ်ရမှန်းလည်း မသိ။ ဦးကျော်စံအောင်နှင့်အတူ လင်းဝင်းပါ ထိုကားစီးပြီး လိုက်သွား၏။

သူ့ကို လိုက်မမီတော့သော ချိုချိုနှင့်ခါးခါးတို့က အိမ်ပြန်ပြီး စိတ်မရှည်စွာ စောင့်နေကြသည်။ ညနေစောင်းမှပဲ အပိုးမကျိုးသော မျက်နှာနှင့် လင်းဝင်း ပြန်ရောက်လာသည်။ ချိုချိုက ဆီးရန်တွေ့သည်။

''နင်က ဘယ်တွေလျှောက်သွားနေတာလဲ''

''ငါက ဒီလိုပဲ လျှောက်သွားတတ်တယ်''

''နင်ဟာလေ...''

''ဘာလဲ...။ ကြာကြာဝါးမှ သားရေပြားမှန်း သိတာလား''

ချိုချို မျက်နှာရှုံ့မဲ့သွားလေသည်။ သူက ငှက်ပျောသီးပဲကြိုက်သည်ကိုး...။

(၂၁)

ကိစ္စတွေက ရှင်းသွားပါပြီ။

ခေါင်းလောင်းထိုးသံ (၁၃)ချက်ကို လကွယ်ညသန်းခေါင်ယံမှာ ကြားရပြီး လူတစ်ယောက်ပြီးတစ်ယောက် အဆိပ်သင့်သေကြတာဟာ မတော်တဆကိစ္စတစ်ရပ်ဖြစ်မှန်း သိသူတွေလည်း သိကုန်ကြပါပြီ။ လင်းဝင်းနဲ့ ခါးခါးတို့ရဲ့ ကြိုးစားမှုကြောင့်လို့ ဆိုနိုင်ပါသည်။

ဦးလေးနဲ့ ကြီးကြီးက အတော်ချီးကျူးပါသည်။ ဒီတော့ ချိုချိုကလည်း မနေသာ။ ဒီတော့ ကိုအောင်ကွန်းကလည်း မနေသာ။ အဲဒီ့လိုပဲပေါ့။ ရန်နိုင်ကလည်း တဖွဖွချီးကျူးလို့။

ဦးလေးက မေးသည်။

''နေပါဦး လင်းဝင်းရဲ့...။ ဒီအမှုကို မင်းက အရင်ဦးဆုံး ဘယ်လို သဘောပေါက်လိုက်တာလဲ''

''အဟဲ...။ ဦးလေးက လူပျိုကြီးဆိုတော့ လူပျိုကြီးဟာသတစ်ခုကို အရင်ဆုံး ပြောပြမယ်''

ဦးလေးက ရက်ကိုးရက်ကန်းပြုံးသည်။ ကြည့်လို့လည်း မကောင်းပါ။

www.burmeseclassic.com

''အေးပါကွာ...။ ပြောချင်သလို ပြောပါ''

''တစ်ခါက တရားခံတစ်ယောက်ကို တရားသူကြီးက မေးတယ်တဲ့''

''အင်း''

''အမှုက အသရေဖျက်မှုပါ''

''အင်း''

''ရပ်ကွက်ထဲက အပျိုကြီးနဲ့လူပျိုကြီး ထွက်ပြေးကြတယ်လို့ မင်းဘာလို့ပြောတာလဲတဲ့''

''အင်...။ အဲဒီ့တော့''

''တရားခံက ပြန်ဖြေတယ်။ ကျွန်တော် အဲဒီ့လိုပြောတာတော့ မှန်ပါတယ်။ ဒါပေမဲ့ အပျိုကြီးက အရှေ့ဘက်ကို ပြေးပြီး လူပျိုကြီးက အနောက်ဘက်ကို ပြေးတယ်လို့ ပြောတာပါတဲ့''

ဦးလေးအပါအဝင် အားလုံးက သဘောတကျ ဝိုင်းရယ်ကြသည်။

''ဒါဖြင့် အဲဒီ့တရားခံကို လွှတ်ပေးလိုက်ရတာပေ့ါ''

''အင်းပေ့ါ''

''အေးလေ...။ မင်းက စကားတတ်တော့ အလှပြောလိုက်တာပါ။ အမှန်တော့ ဒီအမှုနဲ့ပတ်သက်ပြီး တချို့သုံးသပ်သူတွေဟာ ယုန်တောင်ပြေး ခွေးမြောက်လိုက် ဖြစ်နေတယ်လို့ ဆိုလိုက်တာပေ့ါ''

''အဲဒီ့လိုလည်း မဟုတ်ပါဘူး ဦးလေးရဲ့''

''အေး...အေး...။ ဆက်ပြောစမ်းပါဦး''

''သူတို့ရဲ့ ယူဆချက်ကလည်း စိတ်ဝင်စားစရာပါပဲ။ မှန်တယ်လို့ မပြောနိုင်သေးပေမယ့် အခြေအနေအရ လက်ခံစရာအချက်တစ်ချက်ပါပဲ။ ယာယီအားဖြင့်ပေ့ါလေ...''

''အင်း...။ ဟုတ်တယ်''

''ဒါပေမဲ့ ဦးလေးရယ်...။ အရာရာတိုင်းမှာ ဒါပေမဲ့ဆိုတာ ရှိတယ် မဟုတ်လား။ ကျွန်တော်က အဲဒီ့လို တခြားဖြစ်နိုင်ခြေထောင့်က စတွေးတာပါ''



''အေး...။ ဟုတ်ပြီကွာ''

''အဲဒီ့နေရာမှာ ဒေးကားရဲ့ အချက်ငါးချက်ကို သုံးတယ်လေ''

''နေရာကျသွားတာပေ့ါ''

''ပထမဆုံး ကိုအောင်လွန်းသေဆုံးမှုကို ဆန်းစစ်ကြည့်တယ်''

''ဟုတ်ပြီ...။ ဘာတွေ တွေ့သလဲ''

''ကိုအောင်လွန်းဟာ လူပျော်တစ်ယောက်ပီပီ ဗလွတ်ရွတ်တနဲ့ နေတတ်တယ်။ ဟိုစပ်စပ် ဒီစပ်စပ်လည်း တတ်တယ်။ သူ့အခန်းကို ဝင်ကြည့်တော့ သဲလွန်စတစ်ချို့ကို တွေ့တယ်။ သူက ဆေးတွေလည်း ဖော်တယ် ဆိုတာကိုး''

''အင်း...။ အရေးကြီးပြီ''

''ကိုအောင်လွန်းရဲ့ ဆေးမှတ်စုကိုဖတ်ကြည့်ပြီးကတည်းက သွားပြီလို့ ကျွန်တော်သိလိုက်တယ်။ သူက ထန်းလျက်နဲ့ နလင်ကျောက်ကို သွေးပြီး ဆေးနည်းတစ်ခုလို ဖော်ထားတာကိုး''

''အဲဒါက ဘာဖြစ်တတ်လို့လဲ''

''အဲ...။ သေတတ်တယ်''

''ဟုတ်လား...''

''အင်း...။ အဲဒါနဲ့ သူ့ဆေးပုလင်းတွေကို ဝင်ကြည့်တော့ နောက်ဆုံးသောက်သွားပုံရတဲ့ ဆေးပုလင်းကို တွေ့တယ်''

''မင်းက အဲဒီ့ဆေး၊ အဲလေ...အဲဒီ့အဆိပ်ကို မှတ်မိလား''

''မှတ်မိတယ်...။ ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားဘဝကတည်းက အပြောင်အပျက်လုပ်ဖူးတယ်။ ဘယ်သူမှ မသောက်ရဲကြပါဘူး''

''ဪ...''

''ကျွန်တော်က မြင်ရုံနဲ့လည်း မှတ်မိတယ်။ အနံ့ခံကြည့်ရုံနဲ့လည်း မှတ်မိတယ်။ နောက်ပြီး ကိုအောင်လွန်းက ပေါက်တက်ကရ လုပ်လွန်းတဲ့သူဆိုတော့ သူ အဲဒီ့အဆိပ်ကို ဆေးအဖြစ်နဲ့ ပြန်သောက်ပြီး သေသွားတာဖြစ်မယ်ဆိုတာ မှန်းမိလိုက်တယ်''

www.burmeseclassic.com

BURMESE CLASSIC .com



"တစ်ယောက်ယောက်က ဆေးညွှန်းဆိုပြီး သေစေချင်လို့ ညာပေးလိုက်တာ ဆိုရင်ကော…"

"မဟုတ်ဘူး…။ သူ့ဆေးမှတ်စုစာအုပ်အရ သူ့ဘာသာရှာဖွေဖော်ထုတ်ထားတာ"

"ဩော်…ဩော်"

ဦးလေးက ခေါင်းတဆတ်ဆတ်ညိတ်သည်။ ခါးခါးက မကျေမချမ်းဖြင့်…

"သမီးမှာ အဲဒီလိုအတွေ့အကြုံမှ မရှိဘဲ။ သူက သာသွားတာပေါ့"

အားလုံး ရယ်ကြရသေးသည်။

"ကဲ…တစ်ခုတော့ရှင်းပြီ။ ဆက်ပါဦး…ကိုမြင့်ဆွေကိစ္စ"

"သိပ်မထူးပေမယ့် သူကတော့ တစ်မျိုး"

"အေး…။ အဲဒီတစ်မျိုးကိုပဲ ပြောပါဦး"

"အဟမ်း…အဟမ်း"

လင်းဝင်းက ချောင်းဟန့်တော့ ခါးခါးက မျက်စောင်းထိုးသည်။ မြင်ဖြစ်အောင် မြင်ကြပြီး ပြုံးကြ၏။

"သူ့အဖေက ဝွစား။ သက်သတ်လွတ်သမားကြီး"

"အင်း"

"သူကတော့ အတွေးအခေါ်သိပ်မမြင့်တဲ့ သာမန်လူ"

"အင်း"

"သူ့အဖေရဲ့အလုပ်ကို ဝါသနာလည်း မပါဘူး။ သက်သတ်လွတ်လည်း အမြဲလိုက်မစားနိုင်ဘူး"

"အင်း"

"ချိုချိုတို့ ခါးခါးတို့ အဖိုးကြီးနဲ့ စကားပြောနေချိန်မှာ ကျွန်တော်က သူတို့မီးဖိုချောင်ကို ဝင်စစ်တယ်လေ"

ခါးခါးက ဝင်ဖြတ်ပြောပြန်သည်။

"သူ အဲဒီလိုဝင်ကြည့်လို့ရအောင် သမီးတို့က အဖိုးကြီးကို ဆွဲထားရတာ"

"ဟုတ်ပါတယ်…ဟုတ်ပါတယ်။ ကျေးဇူးတင်ပါတယ်"

"ကဲ…ကဲ…။ ဆက်ပြောပါဦးကွယ်"

"ကိုမြင့်ဆွေ အဲလေ…။ ဦးမြင့်ဆွေရဲ့ ဈေးစာရင်းအသုံးစာအုပ်ကို ကျွန်တော်ဖတ်ရတယ်လေ။ သူသေတဲ့ရက်မှာ သူ့အဖေအတွက် ကြောင်လျှာသီး ဝယ်ပေးတယ်။ သူ့အတွက်ကျတော့ ငါးသေတ္တာဝယ်လာတယ်"

"အဲဒီအချက်က ဘာထူးလဲ"

"သူ အဲဒီကြောင်လျှာသီးနဲ့ ငါးသေတ္တာဘူးနဲ့ကို တွဲစားရင်း အစာအဆိပ်သင့်လို့ သေသွားတာပဲ"

"အဲဒီနှစ်ခုကို တွဲစားရင် သေတတ်လား"

"အခန့်မသင့်ရင် သေတာပဲ…။ များသောအားဖြင့် သေတယ်"

"အဲဒီအချက်ကိုလည်း မင်းက သိတာပဲလား"

"ကျွန်တော်က စာအုပ်ရောင်းတဲ့ စာသမား၊ ပေသမားလေ ဦးလေးရဲ့"

"အင်း…။ ဒါတွေကတော့ ရှင်းသွားပါပြီ"

ချိုချိုက ဝင်မေးသည်။

"ခေါင်းလောင်းသံကိစ္စ"

လင်းဝင်းက ပြုံးစစနှင့် ပြန်မေးသည်။

"နင်တို့ ဘောလုံးပွဲတွေမှာ ကြုံဖူးမှာပေါ့"

"ဘာလဲ"

"ဒိုင်လူကြီး ဝီစီမှုတ်တာနဲ့ ပရိတ်သတ် လက်ခေါက်မှုတ်တာ"

"ကြုံဖူးတာပေါ့"

"ဘယ်ဟာက အရေးကြီးလဲ"

"ဒိုင်လူကြီး ဝီစီက အရေးကြီးတာပေါ့ဟဲ့"

"အေး…။ ဒီခေါင်းလောင်းသံကလည်း ဝီစီမဟုတ်ပါဘူးဟာ။ လက်ခေါက်မှုတ်တာပါ"

"နင့်စကားကို ရှင်းစမ်းပါဦး"

www.burmeseclassic.com


ကြောင်နစ်ကောင်စာအုပ်တိုက်

BURMESE CLASSIC .com

"လက်သည့်က ဟိုဗေဒင်ဆရာကြီး ဦးကျော်စံအောင်ပေါ့"

"ဘယ်လိုဖြစ်လို့လဲ"

"ရိုးရိုးပဲ စဉ်းစားကြည့်ဘူးတယ်လေ။ လကွယ်ညသန်းခေါင်ယံကြီးမှာ ခေါင်းလောင်းသံ (၁၃)ချက်ထိုးတာဟာ သဘာဝကျတဲ့ကိစ္စမဟုတ်ဘူးလေ"

"အင်း..."

"ငါ ဟိုတစ်လောက မဂ္ဂဇင်းတစ်အုပ်ဖတ်ဖူးတာကို ပြန်သတိရမိတယ်။ ဗေဒင်ကဏ္ဍထဲမှာပါတဲ့ ယတြာတွေက သဘာဝမကျဘူးဟ"

"အင်း"

"ဟိုတုန်းကလို ဘုရားမှာ ဆီမီး ထီးဖြူကပ်တာမျိုးလောက်မဟုတ်ဘူး။ တစ်မျိုးလေးတွေ။ နင်တို့လည်း သတိထားမိမှာပါ။ ဥပမာတွေကို ငါ ပြောမပြတော့ဘူး"

"ဒါဆို ဒီခေါင်းလောင်းသံကိစ္စက အဲဒီဗေဒင်ဆရာကြီးပေးတဲ့ယတြာတွေပေါ့"

"အေး...။ သူမှားထက် ဦးအောင်၊ ထူးအောင် သူက လုပ်တာပေါ့"

"ဗေဒင်ဆရာတွေ အများကြီးထဲမှာ သူမှန်း နင်က ဘယ်လိုလုပ်သိတာလဲ"

"ဒီလိုလေ...။ နင်တို့မေ့နေတဲ့အချက် ရှိတယ်"

"ဘာလဲ...။ သူ ယတြာပေးလိုက်လို့ ခေါင်းလောင်းကို အဲဒီလိုထိုးရတဲ့သူက နှစ်ယောက်ရှိခဲ့တယ်ဆိုတာ"

"ဩော်...အေး"

"သူတို့မှာ ဒီခေါင်းလောင်းကို သူတို့ထိုးတာပါဆိုတာ မပြောရဲဘူး။ တော်ကြာ သူတို့က တရားခံဖြစ်မှာကိုး"

"အေးပေါ့...အေးပေါ့"

"ဒီမြို့ကနေ ရှေ့ဆင့် နောက်ဆင့် လစ်ထွက်သွားကြတယ်။ ငါစုံစမ်းကြည့်တော့ အဲဒီနှစ်ယောက်လုံးက ဦးကျော်စံအောင်နဲ့ ပတ်သက်



နေတယ်။ ဦးကျော်စံအောင်ပါ လစ်ထွက်ဖို့ပြင်တော့ သေချာသလိုရှိသွားတာပေါ့"

ခါးခါးက နားမလည်သလို မေးသည်။

"နေပါဦး။ နင်က ဘယ်အချိန်မှာ ထွက်စုံစမ်းတာလဲ"

"ကိုရန်နိုင်နဲ့ အပြင်ထွက်တဲ့ အချိန်တွေမှာပေါ့ဟာ"

"ဦးကျော်စံအောင်နဲ့ နင်နဲ့ ဘာတွေပြောကြလဲ။ သူကရော ဝန်ခံလား"

"ဝန်ခံပါတယ်"

"ကြံကြံဖန်ဖန် ယတြာကိုပေးတဲ့ ကြံကြံဖန်ဖန်ဗေဒင်ဆရာပါပဲဟယ်"

လင်းဝင်းက...

"ကဲ...အားလုံးရှင်းပြီလား"

ရန်နိုင်က ငြိမ်နေရာမှ ဝင်ပြောသည်။

"အဲဒါတွေကို ရှင်းပါပြီ။ မရှင်းတာက..."

"ဘာလဲ"

"မရှင်းတာက ခင်ဗျား"

"အာ...တော်တော်"

သူမေးမည့်မေးခွန်းကို လင်းဝင်း ရိပ်မိသည်။ 'ခင်ဗျားက ချိုချိုလား၊ ခါးခါးလား'ဟု မေးမည်ဖြစ်သည်။ ကိုယ်ကပဲ ဆက်ပြောလိုက်သည်။

"ကျွန်တော်ထွင်ထားတဲ့ စကားပုံလေး ရှိတယ်။ ငါးကို မရလည်း ငါးမျှားတံကိုတော့ ပြန်ရပါစေတဲ့။ ကျွန်တော် ငါးမျှားတံလေးနဲ့ ပြန်ပါရစေဗျာ"

ချိုချိုနှင့်ခါးခါးက သူတို့ကို မသင်္ကာသလို ကြည့်သည်။ ထိုအချိန်မှာပဲ ဖုန်းမြည်လာသဖြင့် အနီးဆုံးဖြစ်သူ လင်းဝင်းက ထကိုင်သည်။

"ဟဲလို..."

"လင်းဝင်းလား...။ ငါပါ...မိုးဦး"

www.burmeseclassic.com



ကြောင်နှစ်ကောင်စာအုပ်တိုက်

BURMESE CLASSIC .com

''ဟာ...အေး...။ မိုးဦး ပြော''

''မေးမလို့...။ နင်က ချိုချိုလား၊ ခါးခါးလား''

''ဟာ...လုပ်ပြန်ပြီဟာ''

မိုးဦးက ဖုန်းထဲမှ တလွင်လွင်ရယ်လေသည်။

●

(၂၂)

''ခါးခါး''

''ဘာလဲ''

''ထူးသံကလည်း နားဝင်ပီယံ မရှိလိုက်တာဟာ''

''နင့်ကိုဖျော်ဖြေဖို့ မွေးလာတာမှ မဟုတ်တာ''

''လက်ဖက်ရည်ဆိုင် သွားထိုင်ရအောင်''

''ချိုချိုရော...''

''ဘောလုံးကွင်း သွားတယ်။ သူ စောစောပြန်ရောက်ရင် လက်ဖက်ရည်ဆိုင်လိုက်ခဲ့ဖို့ မှာလိုက်တယ်''

''ဒါဖြင့်လည်း သွားလေ...''

နှစ်ဦးသား ထွက်လာပြီး လမ်းကျမှ ခါးခါးက မေးသည်။

''ဘယ်ဆိုင်ကို သွားမှာလဲ''

''ဒီအနီးအနားကပဲ လူရှင်းတဲ့ ဆိုင်ကိုပေါ့ဟာ''

''ဒီနေ့ နင့်မျက်နှာ တစ်မျိုးဖြစ်နေသလိုပဲ''

''ထင်လို့ နေမှာပါ''

''ထင်တာမဟုတ်ဘူး၊ မြင်တာ''

www.burmeseclassic.com

ကြောင်နှစ်ကောင်စာအုပ်တိုက်

ကြောင်နှစ်ကောင်စာအုပ်တိုက်

BURMESE CLASSIC .com

"ဆိုင်ကျမှ အေးအေးဆေးဆေး ပြောကြတာပေါ့ဟာ"

လူရှင်းသောလက်ဖက်ရည်ဆိုင်မှာ ဝင်ထိုင်ကြသည်။ လူသာရှင်းသည် စားပွဲထိုးက (ထုံးစံအတိုင်း)တော်တော်နှင့်ခေါ်မရ။ အလုပ်များချင်ယောင်ဆောင်ပြီး ခပ်လှမ်းလှမ်းမှပဲ (မသိကျိုးကျွံနှင့်) မထေမဲ့မြင်ကြည့်နေသည်။ အဝေးမှပဲ လှမ်းမှာရင်း လင်းဝင်းက ဟက်ခနဲရယ်သည်။

"အဝေးသင်တက္ကသိုလ် ပို့ချနေရသလိုပဲ"

သူ့စကားကြောင့် ခါးခါးမှာ ရယ်ရသေးတော့သည်။

"ငါ့ကို TV ဖန်သားထဲက စကားလှမ်းပြောနေတယ် ထင်ပုံရတယ်"

"လင်းဝင်းရယ်...။ နင်က ပေါက်ကရအလွန်ပြောတာပဲ"

"တစ်ခြားပေါက်ကရ ပြောရဦးမလား"

"ဘာလဲ"

"နင် ငါ့ကို ခြေစုံကန်သွားတာလေ...။ ငါ့ရင်ဘတ်မှာ နင့်ခြေရာနဲ့"

သူ ဝတ်စားသည်က ဟန်တန်းတီရှပ်။

ရယ်စရာဖြစ်သော်လည်း သည်တစ်ခါတော့ ခါးခါး မရယ်နိုင်။

"လင်းဝင်းရယ်...။ နင် ငါ့ကို အဲဒီလိုစကားတွေ သိပ်မပြောပါနဲ့"

လင်းဝင်းက ခြောက်ကပ်ကပ်ရယ်သည်။

"အေးပါ...။ နင် နောက်ကို ကြားရဖို့ သိပ်မလွယ်တော့ပါဘူး"

"ဘာဖြစ်လို့လဲ"

"နင်က ဒီမှာ အေးအေးဆေးဆေးနေဦးမှာ မဟုတ်လား။ ငါက မနက်ဖြန် ရန်ကုန်ပြန်တော့မယ်"

"မြန်လှချည်လား"

"ငါက ရန်ကုန်မှာ ဆိုင်ပိတ်ထားရတယ်လေ။ ပြန်ဖို့ကောင်းပြီ"

"ချိုချိုတို့ သိပြီးပြီလား"

"ခဏကြာရင် သိတော့မှာပါ။ ရန်ကုန်မှာပြန်ဆုံကြရင် နင့်ကိုငါ စာအုပ်တစ်အုပ် ပေးဖတ်စရာရှိသေးတယ်။ နင်သိချင်တဲ့ ထူးထူးဆန်းဆန်း





အကြောင်းအရာတွေပေါ့"

ခါးခါး စိတ်ဝင်စားသွားသည်။

"အေး...။ အဲဒီလို လုပ်စမ်းပါ"

"လူမဲကြီးတွေအကြောင်း နင်ကြားဖူးလား"

"ဟ...။ ငါတို့ငယ်ငယ်တုန်းက ပေါ်ဖူးတယ်ဆိုတဲ့ မဟုတ်က ဟုတ်က အကြောင်းအရာတွေ မဟုတ်လား"

"အဲဒါကို ပြောတာမဟုတ်ဘူး။ U.F.O ဆိုတဲ့ ပန်းကန်ပြားပျံနဲ့ ပတ်သက်တယ်။ U.F.O သုတေသနပြုတဲ့ နာမည်ကြီးပုဂ္ဂိုလ်တွေကို လိုက်ပြီး ခြိမ်းခြောက်တားမြစ်နေတာတဲ့။ ထောင်ထောင်မောင်းမောင်းနဲ့ အနက်ရောင်ဝတ်စုံဆင်တူတွေ ဝတ်ထားတယ်။ သိပ္ပံလွန်အစွမ်းတွေလည်း ရှိတယ်တဲ့...။ အရမ်းကြောက်စရာကောင်းတယ် ဆိုပဲ"

ခါးခါးက မယုံရဲရဲ...။

"ဟုတ်ရဲ့လားဟယ်..."

"ဟုတ်ပါတယ်...။ U.F.O လိုပဲ အခုဆိုရင် စာလုံးအသစ်ပေါ်လာပြီ။ M.I.B တဲ့။ Man in Black လို့ပြောတာ။ လူမဲကြီးတွေ၊ လူနက်ကြီးတွေပေါ့"

"အေး...ရန်ကုန်ရောက်မှ ဖတ်ကြည့်ရဦးမယ်"

"အေး...မဖတ်ရမှာ မပူပါနဲ့။ ရန်ကုန်ရောက်ရင် နင်နဲ့ငါ့ကြား လူမဲကြီးတစ်ယောက် ခြားနေတော့မှာ"

ခါးခါးက သူ့စကားကို နားမလည်။

"နင် ဘာတွေပြောနေတာလဲ"

"ဒေါက်တာမိုးသစ်ဆိုတဲ့ လူမဲကြီးပေါ့"

"ဟင်..."

ခါးခါး ကြက်သေ သေသွားသည်။ လင်းဝင်းက ဆက်ပြောလိုက်သည်။

"နင်နဲ့ စေ့စပ်ထားတဲ့ ဒေါက်တာမိုးသစ်လေ။ နင်နဲ့ လက်ထပ်ဖို့ နိုင်ငံခြားက ပြန်လာတော့မယ်တဲ့။ တစ်ပတ်အတွင်း ရောက်မယ်တဲ့။

www.burmeseclassic.com

BURMESE CLASSIC .com

နင်နဲ့ လက်ထပ်ပြီးမှ နိုင်ငံခြားကို ပြန်မှာတဲ့''

''အဲ...အဲဒါတွေ နင် နင့်ကို ဘယ်သူပြောလဲ''

''ညက နင်တို့အိမ်ပျော်သွားပြီး ညဥ့်တော်တော်နက်မှ ရန်ကုန် နင်တို့အိမ်က ဖုန်းလာတယ်လေ။ ဦးလေးက ဖုန်းထကိုင်တယ်။ ပြီး ကြီးကြီးကို ဒီအကြောင်းတွေ ပြန်ပြောပြတယ်။ ငါက အကုန်ကြားနေ တယ်။ ထမင်းစားပွဲကျရင် နင့်ကို ပြန်ပြောပြပါလိမ့်မယ်''

''အိုး...''

စကားသံအတိုင်းပင် ခါးခါး၏မျက်နှာကလေး အိုသွားသည်။ လင်းဝင်းကလည်း အလိုက်တသိပင် မည်သည့်စကားကိုမှ ဆက်မဆိုဘဲ ဆိုင်နံရံမှ ပိုစတာတွေကို အဓိပ္ပါယ်မဲ့ လျှောက်ငေးကြည့်နေလိုက်သည်။ သူတို့နှစ်ဦးအကြားမှာ လျှို့ဝှက်နက်ရှိုင်းသော တိတ်ဆိတ်မှုတစ်ခုက နေရာယူထားသည်။

''သူတို့...သူတို့ကလည်း မြန်...မြန်လိုက်ကြတာ''

''ဩော်...ဒါကတော့ ခါးခါးရယ်''

ဒဿနဆန်သောစကားကို ပြောဖြစ်သည်။

''နှေးသည်ဖြစ်စေ၊ မြန်သည်ဖြစ်စေ ရောက်တဲ့အချိန်ကတော့ ရောက်လာမှာပါပဲ''

ထို့နောက် ဘာမှမဟုတ်သလို လင်းဝင်း ရယ်လိုက်ပြန်သည်။ အိတ်ထဲမှစာရွက်တစ်ရွက်ကို ထုတ်ယူကာ ခါးခါးကို ကမ်းပေးလိုက်သည်။ ခါးခါးက ဖွင့်ဖတ်သည်။

ဇင့်ယွှ ဖျော်ဦးသာ။

ချုးချုး

ခါးခါးက နားမလည်ချေ။

''ဒါ...ဘာလဲ''

''စာရေးထားတာ''



''ဘာစာလဲ''

''မြန်မာစာပါပဲ။ မှန်ထဲမှာ ဖတ်ကြည့်မှ အတည့်အတိုင်းမြင်မယ်။ ပြောင်းပြန်ရေးထားတာ''

''ဘာရေးထားတာလဲ''

''ခါးခါး နင့်ကို ငါ မုန်းတယ်တဲ့''

အဓိပ္ပါယ်ပြည့်ဝန်းသောမျက်လုံးအစုံဖြင့် ခါးခါးက သူ့ကိုကြည့် သည်။

''နင်...နင်က ငါ့ကို တကယ်မုန်းသွားပြီလား''

''ဘယ်သူပြောလို့လဲ''

''ဒါဖြင့် ဘာဖြစ်လို့ ရေးရတာလဲ''

''ပြောင်းပြန်ရေးထားတဲ့စာကို အတည့်ပြန်ကောက်ရမယ်လေ''

''ဒါ...ဒါဆို''

''ထားလိုက်ပါတော့ ခါးခါးရယ်...။ ညက ဦးလေးနဲ့ကြီးကြီးတို့ နင့်အကြောင်းပြောနေတဲ့အချိန်က ဒီစာကို နင့်ဆီပေးမယ်ဆိုပြီး ငါ ရေးပြီးကာစအချိန်ပေါ့''

''လင်းဝင်းရယ်...''

ငြိမ်သက်သွားကြပြန်သည်။ နံနက်ခင်း၏ လေညှင်းချိုချိုသည် မစိုပြေလှပါ။ နေရောင်ကပင်လျှင် အပူတောက်တောက်တွေဖြင့် မှောင် နေသလို ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက် နေဝန်း တစ်ပွင့် ပျောက်နေသည်။

အတန်ကြာမှ လင်းဝင်းက တိတ်ဆိတ်မှုကို ဖြိုဖျောက်သလို...

''တစ်ခြားပြောစရာတစ်ခုလည်း ရှိသေးတယ်''

ခါးခါးက တိုးတိုးကလေးပြန်ပြောသည်။

''ပြောပါ''

''ငါနဲ့ ချိုချိုကိုလည်း စေ့စပ်ပေးကြမလို့တဲ့''

''ဟင်...''

''ညတုန်းကပဲ နင့်ကိစ္စနဲ့ တစ်ဆက်တည်းသိတာ။ လူကြီးချင်းက

www.burmeseclassic.com

BURMESE CLASSIC .com



စကားပြောပြီးနေပြီ''

''ချိုချိုရော သိလား''

''သိတယ် ထင်တာပဲ''

ငြိမ်သက်သွားကြပြန်သည်။ အတန်ကြာမှ လင်းဝင်းက ကဗျာဆန်ဆန်စကားကို ဆိုသည်။

**''တို့နှစ်ယောက်ဟာ...**

**ချစ်သူ မဖြစ်လိုက်ကြရတဲ့**

**ချစ်သူတွေပါပဲ...။**

**လေတစ်ချက်အဝင့်မှာ**

**ပွင့်ချိန် ကုန်သွားတာပါ''**

အချိန်က ကုန်ခဲလွန်းသလို၊ အကုန်မြန်လွန်းသလို ပဟေဠိဆန်နေသည်။ တစ်ချက်ကောင်းသွားသည်က ချိုချို အော်ဟစ်ဝင်ရောက်လာခြင်းဖြစ်သည်။

''နင်တို့ကလည်းဟာ...ငါ့မှာ ရှာလိုက်ရတာ။ လက်ဖက်ရည်ဆိုင်လို့သာပြောတယ် ဘယ်ဆိုင်မှန်းလည်း ပြောမသွားဘူး''

နှစ်ယောက်သား အမူအရာကို ပြင်ကာ ဘာမှမဟုတ်သလို ရယ်မောလိုက်ကြသည်။

''မဆိုးပါဘူး။ ငါတို့ရဲ့ ကန်ချက်ကို နင် ဖမ်းနိုင်သားပဲ''

''ဟာ...။ ဒီနေ့ ကွင်းထဲမှာ ရေရေလည်လည်စိတ်ညစ်ရတယ်''

''ဘာဖြစ်လို့လဲ''

''ဆရာက လေလျော့နေတဲ့ဘောလုံးနဲ့ ငါတို့ကို ကန်ခိုင်း၊ ဖမ်းခိုင်းလို့''

''အဲဒီဆရာကို ငှက်ပျောသီး ကျွေးပစ်လိုက်ဟာ''

ရယ်ဖြစ်ကြသည်။ ရယ်သံအမျိုးအစားက နှစ်ခြမ်းကွဲနေမှာ သေချာပါသည်။

လင်းဝင်းက...

''လေလျော့တဲ့ဘောလုံးထက်စာရင် မာန်ဖီနေတဲ့ ဖားပြုတ်ကို ကန်ရတာကမှ ကောင်းဦးမယ်''

''ဘာဖြစ်လို့လဲ''

''မာန်ဖီနေတဲ့ ဖားပြုတ်က လုံးလုံးဖောင်းဖောင်းတင်းတင်းကြီးလေ''

''အိုး...အဲဒါကြီးကို မကန်ရဲပါဘူး''

ထိုသို့ပြောပြီးမှ ချိုချိုက စကားကို ပြန်ပြင်သည်။

''နင်သာ အဲဒီလို မာန်ဖီနေတဲ့ ဖားပြုတ်ကြီးဆိုရင်တော့ ငါက ကန်မှာပေါ့''

''မဖြစ်ပါဘူးဟာ...။ ငါဟာ နင့်အတွက် အမြဲတမ်းလေတင်းနေတဲ့ ဘောလုံးဖြစ်မှာပါ''

''အဲဒါက ဘာအဓိပ္ပါယ်လဲ''

''နင်သိမှာပါ''

ချိုချို အတွေးစကို ဖမ်းမိပြီး ရှက်သွားသည်။ စိတ်ထဲမှာလည်း ပြောမိသည်။

''လင်းဝင်းရယ်...။ နင်သာ ဘောလုံးတစ်လုံးဆိုရင်လည်း ငါက မကန်ပါဘူး။ ငါက ဂိုးသမားလေ...။ နင့်ကို ရင်ခွင်ထဲမှာ ပွေ့ထားမှာပါ။ သူများက ကန်ထုတ်လိုက်ရင်တောင် ငါက ပွေ့ဖမ်းထားမှာပါ''

ကောင်းကင်မှာ ငှက်ကလေးသုံးကောင် ပျံလာတာကို တွေ့ရ၏။ လမ်းမှာ တစ်ကောင်က ခွဲထွက်သွားသည်။ ငှက်ကလေးနှစ်ကောင်ပဲ ကျန်ရစ်ခဲ့၏။ ပြာလဲ့လဲ့မိုးတိမ်တွေဆီ ဦးတည်နေသော...

နောက်တစ်ကောင်ကတော့...။

●

www.burmeseclassic.com

BURMESE CLASSIC .com

(၂၃)

အင်းယားကန်စပ်မှာ လေငြိမ်နေသည်။
လူငယ်တစ်ယောက် မတ်တပ်ရပ်နေ၏။
ငေးငေးရီရီဖြင့် အဝေးဆီသို့ ကြည့်နေသည်။
ကျောက်ရုပ်တစ်ရုပ်အလား အတန်ကြာသွားသည်။
အိတ်ထဲသို့ လက်နှိုက်၏။
လက်ထဲမှာပါလာသည်က ကျပ်တန်လေး နှစ်ရွက်။
သူတစ်ရွက်၊ ကိုယ်တစ်ရွက်ဟု...
တစ်ခါတုန်းက အိပ်မက် မက်ဖူးသည်။
ယခုတော့...
'ကိုးမရှိမှတော့
ဒီနဝင်းက ဘာလုပ်ရမှာလဲ'
လေထဲသို့ လွှင့်ပစ်လိုက်သည်။
လေစီးထဲမှာ...
ကျပ်တန်လေးနှစ်ရွက်က လွင့်ကာ မျောကာ...။

တာရာမင်းဝေ
၂၀-၆-၂၀၀၃

www.burmeseclassic.com